# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday 24 April 2018 ၉၂၆၆


မဲခေါင်စာပေဆု ရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၃

ပရီမီယာလိဂ်တွင် အောင်မြင်သည့် ကစားသမား ဖြစ်ချင်ခဲ့သည့် ဆန္ဒပြည့်ဝခဲ့ပြီဟု ပရီမီယာလိဂ်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရ ဆာလတ်ပြောကြား

စာမျက်နှာ - ၁၃

ခြေလျင်လမ်းတစ်သောင်း လမ်းလျှောက်ပွဲ မန္တလေးကျုံးပတ်လမ်းတွင် ကျင်းပမည်



စာမျက်နှာ - ၁၆

မုံရွာမြို့ နန္ဒဝန်တန်ဖိုးမျှတအိမ်ရာတွင် ရှစ်ခန်းတွဲ ငါးထပ် ၂၂ လုံး တည်ဆောက်လျက်ရှိရာ အခန်း ၇၆၀ ပါရှိသည့် အိမ်ရာ ၁၉ လုံး တည်ဆောက်ပြီးစီး

စာမျက်နှာ - ၂၀



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Kim Hyun-chong အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# စက်မှုဇုန်တည်ထောင်ရေးနှင့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုရီးယားကိုယ်စားလှယ်အဖွဲ့တို့ အမြင်ချင်းဖလှယ်

**နေပြည်တော် ဧပြီ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Kim Hyun-chong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆက်ဆံရေးတိုးမြှင့်**

ထိုသို့တွေ့ဆုံစဉ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားရေး၊ နည်းပညာ၊ အသိပညာ မျှဝေရေးနှင့် စက်မှုဇုန်တည်ထောင်ရေး အလားအလာများ စသည့် ရှိရင်းစွဲနှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကြေးမုံ

# အပူချိန်မြင့်တက်မှုကို ပြည်သူများသတိမူ

လက်ရှိကာလမှာ နွေရာသီကာလဖြစ်သော်လည်း ရာသီဥတုပုံမှန်မဟုတ်သည်ကိုတွေ့ရသည်။ အချို့ဒေသများတွင် မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်ပြီး ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အပူချိန်လျော့နည်းနေသည်ကိုတွေ့ရသည်။ ကျန်ဒေသများအထူးသဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ဒေသအတော်များများတွင်မူ အပူချိန်မြင့်မားနေသည်ကိုတွေ့ရသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယခုနှစ် ဖေဖော်ဝါရီလက ကြေညာချက်တွင် ၂၀၁၈ ခုနှစ် နွေရာသီကာလတွင်ဖြစ်ပေါ်လာနိုင်သည့် လာနီညာရာသီဥတုအခြေအနေကို သတင်းထုတ်ပြန်ထားရာ၌ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် လာနီညာဖြစ်ပေါ်မှု ရာခိုင်နှုန်းမြင့်မားနေပြီး ဧပြီလကုန် မေလမှစ၍ လာနီညာဖြစ်ပေါ်နှုန်းကျဆင်းသွားမည်ဟု ဆိုသည်။ အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် မျက်မှောက်ကာလ၌ ရာသီဥတုကမောက်ကမဖြစ်စဉ်များ ဖြစ်ပေါ်နေသည့်သဘောရှိသည်။

ယခုနှစ်နွေရာသီကာလ၏ အပူချိန်မှာ ယခင်နှစ်များကလောက် အပူချိန်ဒီဂရီမများသော်လည်း လက်ရှိတွင် အပူရှိန်ကို ပြင်းပြင်းထန်ထန်ခံစားနေရသည်ဟု ထင်ရသည်။ ဧပြီလ ဒုတိယပတ်မှစတင်၍ နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး ခုနစ်ခုတွင် နေ့အပူချိန်များ တစ်စတစ်စတိုးလာသောကြောင့် အပူဒဏ်ကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးပြဿနာများကို ကြုံတွေ့လာရသည်။

ရာသီဥတုပူပြင်းမှုဒဏ်ကို အသက်လေးနှစ်အောက် ကလေးငယ်များ၊ အသက် ၆၀ နှစ်အထက် သက်ကြီးရွယ်အိုများနှင့် နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါအခံရှိသူများ အထူးသတိထားကြရမည်ဖြစ်သည်။ အပူဒဏ်ကြောင့် မေ့လဲခြင်း၊ ခြေလက်ရောင်ရမ်းခြင်း၊ ကြွက်တက်ခြင်း၊ အားအင်ကုန်ခမ်းချည့်နဲ့ခြင်းနှင့် ချွေးမထွက်ဘဲ သတိလစ်မေ့မြောခြင်း စသည့်အရေးပေါ်လက္ခဏာများ ဖြစ်ပေါ်တတ်သည်ကို သတိမူရမည်ဖြစ်သည်။

အထူးသဖြင့် အပူလျှပ်၍သတိလစ်ခြင်းကို သတိထားရမည်ဖြစ်ပြီး ရုတ်တရက် အသက်သေဆုံးနိုင်သည်အထိ ဖြစ်ပေါ်တတ်သည်။ အပူလျှပ်၍ သတိလစ်ခြင်းသည် ခန္ဓာကိုယ်တွင်း အပူချိန်ညှိမှုစနစ် ပျက်စီးသွားခြင်းကြောင့်ဖြစ်ပြီး အပူရှိန်မြင့်တက်မှုကြောင့် လူ့ခန္ဓာကိုယ်၏ အပူချိန်သည် ၁၀၅ ဒီဂရီဖာရင်ဟိုက် (၄၀ ဒသမ ၅ ဆဲလ်စီးယပ်စ်) အထိရောက်ရှိလာကာ ဦးနှောက်နှင့်အခြားအင်္ဂါ အစိတ်အပိုင်းများ ထိခိုက်ပျက်စီးစေကြောင်း သိရသည်။

ပုံမှန်အားဖြင့် နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုများလာသည်။ အပူဒဏ်ကြောင့် ဖောယောင်ခြင်း၊ မိတ်နှင့်ယားနာများထွက်ခြင်းနှင့် ကြွက်တက်သည့် ရောဂါဝေဒနာများ ခံစားရရှိနိုင်သည်။ အပူဒဏ်ကြောင့် ရောဂါဆိုးရွားလာပါက ပင်ပန်းနွမ်းနယ်ခြင်းနှင့်မူးမေ့ခြင်းတို့ကို ခံစားရနိုင်ကာ ပိုမိုပြင်းထန်ဆိုးရွားလာပါက သတိလစ်ခြင်းအထိ ဖြစ်ပွားနိုင်သည်။

ပူပြင်းသောအချိန်ကာလတွင် အပူဒဏ်ကိုမခံနိုင်သောသူများ သွားလာလှုပ်ရှားလုပ်ကိုင်ရင်း အရေပြားပူ၍ ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးအလွန်အကျွံထွက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်း၊ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပေါ်လာပါက ရောဂါပိုမိုပြင်းထန်ဆိုးရွားစွာဖြစ်ပေါ်သည့်လက္ခဏာ Heat Stroke ဟု မှတ်ယူရမည်ဖြစ်ပြီး အသက်အန္တရာယ် ရုတ်တရက်ဖြစ်ပေါ်နိုင်သည်ကို သတိထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ နွေရာသီကာလ ယခုကဲ့သို့ အပူချိန်မြင့်မားနေသောအချိန်တွင် မိဘပြည်သူများ အထူးသဖြင့် အပူဒဏ်မခံနိုင်သောအရွယ်များအနေဖြင့် မိမိတို့ကျန်းမာရေးနှင့် အသက်အန္တရာယ်ထိခိုက်မှု မဖြစ်စေရေးအတွက် သွားသတိ၊ လာသတိ၊ စားသတိ စသည့်သတိတရားလက်ကိုင်ထားကြပါရန် လေးစားစွာဖြင့် အကြံပြုအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဆီစက်လုပ်ငန်းရှင်များ၊ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယမန်နေ့ နံနက် ၈ နာရီက မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး အတွင်းရှိ ဆီစက်လုပ်ငန်းရှင်များ၊ မကွေးမြို့နယ်နှင့် အောင်လံမြို့နယ်တို့မှ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများနှင့် မကွေးမြို့၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ဆီလုပ်ငန်းရှင်များနှင့် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူတို့ Contract Farming ဖော်ဆောင်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးရာတွင် ဆီထွက်သီးနှံများ စိုက်ပျိုးမှုအတွက် မျိုးကောင်းမျိုးသန့် ရရှိရေး၊ နည်းပညာနှင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ပိုမိုအသုံးချရေး၊ ဧက အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်၍ ထုတ်လုပ်မှုကုန်ကျစရိတ်များ သက်သာစေရေးနှင့် စားသုံးသူတို့ အန္တရာယ်ကင်းရှင်းသော အရည်အသွေးမြင့် ထုတ်ကုန်များ တိုးတက် ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ ချေးငွေပံ့ပိုးမည့် အစီအစဉ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များ ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော တောင်သူလယ်သမားများက ကြုံတွေ့နေရသော အရည်အသွေး မပြည့်မီသည့် သွင်းအားစု အခြေအနေများ၊ လုပ်သားအင်အား မပြည့်စုံသည့် အခက်အခဲများ၊ မိုးရိုးဖလာ စိုက်ပျိုးမှုစနစ်၏ အတွေ့အကြုံများနှင့် ထုတ်ကုန်စွမ်းအားမြင့် ခေတ်မီနည်းစနစ်တို့ ပေါင်းစပ်လုပ်ကိုင်နိုင်မည့် အခြေအနေတို့ကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့ပေါ်ရှိ အမေထွားဆီစက်နှင့် စိုးဆီစက်တို့သို့ သွားရောက်ခဲ့ပြီး အရည်အသွေးမြင့် စားသုံးဆီများ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှု၍ ပြည်တွင်း ဈေးကွက် ပိုမိုကျယ်ပြန့်စွာ ဖြန့်ဖြူးနိုင်ခြင်းနှင့် ပြည်ပအထိ တိုးချဲ့တင်ပို့နိုင်ရေး မျှော်မှန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် ဂွတ်ဘရားသားစ် ကုမ္ပဏီလီမိတက်၏ နွားသားစပ် မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းသို့ သွားရောက်ခဲ့ပြီး အသားစားနှင့် နို့စားနွားများ မွေးမြူထားရှိမှု အခြေအနေနှင့် တောင်သူများသို့ မွေးဖက်စနစ်ဖြင့် အကျိုးတူမွေးမြူရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုခဲ့ကာ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်နယ်ဦးစီးမှူးများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးသတင်းအချက်အလက် ကွန်ပျူတာဆော့ဝဲလ်သင်တန်း ပို့ချ



**ထားဝယ် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ခရိုင်အခြေပြု ကျန်းမာရေးသတင်းအချက်အလက် ကွန်ပျူတာ ဆော့ဝဲလ်သင်တန်း ပို့ချမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် တိုင်းဒေသကြီးကုသရေးဦးစီးမှူး ဒေါက်တာ ဇော်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၊ ကျန်းမာရေးဦးစီးဌာန(နေပြည်တော်) ကျန်းမာရေးနှင့် သတင်းဌာနခွဲကျွမ်းကျင်အရာရှိ ဒေါက်တာ ဥမ္မာကြည်က ကျန်းမာရေးသတင်းအချက်အလက် (ကွန်ပျူတာဆော့ဝဲလ်) ဆိုင်ရာများနှင့် သင်ခန်းစာများ ပို့ချလျက်ရှိသည်။ သင်တန်းကို ကျန်းမာရေးဦးစီးဌာန (နေပြည်တော်) ကျန်းမာရေးနှင့် သတင်းဌာနခွဲ ကျွမ်းကျင်အရာရှိများက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ သူနာပြု၊ စာရင်းကိုင်၊ ဆေးစပ်အဖွဲ့ ၅၀ အား မေ ၂၇ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၃**

ရန်ကုန်(ရွှေဈေး) ၉၄၂၀၀၀ - ၉၄၂၀၀၀ မန္တလေး(ရွှေဈေး) ၉၄၂၀၀၀ - ၉၄၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၄၅ ကျပ်၊ | ၈၉၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၀၅ ကျပ်၊ | ၈၅၅/၈၆၀ ကျပ် |
| (ဃ)အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၅/၈၄၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၈/၇၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၃၁.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၉၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၃၇၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀.၇၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၀၅၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၃.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃.၉၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၈.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၈.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၁၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ
ကောက်နုတ်ချက်)

# လိုင်ဗားဆည်နှင့် ဖလမ်းလေယာဉ်ကွင်းတည်ဆောက်မှုအခြေအနေ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ကြည့်ရှု

**ဖလမ်း မေ ၂၃**

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းသည် ချင်းပြည်နယ် စာရင်းစစ်ချုပ် ဦးလာလ်တင်မန်းနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လိုင်ဗားဆည်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်ဇော်က ဆည်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်အဖွဲ့တို့က ဆည်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့်အဖွဲ့သည် ဖလမ်း (ဆူရ်ဘုန်) လေယာဉ်ကွင်းရှင်းလင်းဆောင်သို့ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ အင်ဂျင်နီယာမှူး ဦးမိုးကျော်ဦးက လေယာဉ်ကွင်း



တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်အဖွဲ့က လေယာဉ်ကွင်းတည်ဆောက်မှု အခြေအနေများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

## တရားမအထူးအယူခံမှုခြောက်မှု စီရင်ချက်ချပြီး ခြောက်မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုခြောက်မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှုခြောက်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မဲခေါင်စာပေဆု ရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံစာရေးဆရာအသင်း မဲခေါင်စာပေဆုရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်စာအုပ်များ ဖိတ်ခေါ်ခဲ့ရာ စိစစ်ရွေးချယ်ရေးအဖွဲ့က ဝတ္ထုတိုပေါင်းချုပ်ဆုကို May Zun Aye ရေးသားသည့် "The Moon Light To Be Wooed" (Selected Short Stories) က လည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုကို Tint Tun (Chauk)ရေးသားသည့် "Bagan trip is rich in Flowers" ကလည်းကောင်း ဆုရရှိကြကြောင်း ထုတ်ပြန်ကြေညာထားသည်။

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ် (ယူနန်ပြည်နယ်) နိုင်ငံတို့ ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွက် ချီးမြှင့်မည့် (၉)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို ဇွန်လ ပထမပတ်တွင် ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ သတင်းရရှိသည်။

**သတင်းစဉ်**

# အစိုးရဌာန အဖွဲ့အစည်းများအတွက် သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းဖွင့်

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးတွင် မီဒီယာတာဝန် ထမ်းဆောင်နေသူ ဝန်ထမ်းများအား သတင်းရေးသား ထုတ်ပြန်ခြင်းနှင့် သတင်းရိုက်ကူး၊ တည်းဖြတ်၊ ထုတ်လုပ်ခြင်းများ စနစ်တကျဆောင်ရွက်နိုင်စေရန် ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ဖွင့်လှစ်သော သတင်းရေးသား ထုတ်ပြန်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူများက အစိုးရကို ရွေးကောက်တင်မြှောက်ပြီး နိုင်ငံအသုံးစရိတ်အတွက် အခွန်အခများ ထည့်ဝင်ရသဖြင့် ပြည်သူ့ရန်ပုံငွေဖြင့်



ရပ်တည်လည်ပတ်နေသည့် ဌာနအဖွဲ့အစည်းများအနေဖြင့် ယင်းတို့လုပ်ကိုင်ဆောင်ရွက်နေသည်များကို ပြည်သူများသို့ စနစ်တကျ ပွင့်လင်းမြင်သာစွာ ပြန်ကြားအသိပေးရန် တာဝန်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် ဌာနအဖွဲ့အစည်းများတွင် မသမာမှုများ၊ လာဘ်ပေးလာဘ်ယူမှုများကို ကျဆင်းစေပြီး သန့်ရှင်းကောင်းမွန်သောအစိုးရ ပေါ်ထွန်းရေးကို အထောက်အကူပြုကာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ပြည်သူများကြားတွင် သံသယစိတ်နည်းပါးကာ ယုံကြည်မှုမြင့်မားလာစေမှာဖြစ်ကြောင်း၊ ဤသို့ သတင်းထုတ်ပြန်ခြင်းကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် သတင်းထုတ်ပြန်ရန် တာဝန်ရှိသည့် ဌာနနှင့် အဖွဲ့အစည်းတိုင်းတွင် သတင်းထုတ်ပြန်ရေးအဖွဲ့များကို ဖွဲ့စည်းထားရန် လိုအပ်ကြောင်း၊ ယနေ့သင်တန်းတွင် တက်ရောက်သည့် သင်တန်းသားများသည် မိမိတို့၏ ဌာနအဖွဲ့အစည်းများတွင် သတင်းထုတ်ပြန်ရေးတာဝန်ကို ထမ်းဆောင်ရမည့်သူများဖြစ်သဖြင့် သတင်းထုတ်ပြန်ရေးနည်းပညာများကို စနစ်တကျနားလည်တတ်မြောက်ထားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုသင်တန်းကို တန်ဖိုးထားပြီး အားထုတ်ကြိုးစား တက်ရောက်ကြစေလိုကြောင်း၊ သတင်းရေးသားထုတ်ပြန်သည့် နည်းပညာများမှာ အမြဲတမ်း တိုးတက်ပြောင်းလဲနေသဖြင့် မျက်ခြည်မပြတ် လေ့လာဆည်းပူးနေရန်လည်း လိုအပ်ကြောင်း တိုက်တွန်းမှာကြားသွားသည်။

အဆိုပါသင်တန်းတွင် သတင်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်း၊ သတင်းမီဒီယာဥပဒေ၊ သတင်းသမားတို့၏ကျင့်ဝတ်၊ အွန်လိုင်းအသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ Social Media များ အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန် စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းကို မေ ၂၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၅ ခုမှ မီဒီယာတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းပေါင်း ၃၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါဒဖြန့်သတင်းစကားများ ထုတ်လွှင့်သည့် အသံချဲ့စက်များကို တောင်ကိုရီးယား ပိတ်ပြီ



**ဆိုးလ် မေ ၂၃**
မြောက်ကိုရီးယား နယ်စပ်ဘက်သို့ ဦးတည်ကာ ဝါဒဖြန့် သတင်းစကားများနှင့် ပေါ့ပ်တေးဂီတတို့ကို ကျယ်ကျယ်လောင်လောင်ထုတ်လွှင့်နေသည့် အသံချဲ့စက်များကို ပိတ်ထားလိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ယနေ့တွင် ထုတ်ပြန်ကြေညာသည်။

မြောက်ကိုရီးယားနှင့် ထိစပ်နေသော နယ်စပ်ဒေသတစ်လျှောက် အသံချဲ့စက်များမှတစ်ဆင့် ဝါဒဖြန့်သတင်းစကားများနှင့် ပေါ့ပ်တေးဂီတတို့ကိုထုတ်လွှင့်ခြင်း ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ချွိုင်ဟိုဟွန်းက ပြောသည်။

### ထုတ်လွှင့်ခဲ့

နယ်စပ်ဒေသ၌ တပ်ဆင်ထားသော အလုံးရေ ဒါဇင်ပေါင်းများစွာရှိ အသံချဲ့စက်များမှတစ်ဆင့် ဝါဒဖြန့်အစီအစဉ်များကို ထုတ်လွှင့်ခဲ့သည်။ နယ်စပ်ဒေသကို စောင့်ကြပ်နေကြသော မြောက်ကိုရီးယားစစ်သည်များ တွေဝေမှုရှိစေမည့် သတင်းစကားများနှင့် အာရုံနောက်စေမည့် တေးဂီတသံများကို ထုတ်လွှင့်ရခြင်းမှာ ဝါဒဖြန့်ချိရေးလုပ်ငန်းအရ ဖြစ်သည်။

### အဆုံးသတ်

သို့ရာတွင် ဧပြီ ၂၇ ရက်တွင် ကျင်းပရန် စီစဉ်ထားသော ကိုရီးယားနှစ်နိုင်ငံ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ အကြိုကာလတွင် နှစ်နိုင်ငံတင်းမာမှုလျှော့ချရန် လည်းကောင်း၊ တည်ငြိမ်အေးချမ်းသော ထိပ်သီးဆွေးနွေးပွဲအဖြစ် ပုံရိပ်ဖော်နိုင်ရန် လည်းကောင်း လော်စပီကာများအသုံးပြု၍ ဝါဒဖြန့်သတင်းစကားများ ထုတ်လွှင့်နေမှုကို မိမိတို့ဘက်မှ အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ချွိုင်ဟိုဟွန်းက ပြောသည်။

တောင်ကိုရီးယားဘက်က အသံချဲ့စက်များ အသုံးပြုကာ ဝါဒဖြန့်ချိခဲ့သလို မြောက်ကိုရီးယားဘက်ကလည်း အလားတူ ဝါဒဖြန့်ချိမှု ပြုလုပ်ခဲ့သည်။

ကိုရီးယားကျွန်းဆွယ်၏ ဆယ်စုနှစ်တစ်စုတာကာလအတွင်း ပထမဆုံးအကြိမ် ထိပ်သီးဆွေးနွေးပွဲကို နှစ်နိုင်ငံနယ်စပ်ရှိ အပစ်အခတ်ရပ်စဲရေး ကျေးရွာဖြစ်သော ပန်မွန်ဂျုံ၌ ဧပြီ ၂၇ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်သည် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဇွန်လထက်နောက်မကျဘဲ တွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်ထားသည်။ မြောက်ကိုရီးယားနှင့် အမေရိကန်အကြား အာဏာလက်ရှိ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးခြင်းမှာ ပထမဆုံး အကြိမ်ဖြစ်လိမ့်မည်ဟု သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# နျူကလီးယား ဖျက်သိမ်းရေးအတွက် မြောက်ကိုရီးယားကို ဖိအားပေးမှု ဆက်လက်ပြုလုပ်ရန် ဂျီ-၇ သဘောတူ

**တိုရွန်တို မေ ၂၃**
စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု(ဂျီ-၇) နိုင်ငံခြားရေးဝန်ကြီးများသည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် နျူကလီးယား ဖျက်သိမ်းရေးကို ဦးတည်ပြီး မြောက်ကိုရီးယားအပေါ် အမြင့်ဆုံးဖိအားပေးမှု ဆက်လက်ပြုလုပ်ရန် သဘောတူညီခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရောခိုးနိုနှင့် ဂျီ-၇ နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် အစည်းအဝေး ပထမနေ့ကို ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ပြုလုပ်ခဲ့ကြသည်။

မြောက်ကိုရီးယား၊ ဆီးရီးယားနှင့်အခြားသော ကမ္ဘာ့ရေးရာများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ နျူကလီးယားနှင့် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုများကို ရပ်ဆိုင်းထားရန် မြောက်ကိုရီးယား၏ ဆုံးဖြတ်ချက်ကို ဝန်ကြီးများက ကြိုဆိုခဲ့ကြသည်။

သို့ရာတွင် မြောက်ကိုရီးယားက နျူကလီးယားဖျက်သိမ်းရေးနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောဆိုခြင်း မရှိမှုကို ၎င်းတို့က သတိပြုမိခဲ့ကြသည်။ ဇီဝနှင့် ဓာတုလက်နက်အပါအဝင် ပဲ့ထိန်းဒုံးကျည်များဖြင့် အကြီးအကျယ် ထိခိုက်ပျက်စီးနိုင်သော လက်နက်များအားလုံးကို မြောက်ကိုရီးယားက စွန့်လွှတ်လာစေရန်အတွက် ဆက်လက်ဖိအားပေးသွားရန် သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယား၏ အဓမ္မဖမ်းဆီးခြင်းခံရသူ ဂျပန်နိုင်ငံသားများအပါအဝင် အထိန်းသိမ်းခံ အမေရိကန်နိုင်ငံသားများပါ နေရပ်ပြန်လာနိုင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဝန်ကြီးများက အတည်ပြုခဲ့ကြသည်။ ဆီးရီးယား ပဋိပက္ခ၌ ပတ်သက်ဆက်နွှယ်နေသော ရုရှားသူလျှိုဟောင်းနှင့် ၎င်း၏သမီးတို့ ဗြိတိန်၌ အဆိပ်ခတ်ခံရသည့် ဖြစ်ရပ်အတွက် ရုရှားနိုင်ငံကို ၎င်းတို့က အပြစ်တင်ဝေဖန်ခဲ့ကြသည်။

မြောက်ကိုရီးယားကို ဖိအားပေးနိုင်ရန် ရုရှား၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း မစ္စတာခိုးနိုက ပြောကြားခဲ့ပြီး ဓာတုလက်နက် အသုံးပြုမှု ရပ်ဆိုင်းနိုင်ရေးအတွက် နိုင်ငံတကာစနစ်တစ်ခု လိုအပ်ကြောင်း ၎င်းက ပြောသည်။

ဝန်ကြီးများသည် အီရန်နျူကလီးယားအရေးကိစ္စနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နျူကလီးယားဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်မှ နုတ်ထွက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

အီရန်၏ နျူကလီးယား တီထွင်ထုတ်လုပ်ရေးကို တားဆီးရန်၊ ယင်းသဘောတူညီချက်ကို ဆက်ထိန်းထားရန် လိုအပ်ကြောင်း ဝန်ကြီးများက သဘောတူညီကြသည်။

**ကျိုဒို**

# တူရကီစစ်သည်များကို လွှဲပြောင်းပေးအပ်မှသာ ဂရိစစ်သည်နှစ်ဦးကိစ္စကို စဉ်းစားသုံးသပ်မည်ဟု တူရကီပြော

**အစ္စတန်ဘူလ် မေ ၂၃**
တူရကီနိုင်ငံ၌ ၂၀၁၆ ခုနှစ်က ဖြစ်ပွားခဲ့သော မအောင်မြင်သည့်အာဏာသိမ်းပွဲတွင် ပါဝင်ပတ်သက်မှုရှိသည်ဟု သင်္ကာမကင်းခံရသော မိမိတို့၏စစ်သည်များကို ဂရိအစိုးရက ပြန်လည်လွှဲပြောင်းပေးအပ်မည်ဆိုပါက မိမိတို့နိုင်ငံ၌ ထိန်းသိမ်းခံထားရသော ဂရိစစ်သည်နှစ်ဦးအား ပြန်လည်လွှတ်ပေးရေးကိစ္စကို စဉ်းစားသုံးသပ်သွားမည် ဖြစ်ကြောင်း တူရကီသမ္မတ ရေစစ်တေယစ် အာဒိုဂန်က ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် ဖော်ပြသည်။

### စွဲချက်တင်

မတ် ၂ ရက်က တူရကီနယ်စပ်ဒေသကို ဖြတ်ကျော်ဝင်ရောက်လာခဲ့သော ဂရိစစ်သည်နှစ်ဦးကို ရုံးတင်စစ်ဆေးခြင်းမပြုမီ ထိန်းသိမ်းထားသည်။ မိမိတို့သည် ဆီးနှင်းများကျဆင်းနေချိန်တွင် လမ်းပျောက်ခဲ့ရကာ တူရကီနိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်းသို့ ဝင်ရောက်မိခဲ့သည်ဟု ယင်းစစ်သည်နှစ်ဦးက ပြောဆိုသော်လည်း ၎င်းတို့ကို သူလျှိုပြုလုပ်မှုဖြင့် စွဲချက်တင်စစ်ဆေးမည်ဟု တူရကီအစိုးရက ပြောသည်။




စစ်အာဏာသိမ်းပွဲတွင် ပါဝင်ပတ်သက်မှုရှိသည်ဟု စွပ်စွဲခံထားရသော မိမိတို့၏စစ်သည်များကို ဦးစွာပထမ မိမိတို့ကို လွှဲပြောင်းပေးအပ်ပြီးမှသာလျှင် ဂရိစစ်သည်နှစ်ဦး၏ အရေးကို စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း သမ္မတ အာဒိုဂန်က အင်န်တီဗွီ ရုပ်မြင်သံကြားဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

### ငြင်းဆို

မွတ်စလင်တရားဟောဆရာ ဖေသူလာ ဂူလန်၏ လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်ခဲ့သော တူရကီစစ်သားများကို ဦးစွာလွှဲပြောင်းပေးရမည်ဟု သမ္မတအာဒိုဂန်က တောင်းဆိုသည်။ အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တွင် အခြေစိုက်နေထိုင်သည့် ဂူလန်သည် သမ္မတ အာဒိုဂန်အား ဖြုတ်ချရန် ဦးတည်သော အာဏာသိမ်းပွဲကို နောက်ကွယ်မှ ကြိုးကိုင်ခဲ့သူဖြစ်သည်ဟု သမ္မတ အာဒိုဂန်က စွပ်စွဲခဲ့သည်။ သို့ရာတွင် ဂူလန်က စွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။

မိမိတို့၏စစ်သည်နှစ်ဦးကို တူရကီနိုင်ငံက အကျပ်ကိုင်မှု ပြုလုပ်နိုင်ရန် ထိန်းသိမ်းထားကြောင်း၊ ဂရိနိုင်ငံသို့ ထွက်ပြေးခိုလှုံလာခဲ့ကြသော တူရကီစစ်သည်များသည် ၎င်းတို့၏နိုင်ငံတွင် တရားမျှတသော ရုံးတင်စစ်ဆေးမှု မရနိုင်ကြောင်း ဂရိဝန်ကြီးချုပ် အဲလက်စ်ဇစ် တီစီပရာက ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အာဖဂန်ရှိ မဲဆန္ဒရှင် မှတ်ပုံတင်ရုံးများကို ဗုံးဖောက်ခွဲတိုက်ခိုက်၊ ၆၃ ဦးသေဆုံး

**ကဘူး မေ ၂၃**
အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးနှင့် ဘဂ္ဂလန်ပြည်နယ်တို့ရှိ ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်များ မှတ်ပုံတင်ရေးရုံးများကို ပစ်မှတ်ထားကာ ဗုံးဖောက်ခွဲမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် လူ ၆၃ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အသေခံဗုံးဖောက်ခွဲတိုက်ခိုက်သူများက မြို့တော်ကဘူးရှိ မဲဆန္ဒရှင်မှတ်ပုံတင်ရေးရုံးကို ဧပြီ ၂၂ ရက်တွင် ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် လူ ၅၇ ဦး သေဆုံးရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဧပြီ ၂၂ ရက် နံနက်က ဘဂ္ဂလန်ပြည်နယ် ပူလ်အီတူမာရီမြို့ရှိ မဲဆန္ဒရှင် မှတ်ပုံတင်ရုံး အဆောက်အအုံ တံခါးဝအနီး ထောင်ထားခဲ့သည့် ဗုံးပေါက်ကွဲမှုကြောင့် မဲဆန္ဒပေးမည့်သူ ခြောက်ဦးပါဝင်သည့် မိသားစုတစ်စု သေဆုံးခဲ့သည်။

ကဘူးမြို့အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကို ၎င်းတို့ ပြုလုပ်ခဲ့ကြောင်း အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ပြောကြားသော်လည်း ဘဂ္ဂလန်ပြည်နယ်အတွင်း ဖြစ်ပွားသည့် ဗုံးခွဲတိုက်ခိုက်မှုများအတွက် လုပ်ဆောင်ခဲ့သည်ဟု ထုတ်ဖော်ပြောကြားသည့် အဖွဲ့အစည်း ထွက်ပေါ်ခဲ့ခြင်းမရှိပေ။

ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ထိခိုက်ရသူများမှာ အမျိုးသမီးများနှင့် ကလေးငယ်များအများစုဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။



**အေအက်ဖ်ပီ**

# ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ရှင်မြတ် ပြည်တော်ပြန်ပင့်ဆောင်ပူဇော်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် ဧပြီ ၂၃**
ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ဌာပနာအတွင်းမှ ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ရှင်မြတ်အား ရွှေတိဂုံစေတီတော်၌ ငါးရက်တိုင်တိုင် အပူဇော်ခံထားရှိရာမှ ဗိုလ်တထောင်စေတီတော်သို့ ပြည်တော်ပြန်ပင့်ဆောင်ခြင်းနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တို့အား ပြန်လည်ပင့်ဆောင်ခြင်း အခမ်းအနားကို ဧပြီ ၂၄ ရက် ညနေ ၅ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပင့်ဆောင်ပူဇော်ရာတွင် လမ်းတစ်လျှောက်၌ သာသနာ့အလံစိုက်ထူခြင်း၊ ပရိသတ်တို့က ဆီမီးများဖြင့် ပူဇော်ခြင်း၊ ရန်ကုန်စည်ပင်သာယာရေးကော်မတီက လမ်းမီးတိုင်များတွင် မီးလုံး အလုံးသုံးရာတပ်ဆင်ခြင်းများ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

"ဖောင်တော်တွေကိုလည်း မီးတွေနဲ့ အလှဆင်သွားမယ်၊ ဗိုလ်တထောင်ဘုရားကို ဖောင်တော်ဆိုက်တဲ့အချိန်မှာ ဗိုလ်တထောင်ကမ်းနားကနေ မီးရှူးမီးပန်းတွေဖောက်ပြီး ပူဇော်မယ်၊ သီတဂူဆရာတော်ကြီးရဲ့ တရားပွဲလည်းရှိတယ်၊ ဧပြီ ၂၇ ရက်မှာ ဌာပနာတော်ထဲ ပြန်လည်ပင့်ဆောင်ဖို့အတွက်လည်း ကြိုတင်စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ဗိုလ်တထောင်စေတီတော်တာဝန်ခံ အလှည့်ကျဂေါပက ဦးမျိုးမြင့်က ပြောသည်။

ဆံတော်ရှင်မြတ်ကို ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီ ၃၄ မိနစ်တွင် ပင့်ဆောင်ရန် စီစဉ်ထားသော်လည်း နေ့အပူချိန်မြင့်မားခြင်းကြောင့် ညနေ ၅ နာရီတွင် ပင့်ဆောင်ရန် ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ဇာနည်မောင်၊ အေးမင်းသူ**

**ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ချမ်းသာကြီးတန်ဆောင်း၌ အပူဇော်ခံထားရှိသော ဆံတော်ရှင်မြတ်အား ယနေ့ ညပိုင်းက ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်စဉ်။**



# အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရင်းနှီးမြှုပ်နှံ၍ မင်္ဂလာဒုံဥယျာဉ်မြို့တော်၌ ခေတ်မီအကြီးဆုံးဈေးကြီး တည်ဆောက်မည်

**ရန်ကုန် ဧပြီ ၂၃**
မြန်မာနိုင်ငံ၏ ပထမဆုံးသော ခေတ်မီ လက်လီ၊ လက်ကားဈေးကြီးနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများကိုပါ ထည့်သွင်းတည်ဆောက်သွားမည့် Yangon Mingalardon grand Bazaar ကို ဇေကမ္ဘာကုမ္ပဏီနှင့် တရုတ်နိုင်ငံ Zhejiang Luding Investment Co., Ltd. တို့က အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရင်းနှီးမြှုပ်နှံမှုဖြင့် မင်္ဂလာဒုံဥယျာဉ်မြို့တော်တွင် ယခုနှစ်အတွင်း တည်ဆောက်သွားမည် ဖြစ်ကြောင်း ဇေကမ္ဘာကုမ္ပဏီမှ သိရသည်။

ယခုဆောက်လုပ်မည့် ခေတ်မီ လက်လီ၊လက်ကား ဈေးသစ်ကြီးအား ရန်ကုန်မြို့အတွင်းရှိ စီးပွားရေးလုပ်ငန်းများကို တစ်နေရာတည်းတွင် တစ်စုတစည်းတည်း စုစည်းနိုင်ခြင်းဖြင့် ရောင်းသူ၊ ဝယ်သူကြား အဆင်ပြေ ချောမွေ့စေရန်နှင့် ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောကျပ်တည်းမှု၊ ကားပါကင်ရှားပါးမှု ပြဿနာများကို တစ်စိတ်တစ်ဒေသ လျှော့ချနိုင်စေရန် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။



**မင်္ဂလာဒုံဥယျာဉ်မြို့တော်အတွင်း တည်ဆောက်မည့် ခေတ်မီဈေးကြီးနှင့် အခြေခံအဆောက်အအုံများပါဝင်သည့် ပုံစံငယ်ကို တွေ့ရစဉ်။**

သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးအတွက် အချက်အချာကျသည့် မင်္ဂလာဒုံဥယျာဉ်မြို့တော်တွင် မကြာခင် အကောင်အထည်ဖော်တည်ဆောက်မည့် နိုင်ငံတကာအဆင့်မီ ဈေးသစ်ကြီးတွင် လူနေအိမ်၊ ဈေး၊ ရုံးခန်း၊ ကျောင်း၊ ဆေးရုံနှင့် အခြေခံ အဆောက်အအုံများ ပါဝင်မည်ဖြစ်ကာ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်း၊ အထည်အလိပ် ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် လက်လီ၊ လက်ကား ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ အောင်မင်္ဂလာ အဝေးပြေးကွင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနီးရှိ မင်္ဂလာဒုံဥယျာဉ်မြို့တော်အတွင်းရှိ အကျယ်အဝန်း ၁၂၅ ဧက ကျယ်သည့် မြေပေါ်တွင် ဆောက်လုပ်မည့် အဆိုပါ စီမံကိန်းကြီး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးရန် အချိန် ခြောက်နှစ်ခန့် ကြာမြင့်မည် ဖြစ်ကြောင်းနှင့် စီမံကိန်းပြီးစီးပါက လုပ်သားအင်အား သုံးသောင်းနီးပါးခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

**သီသီမင်း**

# အောင်လအန်ဆန်၏ MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၃**
MMA ဘက်စုံကိုယ်ခံပညာသုံးပြိုင်ပွဲတွင် ဝိတ်တန်းနှစ်ခု၌ ကမ္ဘာ့ချန်ပီယံဆုရထားသည့် မြန်မာကစားသမား အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲကို ဇွန် ၂၉ ရက်တွင် ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲ ထိုးသတ်ရမည်ဖြစ်ပြီး ပြိုင်ဘက်ကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

အောင်လအန်ဆန်သည် ယခုနှစ်တွင် ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲနှစ်ပွဲ ထိုးသတ်ရမည်ဖြစ်ပြီး ဇွန်လတွင် မစ်ဒယ်ဝိတ်တန်း၊ စက်တင်ဘာလတွင် လိုက်ဟဲဗီးဝိတ်တန်းတို့ ထိုးသတ်ရမည်ဖြစ်သည်။ MMA ပြိုင်ပွဲများကို တာဝန်ယူကျင်းပနေသည့် ONE Championships အဖွဲ့အစည်းသည် မူလက ၂၀၁၈ ခုနှစ်တွင် ရန်ကုန်မြို့၌ ပြိုင်ပွဲတစ်ကြိမ်သာကျင်းပရန် စီစဉ်ထားသော်လည်း သုံးကြိမ်အထိ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၀၅ ခုနှစ်တွင် MMA ပြိုင်ပွဲ စတင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲများ စတင်ထိုးသတ်ခွင့်ရရှိခဲ့သည်။

၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ကျင်းပသည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုစိန်ခေါ်ပွဲတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို ရှုံးကြွေးပြန်ဆပ်ကာ ပထမဆုံး ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည်။ ထို့ပြင် ယခုနှစ် ဖေဖော်ဝါရီလတွင် ဝိတ်တန်းတက်ကာ လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံဆုစိန်ခေါ်ပွဲအဖြစ် ဘရာဇီးနိုင်ငံသား မာချာဒိုနှင့်ထိုးသတ်ရာ ပထမအချီမှာပင် ခြေကန်ချက်ဖြင့် အနိုင်ယူပြီး ဝိတ်တန်းနှစ်ခု၌ ကမ္ဘာ့ချန်ပီယံဆုရသည့် ဒုတိယမြောက်ကစားသမားဖြစ်လာခဲ့သည်။ အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲများထိုးသတ်ရန် အမေရိကန်နိုင်ငံ၌ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**ရဲရင့်ရှိန်း**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။**




# နန်းဆိုင်လူ၏ဝေဒနာကို အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့သူများအား ဂုဏ်ပြုပွဲကျင်းပ

**သီပေါ ဧပြီ ၂၃**
Virginal Breast Hypertrophy ရောဂါဖြစ်ပွားခဲ့သည့် အသက်(၁၃)နှစ်အရွယ် ရှမ်းတိုင်းရင်းသူလေး နန်းဆိုင်လူ၏ ဝေဒနာကို အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့ကြသော ဆေးပညာရှင်များ၊ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ သွေးလှူရှင်နှင့် ကူညီပေးခဲ့ကြသူများ၊ ပရဟိတအသင်းများအား သီပေါမြို့နယ် စာရေးဆရာအသင်းက ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက သီပေါမြို့ ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ ကျင်းပသည်။

သီပေါမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလှမောင်လတ်(သီပေါကိုလတ်)က ဂုဏ်ပြုပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာနိုင်နိုင်ထွန်းက မုဒိတာစကားပြောကြားသည်။ ယင်းနောက် သီပေါမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌက ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများကို ဂုဏ်ပြုလွှာနှင့် အမှတ်တရစာအုပ်စာစောင်များ ပေးအပ်သည်။

ဆက်လက်၍ သီပေါမြို့ပြည်သူ့ဆေးရုံအတွက် မြို့နယ်စာရေးဆရာအသင်းက ဂုဏ်ပြုပစ္စည်းများကိုပေးအပ်ရာ ဆေးရုံအုပ်ကြီး၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးနှင့် သူနာပြုဆရာမကြီးတို့က လက်ခံရယူခဲ့ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပရဟိတအသင်းများကို မြို့နယ်စာရေးဆရာအသင်းက ဂုဏ်ပြုလွှာနှင့် အမှတ်တရစာအုပ်စာစောင်များကို ပေးအပ်သည်။ ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နန်းဆိုင်လူ အထွေထွေသုံးစွဲနိုင်ရန်အတွက် အလှူငွေကျပ် ၁၄၅၀၀၀၀ ကို လည်းကောင်း၊ စေတနာရှင်များ၏ အလှူငွေကျပ် ၁၁ သိန်းကို နယ်စည်းမခြား ပရဟိတအသင်းဥက္ကဋ္ဌ ကိုမျိုးကလည်းကောင်း၊ နန်းဆိုင်လူ၏ အုပ်ထိန်းသူနှင့် အကျိုးဆောင်ပုဂ္ဂိုလ် ဦးစိုင်းခွန်မျိုးမင်းကျော်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ကိုနေ(သီပေါ)**

# SME များ တိုးတက်မှုမှသည် နိုင်ငံစီးပွားမြှင့်တင်နိုင်ဖို့

Dr. မောင်အောင်

**ပြည်တွင်းဈေးကွက်သာမက အာဆီယံဈေးကွက်အထိပါ ကျယ်ပြန့်လာပြီဖြစ်သည့်အတွက် SME လုပ်ငန်းတိုင်း နိုင်ငံခြားသားများ သုံးစွဲနိုင်အောင် ရည်မှန်းပြီး ထုတ်လုပ်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ လုပ်ငန်းတိုင်း နိုင်ငံတကာရောင်းချနိုင်သည့်အဆင့်အထိ ရောက်ရှိစေရန် အရည်အသွေးပြည့်မီပြီး ဘေးကင်းလုံခြုံစိတ်ချရမှုကိုပါ ပေးနိုင်သည့်ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုများဖြစ်ရန်လို . . .**

မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ကို ရှုမျှော်နိုင်သည့် စီးပွားရေးမူဝါဒကျင့်သုံးနေသည့်အတွက် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အဓိက လုပ်ဆောင်နေသည်မှာ ပုဂ္ဂလိကကဏ္ဍသာ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများအနက် လုပ်ငန်းကြီး၊ လုပ်ငန်းလတ်၊ လုပ်ငန်းသေး၊ လုပ်ငန်းငယ်ဟူ၍ အမျိုးမျိုးခွဲခြားထားသော်လည်း လုပ်ငန်းအများစု (စုစုပေါင်းလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းကျော်)မှာ SME (Small and Medium Interprises) ဟုခေါ်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသာ ဖြစ်သည့်အတွက်လည်း မြန်မာ့စီးပွားရေး မြှင့်တင်နိုင်ရေးတွင် SME များ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးပါပေသည်။

SME များ သိသိသာသာ တိုးတက်လာစေရန်အတွက် နိုင်ငံတော်ဘက်မှ SMEs ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းထားပြီးဖြစ်သလို SME များ၏ အဓိက အခက်အခဲတစ်ခုဖြစ်သည့် ဘဏ္ဍာငွေကြေးဆိုင်ရာ အထောက်အပံ့များ ပိုမိုရရှိရေး၊ နည်းပညာသစ်များနှင့် ဈေးကွက်သစ်များ ပိုမိုရရှိရေးတို့ကိုလည်း အလေးပေးဆောင်ရွက်နေပြီဖြစ်သည်။ SME လုပ်ငန်းများ လက်တွေ့ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် အဆင်မပြေမှုများကိုလည်း ဒုတိယသမ္မတ ဦးစီးသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပြီး ဖြေရှင်းပေးနေပြီဖြစ်သည်။ ယခုအခါ မြန်မာ့ SMEs လုပ်ငန်းများ စဉ်ဆက်မပြတ်တိုးတက်လာရေးအတွက် နိုင်ငံတကာလုပ်ငန်းများနှင့် ပိုမို ပေါင်းစည်းနိုင်ရန် နိုင်ငံခြားကုမ္ပဏီများကို ၃၀ ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ပြုသည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်ကို ပြဋ္ဌာန်းပေးပြီး ဩဂုတ်လ ၁ ရက်နေ့မှစ၍ အသက်ဝင်တော့မည်ဖြစ်သည်။ ဒါရိုက်တာတစ်ဦးသာရှိသည့် ကုမ္ပဏီမှစ၍ အများပိုင်ကုမ္ပဏီများတွင် ၎င်းတို့ထည့်ဝင်အရင်းအနှီး၏ ၃၀ ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ကို တရားဝင်ခွင့်ပြုထားသည့်အပြင် ယခင်ပြည်တွင်းကုမ္ပဏီများ လုပ်ပိုင်ခွင့်များကိုလည်း ရရှိမည်ဖြစ်၍ ပြည်ပကုမ္ပဏီများ ယခင်ကထက် ပိုမိုဝင်ရောက်လာတော့မည်ဖြစ်သည်။ ထို့အတွက် ပြည်ပကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများ အဆင်ပြေချောမွေ့စွာပေါင်းစည်းနိုင်ရေးအတွက် SMEs နှင့် ကုမ္ပဏီများ ကြိုတင်ပြင်ဆင်ထားရမည့်အချက်များ သိရှိရေးနှင့် လက်တွေ့လိုက်နာပြင်ဆင်မှသာ အဆင်သင့်ဖြစ်နိုင်ပြီး ပိုမိုပေါင်းစည်းမှုမှတစ်ဆင့် SME တို့၏ တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**လုပ်ငန်းတူချင်း ပေါင်းစည်းပါ**

ယနေ့ခေတ် SMEs အပါအဝင် စီးပွားရေးလုပ်ငန်းများ ကြီးပွားတိုးတက်ရေးအတွက် လုပ်ငန်းတူချင်း ပေါင်းစည်းခြင်းသည် အခြေခံမူတစ်ရပ်ဖြစ်သလို နိုင်ငံ့စီးပွားတိုးတက်ရေးတွင်လည်း ပြည်ပနိုင်ငံများနှင့် စီးပွားရေး ပေါင်းစည်းမှုများလေ တိုးတက်လေဖြစ်၍ နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုလမ်းစဉ်လည်းဖြစ်သည်။ ယှဉ်ပြိုင်မှုမြင့်မားသည့် ပြည်တွင်း ပြည်ပဈေးကွက်များ၊ အာဆီယံဈေးကွက်တို့တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ အရည်အသွေးပြည့်မီသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ရောင်းချနိုင်ရေးပင်ဖြစ်သည်။ တစ်ဦးတည်း ရပ်တည်ထုတ်လုပ်ခြင်းသည် ဈေးကွက်မှ တောင်းဆိုနေသည့် အရည်အသွေးပြည့်မီသည့် ကုန်စည်များ ထုတ်လုပ်ရန် မဖြစ်နိုင်ပေ။ SMEs များ ရှင်သန်တိုးတက်ရေးအတွက် လက်တွေ့ရင်ဆိုင်နေသည့် ဘဏ္ဍာငွေကြေးအခက်အခဲ၊ ပိုမိုကောင်းမွန်သည့် နည်းပညာသစ်ရရှိနိုင်မှုအခက်အခဲ၊ ဈေးကွက်သစ်များ ထိုးဖောက်ဝင်ရောက်နိုင်မှု အခက်အခဲများ စသည်တို့ကို ဖြေရှင်းနိုင်မှသာ စဉ်ဆက်မပြတ်တိုးတက်မှုကို မျှော်လင့်နိုင်မည်ဖြစ်သည်။ “လုပ်ငန်းတူ၊ အကြံတူလျှင် ရန်သူ” ဟူသည့် ရှေးရိုးစဉ်လာ အစွဲအလမ်းကို ဖျောက်ဖျက်ပြီး လုပ်ငန်းတူချင်း ပေါင်းစည်းခြင်းကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်နိုင်မှသာ ငွေကြေးအရင်းအနှီးရရှိနိုင်ခြင်း၊ ထုတ်လုပ်မှုနည်းပညာသစ်များရရှိနိုင်ခြင်း၊ စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်ခြင်းတို့အပြင် လုပ်ငန်းပမာဏကြီးလာမှုကြောင့် ထုတ်လုပ်မှုတိုးချဲ့လေ စရိတ်ကျလေဆိုသည့် စီးပွားရေးတွက်ခြေကိုက်သည့် ထုတ်လုပ်မှုပမာဏ ဖြစ်လာလျှင် ဈေးကွက်ယှဉ်ပြိုင် နိုင်မှုစွမ်းအား ပိုမိုကြီးမားလာမှုနှင့်အတူ ဈေးကွက်သစ်များ ပိုမိုထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်သည်။ SMEs များ ကြီးပွားတိုးတက်စေရန် လုပ်ငန်းတူချင်းလုပ်ကိုင်သည့် SMEs များ အချင်းချင်း ပေါင်းစည်းနိုင်ရေး ပထမအဆင့်လုပ်ဆောင်ရမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် လုပ်ငန်း တူသည့် နိုင်ငံတကာ လုပ်ငန်းများနှင့်ပေါင်းစည်းခြင်းသည် ပြည်တွင်း SMEs လုပ်ငန်းများ အမြန်တိုးတက်စေမည့် လမ်းစဉ်ဖြစ်သည်။ အကြောင်းမှာ တိုးတက်မှုကို ပြဋ္ဌာန်းသည့် အရင်းအနှီး၊ နည်းပညာသစ်၊ မိမိအုပ်ချုပ်မှုနည်းလမ်းသစ်၊ ဈေးကွက်ရရှိနိုင်မှုတို့ကို အာမခံနိုင်ခြင်းကြောင့် ဖြစ်သည်။

**ပြည်ပလုပ်ငန်းများနှင့် ပေါင်းစည်းနိုင်ရေးနည်းလမ်းများ**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းလုပ်ငန်းများနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုတို့ကို ခွင့်ပြုထားပြီးဖြစ်သလို လမ်း၊ ရေ၊ မီး စသည့် အခြေခံအဆောက်အအုံပြည့်စုံပြီး အခွန်အခ ကင်းလွတ်သက်သာမှုများ၊ လုပ်ငန်းများ ဆောင်ရွက်မှု လျင်မြန်ချောမွေ့စေရေးအတွက် One-Stop Service များပါဝင်သည့် သီလဝါ အထူးစီးပွားရေးဇုန်အကောင်အထည်ပေါ်လာပြီး အပိုင်း(B)ကို စတင်နေပြီဖြစ်သည့်အပြင် ထားဝယ် အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်များ တည်ဆောက်နိုင်ရေး ကြိုးစားနေသလို ရန်ကုန်တောင်ပိုင်း ကွမ်းခြံကုန်းမြို့နယ်တွင် လျာထားသည့် ရန်ကုန် အထူးစီးပွားရေးဇုန်တို့ကြောင့်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်တော့မည်ဖြစ်သည်။ အထူးစီးပွားရေးဇုန်များသည် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကတိုးတက်မှု ဝင်ရိုးများဖြစ်သလို ပြည်ပနှင့် ပြည်တွင်းလုပ်ငန်းရှင်များ အများဆုံးပေါင်းစည်းနိုင်သည့် ဇုန်များလည်းဖြစ်သည်။ လက်ရှိအချိန်ရခိုင်အရေးကြောင့် ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့မှ ဝင်ရောက်လာမှု လျော့နည်းလာသည့် အချိန်မှာပင် အာဆီယံနှင့် အာရှနိုင်ငံများ၏ အရင်းအနှီး စီးဝင်မှုယခင်ကထက်များသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မျှော်မှန်းထားသည့် FDI ပမာဏ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံပြည့်မီသည့်အပြင် လုပ်ငန်းသစ်များ ဝင်လာဆဲပင်ဖြစ်သည်။

ဝင်ရောက်လာမည့် FDI လုပ်ငန်းများအနက် ဖက်စပ်လုပ်ကိုင်နိုင်ရေးနှင့် ၁၀၀ ရာခိုင်နှုန်းပြည့် FDI လုပ်ငန်းများတွင်လည်း ပြည်တွင်းလုပ်ငန်းများ ဖြည့်ဆည်းရမည့် အပိုင်းများကို ပြည်တွင်းလုပ်ငန်းများ၊ ပြည်တွင်း SME များကသာ ပံ့ပိုးဆောင်ရွက်ရမည်ဖြစ်သည့်အတွက် တိုက်ရိုက်ကန်ထရိုက်ချုပ်ဆိုပံ့ပိုးသည့် နည်းလမ်း သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်ချုပ်ဆိုပံ့ပိုးသည့် နည်းလမ်းများဖြင့် ပြည်ပလုပ်ငန်းများနှင့် ပေါင်းစည်းနိုင်ပေသည်။

အသစ်ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်ကို မကြာမီစတင်တော့မည်ဖြစ်ရာ ပြည်တွင်းလုပ်ငန်းများနှင့် ပြည်ပလုပ်ငန်းများ ပေါင်းစည်းရေးတံခါးဖွင့်လိုက်ပြီဖြစ်သည်။ ထည့်ဝင်ရင်းနှီးပမာဏ၏ ၃၀ ရာခိုင်နှုန်းအထိ ပြည်ပလုပ်ငန်းများ တရားဝင်နာမည်ပေါက်ထည့်ဝင်နိုင်သည့်အတွက် ပြည်ပလုပ်ငန်းရှင်များအတွက် နာမည်မပေါက်ဘဲ ရင်းနှီးရသည်ဖြစ်ရာ ဆုံးရှုံးမှုများကြုံတွေ့ရမှုများ၊ မလုံခြုံမှုများ ပပျောက်သည့်အပြင် ပြည်တွင်းလုပ်ငန်းများ လုပ်ခွင့်ရှိသည့်လုပ်ငန်းများအားလုံး လုပ်ကိုင်ခွင့်ရတော့မည်ဖြစ်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ သေချာပေါက် တိုးလာမည်ဖြစ်သည်။ အထူးသတိပြုရမည်မှာ ပြည်ပလုပ်ငန်းများနှင့် ပေါင်းစည်းရေးအတွက် လိုအပ်ချက်များ ကြိုတင်လေ့လာပြင်ဆင်နိုင်ရေးပင်ဖြစ်သည်။

**အဆင်သင့်ဖြစ်ရန် ပြင်ဆင်ပါ**

ပြည်တွင်း SME များ နိုင်ငံတကာလုပ်ငန်းများနှင့် ပေါင်းစည်းနိုင်ရေးအတွက် အဆင်သင့်ဖြစ်စေရန် ပြင်ဆင်ရေး အထူးအရေးကြီးပေသည်။ အထူးသဖြင့် “မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်”အရ ဝင်ရောက်လာမည့် ပြည်ပလုပ်ငန်းများအနေဖြင့် မြန်မာ့ကုမ္ပဏီများနှင့် ပေါင်းစည်းမည်ဖြစ်သည့်အတွက် ပြည်တွင်း SMEs လုပ်ငန်းများအနေဖြင့် တရားဝင်မှတ်ပုံတင်ခြင်း၊ အင်အားရှိစေရန် လုပ်ငန်းတူများပူးပေါင်းခြင်း၊ ကုမ္ပဏီမတည်ထောင်ရသေးသည့်လုပ်ငန်းများ ကုမ္ပဏီထူထောင်ခြင်း၊ ကုမ္ပဏီတစ်ခု၏ လိုအပ်သည့် စံချိန်စံညွှန်းများဖြစ်သည့် ပွင့်လင်းမြင်သာသည့် စာရင်းအင်းထားရှိမှုစနစ်၊ ငွေသားအဝင်အထွက်၊ ကုမ္ပဏီ၏ လုပ်ငန်းလမ်းညွှန်၊ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အရှုံးအမြတ်ရှင်းတမ်း၊ ဒါရိုက်ဘုတ်အဖွဲ့ဝင်များနှင့် အရည်အချင်းများ၊ ဥပဒေအရ သတ်မှတ်ထားသည့် အခွန်ပေးဆောင်မှု စသည်တို့ဖြင့် ပြည့်စုံရမည်ဖြစ်သည်။ ပို၍ အရေးကြီးသည်မှာ လုပ်ငန်းတစ်ခုလုံးအနေဖြင့် အချိန်ကာလတစ်ခုအတွင်း အမြတ်မရရှိနိုင်သည့်တိုင် တိုးတက်မှုအသွင်ဆောင်သည့် လုပ်ငန်း တစ်နည်းအားဖြင့် ရှင်သန်တိုးတက်နေမှုကို ဖော်ဆောင်သည့် လုပ်ငန်းဖြစ်ရန် လိုအပ်ပေသည်။ ဆိုလိုသည်မှာ ပြည်ပလုပ်ငန်းများအနေဖြင့် ပြည်တွင်း လုပ်ငန်းများ ပေါင်းစည်းရာတွင် အထက်ပါအချက်များကို အသေးစိတ်လေ့လာသုံးသပ်ပြီးမှသာ မိတ်ဖက်ပြည်တွင်းကုမ္ပဏီကို ရွေးချယ်ဆောင်ရွက်မည်ဖြစ်သည်။

**SMEs တိုးတက်မှုနည်းလမ်းများ**

SME လုပ်ငန်းများ၊ ကုမ္ပဏီများ တိုးတက်ကြီးပွားရေးအတွက် အမြဲတမ်းလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနက် ထုတ်လုပ်မှုမစတင်မီ မမြင်ရသည့် အပေါ်အတိုင်းနှင့် ထုတ်လုပ်မှုအပြီး မြင်ရသည့် အောက်ပိုင်းတို့အကျုံးဝင်ပါသည်။ ထုတ်လုပ်မှုမပြုလုပ်မီ ထုတ်ကုန်နှင့်ပတ်သက်၍ ဆန်းသစ်တီထွင်မှုများ ဖော်ဆောင်နိုင်ရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးမှု (R&D) များများလုပ်နိုင်လေ မိမိထုတ်ကုန်တန်ဖိုးတက်လေဖြစ်သည်။ ယနေ့ခေတ် နာမည်ကြီးထုတ်ကုန်များ အောင်မြင်ရခြင်း၏ အခြေခံ အကြောင်းတရားပင်ဖြစ်သည်။ မြန်မာ့ SMEs များအနေဖြင့် မိမိထုတ်လုပ်မည့် ထုတ်ကုန်(သို့မဟုတ်) ဝန်ဆောင်မှုမစတင်မီ အခြားသူများ၏ ထုတ်ကုန်ထက်ပို၍ သာစေရန် အဘက်ဘက်မှကြိုတင်လေ့လာပြီး သူများနှင့်အတူ တစ်မူထူးခြားစေရန်ကြိုးစားရမည်ဖြစ်သည်။ တစ်ဖက်တည်းမှာပင် မိမိထုတ်ကုန်၏ ဒီဇိုင်းသည်လည်း ထုတ်ကုန်တန်ဖိုးတိုးတက်စေသည့် နည်းလမ်းဖြစ်သည်။ အမြန်ပိုလှစေရန်နှင့် ဆွဲဆောင်မှုရှိသည့် ဒီဇိုင်းသစ်များ လုပ်ဆောင်နိုင်လေ တန်ဖိုးတက်လေ ဖြစ်သည်။ ထုတ်လုပ်မှုပြုလုပ်မည့် နေရာသို့ သယ်ယူပို့ဆောင်ရာတွင်လည်း သယ်ယူထောက်ပံ့စရိတ်နည်းလေ အကျိုးရှိလေဖြစ်သည်။

စီးပွားရေးသဘောတရားအရ ထုတ်လုပ်မှုပမာဏ သေးငယ်လျှင် ထုတ်လုပ်မှုစရိတ်ကြီးလေးရှိပြီး ပမာဏကြီးမားလျှင် စရိတ်လျော့ကျလေ့ရှိသည့်အတွက် စီးပွားရေးတွက်ခြေကိုက်သည့် ပမာဏရောက်အောင် ထုတ်လုပ်နိုင်ဖို့ လိုအပ်ပေသည်။ သို့မှသာ ထုတ်လုပ်မှုတိုးချဲ့လေ စရိတ်ကျလေဖြစ်မှသာ ဈေးကွက်ယှဉ်ပြိုင်မှုအားကောင်းမည်ဖြစ်၍ SME များပေါင်းစည်းနိုင်လေ ပိုမိုအကျိုးရှိလေပင် ဖြစ်သည်။

ထုတ်လုပ်ပြီးသည့်နောက် ထုတ်ကုန်ကို ဈေးကွက်အရောက်ဖြန့်ဖြူးရာတွင် သယ်ယူထောက်ပံ့စရိတ်အနည်းဆုံးဖြစ်စေရန်နှင့် မိမိထုတ်ကုန်ကို အများသိစေရေးအပြင် အရောင်းမြှင့်တင်နည်းလမ်းများ လုပ်ဆောင်မှသာ အကျိုးများမည်ဖြစ်သည်။ ထို့အတူ မိမိထုတ်ကုန်တန်ဖိုး သိသိသာသာ မြှင့်တင်နိုင်သည့် နည်းလမ်းတစ်ခုမှာ မိမိထုတ်ကုန်ကိုအပြည့်အဝတာဝန်ယူကာ ရောင်းချပြီး ဝန်ဆောင်မှုပေးခြင်းပင်ဖြစ်သည်။ ရောင်းချပြီး ထုတ်ကုန်နှင့်ပတ်သက်၍ ပျက်စီးမှု၊ အဆင်မပြေမှု၊ ထိန်းသိမ်းမှု စသည်တို့အတွက် ဝယ်ယူသုံးစွဲသူများ အဆင်ပြေစေရေးနှင့် စိတ်ကျေနပ်မှုရရှိစေရန် လုပ်ဆောင်ပေးခြင်းအားဖြင့် မိမိထုတ်ကုန်တန်ဖိုး သိသာစွာ တိုးတက်စေပါသည်။

**အစဉ်လေ့လာပါ၊ ပိုကောင်းအောင်လုပ်ပါ**

အသိပညာခေတ်ဖြစ်သည့်အတွက် လုပ်ငန်းများ၏ တိုးတက်မှုသည် လုပ်ငန်းဆိုင်ရာ အသိပညာနှင့် သတင်းအချက်အလက်များ ရယူအသုံးချမှုအပေါ် မူတည်ပေသည်။ SMEs တိုင်း မိမိလုပ်ငန်းနှင့် ပတ်သက်သည့် သတင်းအချက်များ၊ ထုတ်ကုန်များ၏ ဈေးကွက်အခြေအနေ၊ ကြိုက်နှစ်သက် မှုနှင့်ဝယ်လိုအားပြောင်းလဲနေမှု အောင်မြင်နေသည့် ထုတ်ကုန်များ၏အားသာချက်များနှင့် အားနည်းချက်များ၊ မိမိထုတ်ကုန်၏ အားသာချက်များနှင့် အားနည်းချက်များ၊ နောက်ဆုံး ဖြစ်ပေါ်ပြောင်းလဲနေသည့် သတင်းအချက်များကို ရအောင်ယူ၍ အကောင်းဆုံးအသုံးချနိုင်ရန် အစဉ်ကြိုးစားရမည်ဖြစ်သည်။ ထို့အတွက် မိမိလုပ်ငန်း (သို့မဟုတ်) ထုတ်ကုန်နှင့် ဆက်စပ်နေသည့် အချက်အလက်များ၊ အစဉ်လေ့လာဖို့လိုသလို လေ့လာမှုအပေါ် မူတည်၍ မိမိကောင်းမွန်သည့် ထုတ်ကုန်(သို့မဟုတ်) ဝန်ဆောင်မှုပေးနိုင်လျှင် SME များ တိုးတက်လာမည်ဖြစ်သည်။

**အရည်အသွေးပိုကောင်းအောင် ကြိုးစားပါ**

၂၁ ရာစုခေတ် စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဆောင်ပုဒ်မှာ "**21st century, high quality**" ဖြစ်သည့်အတွက် SME တိုင်း အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အစဉ် ရှေးရှုဆောင်ရွက်ရမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ◆

# ယခုနှစ် မတ်လအထိ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၄၃၇ သန်းဖိုး ပြည်ပသို့ တင်ပို့နိုင်ခဲ့

**နေပြည်တော် မေ ၂၃**



မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးရေး၊ အသားကဏ္ဍ တိုးတက်ရေးနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးတို့ ထိရောက်စွာဆောင်ရွက်နိုင်ရန် မြေပြင်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆက်လက်၍ ခွေးရူးရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေးအတွက် တိုးချဲ့ပညာပေးရေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထုတ်လုပ်လိုက်သည့် ထုတ်ကုန်များသည် ကောင်းမွန်သောနည်းစနစ်ကျင့်စဉ်(GAP/GMP)များကို လိုက်နာဆောင်ရွက်ထားသည့် စံချိန်စံညွှန်းမီ ထုတ်ကုန်များအဖြစ် အရည်အသွေးအာမခံချက်ကောင်းမွန်စွာ ဈေးကွက်ဝင်ရောက်နိုင်ရေး၊ တင်ပို့မှု၊ တင်သွင်းမှု၊ ရောင်းဝယ်မှုလုပ်ငန်းစဉ်များတွင်လည်း တရားမဝင် ကုန်သွယ်မှုမဖြစ်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့်လက်တွဲ၍ စိစစ်ကြပ်မတ်ရန် လိုအပ်သည့်နည်းတူ ကျန်းမာရေးနှင့် ညီညွတ်သောအသားထုတ်လုပ်မှုဖွံ့ဖြိုးလာရေးကိုလည်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီခွဲက ရုံးအမှတ်(၃၆)အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ချုပ်အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုသို့ ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ ဌာနခွဲမှူးများ၊ ခရိုင်ဦးစီးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ချုပ်အစီရင်ခံစာနှင့် ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက် အနှစ်ချုပ်နှင့် ရှေ့လုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များကိုလည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ မှာကြားဆွေးနွေးသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းနို့စားနွားနှင့် ခိုင်းနွားများတိုးပွားလာစေရန်နှင့် ထုတ်လုပ်မှုတိုးတက်လာစေရန်တို့အတွက် မေထုန်မဲ့ သားစပ်နည်း၊ မျိုးရည်ခဲချောင်းထုတ်လုပ်ခြင်း၊ သဘာဝသားစပ်နည်းများဖြင့် ဒေသအလိုက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သဘာဝဘေးကျရောက်သည့် ဒေသများထံ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ မြစိမ်းရောင်စီမံကိန်း(အသားကဏ္ဍ) ကျေးရွာထူထောင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော် GDP တွက်ချက်ရာတွင် အရေးပါသကဲ့သို့ ရရှိလာသည့် ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စီမံကိန်းနှင့်မူဝါဒများချမှတ်ဆောင်ရွက်ခြင်းတို့တွင်လည်း များစွာအကျိုးရှိစေမည်ဖြစ်ရာ တိရစ္ဆာန်ကောင်ရေစာရင်း စစ်ဆေးခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၈ ခုနှစ် မတ်လအထိ ပြည်ပသို့ ကျွဲ၊ နွားအရှင်ကောင်ရေ ၂၆၇၄၀ နှင့် သိုး၊ ဆိတ် ၁၄၆၆၈၇ ကောင် တင်ပို့ရောင်းချနိုင်ခဲ့ပြီး တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့မှုတန်ဖိုး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၄၃၇ သန်း တင်ပို့နိုင်ခဲ့သည်။ အလားတူ ပျားမွေးမြူရေးကဏ္ဍအနေဖြင့် ပျားရည်ထုတ်လုပ်မှု ၄၃၇၈ မက်ထရစ်တန်မှ ပြည်ပသို့ ၂၆၇၂ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ရာ ၂၀၁၈ ခုနှစ် မတ်လအထိ အမေရိကန်ဒေါ်လာ လေးသန်း ရှာဖွေနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၃**



မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) ညီလာခံခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Kim Hyun-chong တို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံသော ကိုရီးယားကုမ္ပဏီများအတွက် စက်မှုဇုန်တစ်ခု ထူထောင်ရေးနှင့် Korea Desk တည်ထောင်ပေးနိုင်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ (Korea Trade-Investment Promotion Agency-KOTRA) တို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုန်သွယ်ရေးကဏ္ဍတွင် သတင်းအချက်အလက်နှင့် နည်းပညာ အသုံးချဆောင်ရွက်မှု တိုးတက်မြင့်မားလာစေရေးအတွက် အစိုးရဝန်ထမ်းများအား ကိုရီးယားနိုင်ငံသို့ သင်တန်းစေလွှတ် တက်ရောက်နိုင်ရေး၊ e-commerce အကောင်အထည်ဖော်ရန် Database များ တည်ဆောက်ရာတွင် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား လက်မှတ်ရေးထိုးပြီးဖြစ်သည့် Trade and Investment Promotion and Protection Agreement အား အသက်ဝင်အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ နှစ်နိုင်ငံအကြားကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်မည့် အလားအလာများ ရှာဖွေဖော်ထုတ်သွားရေးနှင့် နှစ်နိုင်ငံအစိုးရအကြား ကောင်းမွန်သော စီးပွားရေးနှင့် ကုန်သွယ်ဆက်ဆံရေးတို့ကို အားပေးမြှင့်တင်သွားရေးတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် အပြန်အလှန် ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Kim Hyun-chong၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်၍ ကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Kim Hyun-chong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော် Park Royal Hotel ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂရုစိုက်၍ လိုက်နာပါ

### ရှောင်ရန်များ

၁။ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၂။ အရက်သေစာ သောက်သုံးခြင်းသည် ပိုမိုပြင်းထန်စွာ ဝေဒနာ ခံစားရနိုင်သဖြင့် အထူးသတိပြုပါ။

◆ စာမျက်နှာ ၆ မှ

ယခုအခါ ပြည်တွင်းဈေးကွက်သာမက အာဆီယံဈေးကွက်အထိပါ ကျယ်ပြန့်လာပြီဖြစ်သည့်အတွက် SME လုပ်ငန်းတိုင်း နိုင်ငံခြားသားများ သုံးစွဲနိုင်အောင် ရည်မှန်းပြီး ထုတ်လုပ်ရမည် ဖြစ်သည်။ ဆိုလိုသည်မှာ လုပ်ငန်းတိုင်း နိုင်ငံတကာရောင်းချနိုင်သည့် အဆင့်အထိ ရောက်ရှိစေရန် အရည်အသွေးပြည့်မီပြီး ဘေးကင်းလုံခြုံစိတ်ချရမှုကိုပါ ပေးနိုင်သည့် ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုများဖြစ်ရန်လိုပါသည်။ အရည်အသွေးကောင်းမွန်မှုကို စားသုံးသူများ လက်ခံယုံကြည်လာလျှင် အဆိုပါလုပ်ငန်း(သို့မဟုတ်)ထုတ်ကုန် အနေဖြင့် နာမည်ကောင်းရရှိစေခြင်းအားဖြင့် စဉ်ဆက်မပြတ် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**ပြိုင်တူတွန်းကြစို့**

နိုင်ငံစီးပွားမြှင့်တင်ရေးသည် နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။ နိုင်ငံတော်မှ စီးပွားရေး တိုးတက်မှုကို ဖော်ဆောင်နိုင်မည့် ဥပဒေသစ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ အထောက်အပံ့များ၊ အဆောက်အအုံဆိုင်ရာ ထောက်ပံ့မှုများ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်း ဖြစ်ပေါ်စေရေး အထူးစီးပွားရေးဇုန်များ တည်ဆောက်မှု အရှိန်မြှင့်တင်လာနေပြီဖြစ်သည်။ နိုင်ငံတော်မှ နိုင်ငံတကာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အထူးဇောင်းပေး ဖော်ဆောင်နေသော်လည်း တစ်ချိန်တည်းမှာပင် ရခိုင်အရေးနှင့် ပြည်တွင်းမတည်ငြိမ်မှု အချို့ကြောင့် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုအတွက် နိုင်ငံသားတိုင်း စည်းလုံးညီညွတ်စွာ ပေါင်းစည်းဖြေရှင်းနိုင်ရမည့် အချိန်လည်းဖြစ်သည်။ ဒီမိုကရေစီနိုင်ငံဖြစ်၍ ဆန္ဒပြမှုများ မထူးဆန်းသော်လည်း စက်ရုံပိုင်းထားခြင်း၊ ထုတ်ကုန်အဝင်/အထွက် မပြုလုပ်နိုင်ရန် ပိတ်ထားခြင်း စသည်တို့ကြောင့် အချိန်နှင့်တစ်ပြေးညီ နိုင်ငံတကာ ချိတ်ဆက်ဆောင်ရွက်ရသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် များစွာထိခိုက်မှုရှိသည်။ အချိန်မီမပို့နိုင်လျှင် အဆိုပါလုပ်ငန်းများ မရပ်တည်နိုင်ပေ။ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာ ထိန်းသိမ်းရေးကို နိုင်ငံသားတိုင်း အထူးအလေးထား လုပ်ဆောင်ရတော့မည်ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းပြီး လုံခြုံစိတ်ချရမှုရှိမှသာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးပေါင်းစည်းမှုများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံ့စီးပွားရေးတွင် အရေးပါသည့် SME များ တိုးတက်ဖွံ့ဖြိုးလာစေရန် မိမိကိုယ်တိုင်က ဝါယမစိုက်ထုတ်ကာ အထူးကြိုးစားဆောင်ရွက်ရမည်ဖြစ်သလို တစ်ဖက်တွင်လည်း ပွင့်လင်းလာသည့် ဈေးငွေပိုမိုရရှိနိုင်မည့် အခွင့်အရေး၊ ပြည်ပလုပ်ငန်းများ ပိုမိုပေါင်းစည်းနိုင်ရေး အခွင့်အရေးများ ရှိလာပြီဖြစ် သည်။ အဆိုပါ အခွင့်အရေးများ လက်တွေ့အသုံးချနိုင်ရေးအတွက် SMEs များ ပြင်ဆင်ဖြည့်စွက်ရန်လိုသည့် အချက်များကို အမြန်ဆုံးပြင်ဆင်ထားဖို့ လိုအပ်ပေသည်။ SME များ ပြည်ပလုပ်ငန်းများနှင့် ပေါင်းစည်းမှု ပိုမို ဆောင်ရွက်နိုင်လေ တိုးတက်မှုမြန်ဆန်လေဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံ့စီးပွားရေးတွင် အဓိကကျောရိုးဖြစ်သည့် SME တိုးတက်မှုမှသည် နိုင်ငံစီးပွားရေး မြှင့်တင်နိုင်မည် ဖြစ်ပေသည်။

**ရည်ညွှန်းကိုးကား**

1. **Gary Gereffi**, Global Value Chain and Development in emerging Economics, Global Value Chain Dialogue, Singapore,2012.
2. **James Love & Roper, White**, SMEs Innovation Exporting and Growth, ERC Stephen Paper No.5, ERC,2013.

# မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၂၃**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်သည် ကုက္ကိုင်းရိပ်သာလမ်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုံးဝင်းအတွင်းရှိ ဆင်ဆာကြည့်ရှုသည့် ရုပ်ရှင်ရုံ၊ ရုပ်ရှင်ရိုက်ကူးရာတွင် အသုံးပြုနိုင်ရန် ပြန်လည်ပြုပြင်ထားသည့် စတူဒီယိုနှင့် ပြင်ပရိုက်ကွင်းအဖြစ် ပြင်ဆင်အသုံးပြုနိုင်မည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

ထို့နောက် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် မြန်မာနိုင်ငံ၌ ယခုထက် ပိုမိုပြည့်စုံသည့် ရုပ်ရှင်စတူဒီယို တစ်ခု တည်ဆောက်ဖွင့်လှစ်နိုင်ရေး၊ ရုပ်ရှင်အနုပညာနှင့် ပတ်သက်သည့် သင်တန်းကျောင်းတစ်ခု တည်ဆောက်နိုင်ရေးတို့အတွက် အကြံဉာဏ်ယူနိုင်ရန် ဖြစ်ပါကြောင်း၊ နေပြည်တော်တွင် တည်ဆောက်မည်ဆိုလျှင် အဆောက်အအုံ၊ နေရာထိုင်ခင်းသည် ရုပ်ရှင်နှင့်ပတ်သက်၍ စီမံပေးနိုင်မည့် အနေအထားမျိုးရှိပါကြောင်း။

ယခုကဲ့သို့ဆောင်ရွက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိက၊ အဖွဲ့အစည်းများ၊ ရုပ်ရှင်လောကသားများ ပူးပေါင်းဆောင်ရွက်လျှင် ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဖြစ်မြောက်မည်ဟု မြင်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အပိုင်းများလည်း ရှိမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်စတူဒီယိုနှင့် သင်တန်းကျောင်းပေါ်ပေါက်ရန် အခြေခံလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လက်တွေ့အကောင်အထည်ဖော်ရာတွင် တည်ဆဲစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်း။

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ခြင်းကြောင့် ရုပ်ရှင်အနုပညာသည်များ၊ ရုပ်ရှင်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများတွင် လက်ငင်းအကျိုးကျေးဇူးရှိသကဲ့သို့ ရုပ်ရှင်အတတ်ပညာဖြင့် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းရုံးချုပ်ရှိ စတူဒီယိုများတွင် ရိုက်ကူးရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေး လျာထားအစီအမံများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်၊ တက်ရောက်လာကြသည့် ရုပ်ရှင်လုပ်ငန်း လုပ်ကိုင်သူများနှင့် ရုပ်ရှင်သင်တန်း ဖွင့်လှစ်ထားသူများက ရုပ်ရှင်အတတ်ပညာသင်တန်းကျောင်းနှင့် စတူဒီယိုများ ဖွင့်လှစ်ရာတွင် စဉ်းစားရမည့်အချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ သင်တန်းများ အခမဲ့ ဖွင့်လှစ်သင်ကြား

**ပျဉ်းမနား မေ ၂၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွင်းရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)၌ လူငယ် လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းများရှာဖွေရာတွင် အထောက်အကူဖြစ်စေမည့် လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ သင်တန်းများကို အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ သင်ကြားပေးရာတွင် ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း(နေပြည်တော်)နှင့် ပျဉ်းမနား လူငယ်ကွန်ရက်တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းကို မေ ၁ ရက်မှစတင်၍ စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိနှင့် ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ သင်တန်းသားသင်တန်းသူ ၄၀အား တစ်နေ့လျှင် နှစ်ချိန်နှုန်းဖြင့် သင်ကြားပေးလျက်ရှိပြီး အင်္ဂလိပ်နှင့် ဂျပန်စကားပြော သင်တန်းများကိုလည်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆရာ ဦးတေဇာထွန်း(ဟိုတယ်နှင့်ခရီး)၊ ဆရာမများဖြစ်သည့် ဒေါ်မြတ်သင်းမွန်၊ ဒေါ်ဂျူးဂျူးလတ်တို့က မေ ၂၁ ရက်မှစတင်၍ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ဂျပန်စကားပြောသင်တန်းကို နံနက် ၇ နာရီမှ နံနက် ၁၀ နာရီထိနှင့် အင်္ဂလိပ်စာစကားပြောသင်တန်းကို နံနက် ၁၀ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ သင်တန်းသားသင်တန်းသူ ၄၀ အား သုံးလကြာ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတဖွံ့ဖြိုးစေရေး၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးလိုအပ်ချက်များ ကူညီစောင့်ရှောက်ပေးရေးနှင့် လူငယ်များ အသိဉာဏ်ပညာမြင့်မားပြီး မိမိကိုယ်ကို ယုံကြည်မှုရှိကာ ရပ်ရွာအရေးကိစ္စများတွင် ကူညီဆောင်ရွက်တတ်စေရန် ဦးတည်၍ အများပြည်သူအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်ပင်နှီးနှောပွဲများ၊ အသိပညာပေးဟောပြောပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ သင်တန်းများ၊ စာပေစကားဝိုင်းများနှင့် စာပေနှီးနှောဖလှယ်ပွဲ၊ စာအုပ်စာစောင် ဝေဖန်သုံးသပ်ပွဲများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

### ✻ ဘရူနိုင်းဘုရင့်ဖလားမှ

မြန်မာ ယူ-၂၁ အသင်း နည်းပြချုပ် ဦးကြည်လွင်က “ဒီပြိုင်ပွဲက ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေထဲက တစ်ခုဖြစ်ပါတယ်၊ အတွေ့အကြုံရဖို့အပြင် ရလဒ်ကောင်းရဖို့လည်း ကြိုးစားမှာပါ၊ ထိုင်းအသင်းနဲ့ ယှဉ်ပြိုင်ရမယ့် အဖွင့်ပွဲက အရေးကြီးပါတယ်၊ အဖွင့်ပွဲမှာ ရလဒ်ကောင်းရဖို့ ကြိုးစားမှာပါ၊ ခက်ခဲတဲ့ပွဲတစ်ပွဲ ဖြစ်လာနိုင်ပေမယ့် ရလဒ်ကောင်းရဖို့ ကြိုးစားမှာပါ”ဟု ပြောကြားသည်။

မြန်မာ ယူ-၂၁ အသင်းသည် ဒီဇင်ဘာလက ယှဉ်ပြိုင်ခဲ့သည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် ထိုင်းအသင်းနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ပြီး အုပ်စုပွဲတွင် တစ်ဂိုး-ဂိုးမရှိ၊ တတိယနေရာလုပွဲတွင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေး

**ရန်ကုန် မေ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် “တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ”ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပထမဆုရ ငွေးဝင်း(ရမ္မာဝတီ)၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဒုတိယဆုရ ပုဂံမင်းသူ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က တတိယဆုရ ကိုကိုဆန်းတို့အား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနာယက ဒါရိုက်တာပန်းချီစိုးမိုးတို့က အထူးဆုရရှိသူများဖြစ်ကြသည့် ငွေးဝင်း(ရမ္မာဝတီ)၊ အောင်ရဲနိုင်(အမရပူရ)၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)၊ ကိုကိုဆန်းနှင့် လှိုင်သန်းတင့်(ရွှေပန်းချီ-ရမည်းသင်း)တို့အား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနာယက ဒါရိုက်တာ ပန်းချီစိုးမိုးက ဆုများရွေးချယ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆုရရှိကြသူများကိုယ်စား ငွေးဝင်း(ရမ္မာဝတီ)က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ငွေးဝင်း(ရမ္မာဝတီ)အား ဆုချီးမြှင့် ပေးအပ်စဉ်။**

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များခေါင်းစဉ်ဖြင့် ကျင်းပသည့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ဂီတနှင့် ပွဲတော်များ၊ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ စသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဓာတ်ပုံများမှတစ်ဆင့် ဖော်ထုတ်ပြသနိုင်ခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်လာစေရန်၊ အပြန်အလှန်သိမြင်နားလည်ပြီး လေးစားတတ်စေရန်၊ ရိုင်းပင်းကူညီတတ်စေရန်နှင့် စည်းလုံးညီညွတ်ရန် ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်နှင့် ဝါသနာရှင် စုစုပေါင်း ၂၂၀ တို့က ဓာတ်ပုံပေါင်း ၅၈၂ ပုံ ပေးပို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ◯ ယခုရက်အတွင်းမှ

ထိုသို့ ငလျင်လှုပ်မှုများနှင့်ပတ်သက်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်တို့ကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး တမံနှင့် ရေလွှဲဆည်တို့မှာ ကြံ့ခိုင်မှုအပြည့်အဝရှိကြောင်း သိရသည်။

“ငလျင်လှုပ်မှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဌာနက တာဝန်ရှိသူတွေနဲ့ ဝန်ထမ်းတွေ သွားရောက်ကြည့်ရှုစစ်ဆေးတယ်၊ မျက်မြင်စစ်ဆေးမှုတွေအရ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမျိုးမရှိပါဘူး၊ ဝန်ထမ်းတွေကလည်း စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်”ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ငလျင်လှုပ်ခတ်မှုများကြောင့် ဖြူးတမံနှင့် ရေလွှဲဆည် ဆက်စပ်နေသော အစိတ်အပိုင်းများ အခြေအနေမှာ ပြောင်းလဲခြင်းတစ်စုံတစ်ရာ မတွေ့ရဘဲ တောင့်တင်းခိုင်မာမှုအပြည့်အဝရှိကြောင်း သိရသည်။

**ဖြူးမြင့်ဦး**



# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် ငပုတောမြို့နယ်၌ ဇက်ဆိပ်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေး

**ပုသိမ် ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ပုသိမ်ခရိုင် ငပုတောမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စု ခြံကွင်းကျေးရွာသို့ သွားရောက်၍ မြောင်းမြမြို့ရှိ မြောင်းမြကြိုး တံတားပျက်ကျခဲ့ခြင်းကြောင့် မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အတွင်းရှိ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရန် ပုသိမ်ခရိုင် ငပုတောမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စုနှင့် မြောင်းမြခရိုင် မြောင်းမြမြို့နယ် ညောင်ချောင်းလေးကျေးရွာအုပ်စုတို့ ထိစပ်လျက်ရှိသော ပမ္မဝတီမြစ်အတွင်း လက်ရှိကူးတို့ဆိပ်နေရာ၌ ဇက်ဆိပ်ဆောက်လုပ်သွားမည်ဖြစ်သဖြင့် အဆိုပါ ကျေးရွာ နှစ်ရွာရှိ ဇက်ဆိပ်ချဉ်းကပ်လမ်းတည်ဆောက်နေမှု၊ ဇက်ဆိပ်ရေဆင်းလမ်းကွန်ကရစ်ခင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လပွတ္တာခရိုင်အတွင်းရှိ မြို့နယ်များ၏ လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေးတို့အတွက် လမ်းဦးစီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အမြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြောင်းမြမြို့ဘက်ခြမ်းရှိ ညောင်ချောင်းလေးကျေးရွာ၌ ကားရပ်နားစောင့်ဆိုင်းနိုင်ရေး၊ ပြည်သူလူထုအန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေး၊ မြောင်းမြမြို့၌ ဇက်ကူးသန်းမှု နှောင့်နှေးကြန့်ကြာမှု လျော့ပါးသက်သာစေနိုင်ခြင်းနှင့် ဇက်ရေယာဉ်များ ချောမွေ့စွာ ဆိုက်ကပ်နိုင်ရေး ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပြီး အဆိုပါလမ်းပိုင်းကို ဧပြီ ၂၄ ရက်မှစတင်၍ ကူးသန်းဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ လူငယ်နှင့်မူးယစ်ဆေးညီလာခံ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၃**

Driven by Passion မူးယစ်ဆေးဝါးသုံးစွဲမှုကာကွယ်ရေးအင်းအားစုက ပထမအကြိမ် လူငယ်နှင့် မူးယစ်ဆေးညီလာခံကိုရန်ကုန်မြို့ American Center ၌ မေ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ကျင်းပမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကာကွယ်ရေးလုပ်ငန်းများကို စိတ်ဝင်စားသော အသက် ၁၅ နှစ်မှ ၂၃ နှစ်ကြား လူငယ်များ တက်ရောက်နိုင်ပါသည်။ ညီလာခံ တက်ရောက်မည့် ဆယ်ကျော်သက်လူငယ်များအနေဖြင့် မူးယစ်ဆေးသုံးစွဲမှုကာကွယ်ရေးတွင် ထိရောက်သောလုပ်ငန်းများ၊ အမျိုးသားမူးယစ်ဆေးထိန်းချုပ်ရေးမူဝါဒ အကြောင်းကိုလေ့လာသိရှိရမည့်အပြင် မူးယစ်ဆေးဝါးသုံးစွဲမှုလုပ်ငန်းများတွင် အတွေ့အကြုံရှိသောပညာရှင်များနှင့် တွေ့ဆုံခွင့်ရမည်ဖြစ်ပါသည်။ ထို့အပြင် မူးယစ်ဆေးသုံးစွဲမှုကာကွယ်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ခဲ့သော တခြားဆယ်ကျော်သက်များနှင့် တွေ့ဆုံဆွေးနွေးခွင့်၊ အတွေ့အကြုံများဖလှယ်ခွင့်များရရှိပြီး မိမိဒေသတွင် ကိုယ်တိုင်ဦးဆောင်ပါဝင်နိုင်မည့် နည်းလမ်းများကိုလည်းသိရှိရမည်ဖြစ်သည်။

ပထမဆုံးအကြိမ်ကျင်းပသည့် လူငယ်နှင့်မူးယစ်ဆေးညီလာခံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် ဆယ်ကျော်သက်လူငယ်များ ပိုမိုပါဝင်လုပ်ဆောင်လာစေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံဒေသအသီးသီးမှ အသက် ၁၅ နှစ်မှ ၂၃ နှစ်ကြားရှိ ဆယ်ကျော်သက်နှင့်လူငယ် ၁၀၀ တက်ရောက်နိုင်ရန်စီစဉ်ထားကြောင်းနှင့် တခြားဒေသမှ ရန်ကုန်သို့လာရောက်ရန် ခရီးစရိတ်အခက်အခဲရှိသူများကို အကန့်အသတ်ဖြင့်ပံ့ပိုးပေးမည်ဖြစ်ကြောင်း AHEAD အဖွဲ့မှ ဒေါ်သူဇာဝင်းထံမှ သိရသည်။

လူငယ်နှင့် မူးယစ်ဆေးညီလာခံအကြောင်း ထပ်မံသိရှိလိုပါက ဆယ်ကျော်သက်လူငယ်များဖွံ့ဖြိုးရေးအဖွဲ့ ဖေ့စ်ဘွတ်ပေ့ချ် facebook.com/ahead.mm တွင် ဖတ်ရှုနိုင်ကြောင်း၊ ဖုန်း-၀၉၂၅၂၁၃၃၇၇၀ နှင့် program@ahead4teens.org သို့လည်းစုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရှိသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါးမှု ၈၁၉ မှုမှ တရားခံပေါင်း ၁၁၈၈ ဦးအား အမှုဖွင့်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၃**

၂၀၁၈ ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိမှု ၈၁၉ မှုမှ တရားခံအမျိုးသား ၁၀၆၄ ဦးနှင့် အမျိုးသမီး ၁၂၄ ဦး ပေါင်း ၁၁၈၈ ဦးအား အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှု ၈၁၉ မှုတွင် ဘိန်း ၂၈ မှုမှ ၂၄၄ ဒသမ ၃၂၄ ကီလို၊ ဘိန်းဖြူ ၂၁၈ မှုမှ ၁၅ ဒသမ ၂၇၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၆ မှုမှ ဆေးပြားပေါင်း ၁၂၉၅၆၃၅၇ ပြား၊ ဆေးခြောက်မှု ၂၀ မှ ၁ ဒသမ ၃၁၇ ကီလို၊ ဘိန်းစာမှုန့် ငါးမှုမှ ၈ ဒသမ ၇၂၈ ကီလို၊ အိုက်စ် ၅ မှုမှ ၁ ဒသမ ၀၆၇ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

**ညီညီသန်း(နေပြည်တော်)**


# ပင်လည်ဘူးမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၃**

ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၂ ရက် ညနေ ၃ နာရီခွဲက ပင်လည်ဘူးမြို့နယ် ပင်လည်ဘူး-ကောလင်းသွားကားလမ်းတွင် မြလှနှင့် စိုးဝင်းတို့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှစ်စီးကိုရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၆၆ ခွက်(ဘိန်းဖြူအလေးချိန် ၆၆၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့နံနက် ၁၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့နယ် မန္တလေး-ကျောက်ဆည်သွားကားလမ်း လက်ပံကျေးရွာလမ်းဆုံ အရှေ့ဘက် လက်ဖက်ရည်ဆိုင်တွင် သက်နိုင်ဦး(ခ)မိကိုကြီးနှင့် မိုးထောင်တို့ကို ရှာဖွေရာ မိုးထောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချင်းရွှေဟော်မြို့ လောက်ကိုင်-ချင်းရွှေဟော်သွားကားလမ်းတွင် မဟွမ်းလူချင် မောင်းနှင်ပြီး ဖူကျွင်းပေါင် လိုက်ပါလာသည့် SURF မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ နှင့် ဘိန်းဖြူ ၉၀ ဂရမ် ကိုလည်းကောင်း၊ အလားတူ ည ၇ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကာလိမြို့ တာကော်တံတား၌ အိုက်ကျော်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**မြလှနှင့် စိုးဝင်းတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# ပအိုဝ်းတိုင်းရင်းသားစာပေသင် ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး သထုံတွင် မွမ်းမံသင်တန်းဖွင့်လှစ်

**သထုံ ဧပြီ ၂၃**



လာမည့်ပညာသင်နှစ်တွင် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ပအိုဝ်းတိုင်းရင်းသားစာပေသင်ကြားပေးကြမည့် ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေးအတွက် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အရည်အသွေးမြှင့် မွမ်းမံသင်တန်းကို သထုံမြို့နယ် နောင်ကုလားကျေးရွာ လေသာမြိုင်ကျောင်းတိုက်၌ ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။

သင်တန်းကို အဆင့်နှစ်မျိုးခွဲ၍ သင်ကြားပေးနေခြင်းဖြစ်ပြီး ယခင်နှစ်များက အခြေခံပညာကျောင်းအသီးသီး၌ ပအိုဝ်းစာသင်ကြားပေးခဲ့ကြသူများအတွက် အရည်အချင်းမြှင့်သင်တန်းနှင့် လာမည့်နှစ်တွင် စတင်သင်ကြားပေးကြမည့်သူများအတွက် အခြေခံသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း ပြည်နယ်ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဦးခွန်သန်းဝေက ပြောသည်။

"တစ်ချိန်က တိုင်းရင်းသားအများစုက လုပ်ပိုင်ခွင့်တွေ တန်းတူအခွင့်အရေးတွေ မရခဲ့ကြဘူး၊ လက်ရှိအချိန်မှာတော့ အစိုးရက တိုင်းရင်းသားတွေအတွက် တိုင်းရင်းသားစာပေ အပါအဝင် အချို့သောအခွင့်အရေးတွေကို အတိုင်းအတာတစ်ခုအထိ လုပ်ပေးတာကို မြင်တွေ့ခံစားခဲ့ရတယ်၊ ဒါပေမဲ့လည်း တိုးတက်ပြီးသားဖြစ်တဲ့ ဗမာစာပေယဉ်ကျေးမှုပေါ့နော် ဒါကိုမီဖို့ တော်တော်လေး ကြိုးစားရဦးမယ်၊ တိုင်းရင်းသားအများစုဟာ မိမိတို့ရဲ့ မိခင်ဘာသာစကား၊ စာပေယဉ်ကျေးမှုဒါတွေကို ထိန်းသိမ်းဖို့ တော်တော်ကြီးကြိုးစားရုန်းကန်နေရဆဲပါ" ဟု ဦးခွန်သန်းဝေက ဆက်ပြောသည်။

မွန်ပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာအချို့ရှိ အခြေခံပညာကျောင်းများမှ တိုင်းရင်းသား ကျောင်းသားကျောင်းသူ ၃၀၀၀ ကျော်ခန့်ကို ပအိုဝ်းစာပေသင်ကြားပေးနိုင်ခဲ့ပြီး နွေရာသီ ကျောင်းပိတ်ရက်များတွင် ပအိုဝ်းတိုင်းရင်းသား ကျေးရွာများသို့သွားရောက်ကာ ပအိုဝ်းစာပေအခြေခံ 'အ'သုံးလုံးသင်တန်းများကို လိုက်လံဖွင့်လှစ်ပေးနေကြောင်း မွန်ပြည်နယ်အတွင်း ပအိုဝ်းတိုင်းရင်းသား အရေအတွက်တစ်သိန်းဝန်းကျင်ခန့် နေထိုင်ကြပြီး တိုင်းရင်းသားစာပေ သင်ကြားပေးမည့် ဆရာ ဆရာမ အရေအတွက်မှာ ၆၀ ကျော်ခန့်သာရှိရာ လုံလောက်မှုမရှိသေးကြောင်း သိရသည်။

အဆိုပါသင်တန်းကို မွန်ပြည်နယ်အတွင်း ပအိုဝ်းစာပေသင်ကြားပေးကြမည့် တိုင်းရင်းသား ဆရာ ဆရာမ ၇၀ ခန့် တက်ရောက်ခဲ့ကြပြီး ဧပြီ ၂၀ ရက်မှ စတင်ကာ ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**

# သီတဂူသာသနာပြုအဖွဲ့ စစ်တွေနှင့် မောင်တောမြို့ရှိ ပြည်သူ့ဆေးရုံများသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**စစ်တွေ ဧပြီ ၂၃**

သီတဂူဆရာတော်ကြီး ဦးဆောင်သော သီတဂူသာသနာပြုအဖွဲ့က စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၆၅၉၆၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ မြန်မာငွေကျပ် ၁၈၆ ဒသမ ၉၁ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် တရုတ်နိုင်ငံ CHINA HANZHOU ANADA CULTURE ORGANIZATION မှ Solar System မီးလုံး ၁၀၀၀ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယနေ့လှူဒါန်းသည့် ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို အမှန်တကယ် လိုအပ်နေသူများနှင့် လိုအပ်သည့်ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးရောက်ရှိရန် ဆောင်ရွက်ပြီး အမြန်ဆုံး အသုံးပြုသွားမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၏ ဒေသလုံခြုံမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆိုလာမီးရရှိမှု၊ လျှပ်စစ်မီးရရှိမှုသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ယခုကဲ့သို့ လျှပ်စစ်မီးနှင့် ဆိုလာမီးများရရှိခြင်းသည် ဒေသတွင်ရှိသည့် အခြေခံလူတန်းစားများအတွက် လက်တွေ့ကျပြီး များစွာအကျိုးပြုသော လုပ်ငန်းဖြစ်သည့်အတွက် လှူဒါန်းမှုအပေါ် အထူးကျေးဇူးတင်ပါကြောင်း၊ အလှူရှင်များအနေဖြင့်လည်း မိမိတို့နှင့် ဆက်လက်ပူးပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးကျော်မိုးနိုင်၊ ဆရာတော်ဓမ္မရတန က ဆိုလာမီးလုံးများ ပေးအပ်လှူဒါန်းရခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ဆေးရုံသုံးပစ္စည်းများအား သီတဂူသာသနာပြုအဖွဲ့က ပေးအပ်ရာ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာမောင်မောင်သန်းက လည်းကောင်း၊ မောင်တောမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများအား မောင်တောမြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာကျော်မောင်မောင်သိန်းက လည်းကောင်း လက်ခံရယူကြသည်။ ယင်းနောက် တရုတ်နိုင်ငံ CHINA HANZHOU ANADA CULTURE ORGANIZATION မှ ဆိုလာမီးလုံး ၁၀၀၀ အား တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့က ပေးအပ်ရာ ရခိုင်ပြည်နယ် အလှူငွေနှင့် ပစ္စည်းလက်ခံဖြန့်ဖြူးရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ်က လက်ခံရယူပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**





# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရေး ဆွေးနွေး

**စစ်တွေ ဧပြီ ၂၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် Taipei Economic and Cultural Office in Myanmar မှ ကိုယ်စားလှယ် Chun-Fu CHANG နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန့်သော်ကောင်းတို့အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရေး၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး ခရိုင်ရုံးများနှင့် မြို့နယ်ရုံးများရှိ စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ရေး၊ ကွန်ပျူတာသင်တန်းများဖွင့်လှစ်ရေး၊ ရွေ့လျားစာကြည့်တိုက် (Mobile Library) ဖြင့် ပြည်သူကို အသိပညာဗဟုသုတများ ဖြန့်ဝေပေးနိုင်ရေးနှင့် အဆိုပါလုပ်ငန်းများတွင် ပြည်နယ်အစိုးရအဖွဲ့မှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်က မောင်တောမြို့နယ် ခုံတိုင်ကျေးရွာ၌ မြို့တိုင်းရင်းသားများအတွက် နေအိမ်အလုံး ၃၀ အား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် Taipei Economic and Cultural Office in Myanmar တို့မှ ဆောက်လုပ်လှူဒါန်းပေးခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မှိုဝင်ချောင်းဝကင်းစခန်းအနီး နေရပ်စွန့်ခွာရောက်ရှိသူများအား ၎င်းတို့၏နေရပ်သို့ ချောမောစွာ ပြန်လည်ပို့ဆောင်

**မောင်တော ဧပြီ ၂၃**

ရသေ့တောင်မြို့နယ် ဆင်ခုံတိုင်ကျေးရွာနေ အစ္စလာမ်ဘာသာဝင် အိမ်ထောင်စု ခုနစ်စုမှ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၄၆ ဦးသည် တစ်ဖက်နိုင်ငံသို့ ထွက်ခွာရန် မောင်တောမြို့နယ် မှိုဝင်ချောင်းဝကင်းစခန်းအနီး နေရပ်စွန့်ခွာရောက်ရှိလာကြပြီး ၎င်းတို့၏သဘောဆန္ဒအရ နေရပ်သို့ ပြန်သွားလိုကြောင်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ အကြောင်းကြားသတင်းပို့လာခဲ့ကြောင်း သိရသည်။

ထိုသို့ သတင်းပေးပို့မှုကြောင့် ယနေ့မွန်းလွဲပိုင်းတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ မောင်တောခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်ကြီး၊ မောင်တောမြို့နယ် မြင်းလွတ်မြို့အုပ်ချုပ်ရေးမှူး ဦးဇာနည်ထွန်းတို့က ၎င်းတို့အား သွားရောက်တွေ့ဆုံကာ အိမ်ထောင်စုအလိုက် ရိက္ခာဆန်များကို လတ်တလော ထောက်ပံ့ပေးအပ်ခဲ့ပြီး နေရပ်စွန့်ခွာသူများအား မောင်တော-ဘူးသီးတောင် ကားလမ်းအတိုင်း ပြန်လည်ခေါ်ဆောင်ကာ ညနေပိုင်းတွင် ဘူးသီးတောင်မြို့နယ် ညောင်ချောင်း အမှတ် (၁၀)နယ်မြေစခန်း၌ ရသေ့တောင်မြို့နယ်မှ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက စောင့်ကြို၍ လွှဲပြောင်းလက်ခံဆောင်ရွက်ပြီး စက်လှေဖြင့် ၎င်းတို့၏နေရပ်သို့ ချောမောစွာ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**





# လှိုင်သာယာ ထိန်ပင်အမှိုက်ပုံမီးလောင်မှု မိုးရွာသလို ရေလောင်းနိုင်မှ အမြန်ဆုံးငြိမ်းမည်ဟုဆို

ရန်ကုန်　မေ　၂၃

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံတွင် မေ ၂၁ ရက်မှစ၍ အမှိုက်များမီးလောင်မှုဖြစ်ပွားခြင်းကြောင့် လှိုင်သာယာမြို့နယ်အပါအဝင် ဆက်စပ်မြို့နယ်များမှ ပြည်သူများ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါမီးလောင်မှု ဖြစ်ပွားရခြင်းအခြေအနေ၊ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်**

**မေး။ ။ ထိန်ပင်အမှိုက်ပုံ မီးလောင်မှုနဲ့ပတ်သက်ပြီး အသေးစိတ်ပြောပြပေးပါ။**

ဖြေ။ ။ အမှိုက်ပုံတွေ မီးလောင်မှုဖြစ်တာ သိပ်တော့ မထူးဆန်းပါဘူး။ အာရှနိုင်ငံတွေမှာဆိုရင် အမှိုက်ပုံတွေကို တွင်းတူးပြီးတော့ စုပုံစနစ်နဲ့ သုံးတယ်။ အဲဒီလိုစုပုံတဲ့နေရာမှာ အမှိုက်ထုပေါ်မှာမူတည်ပြီး တချို့နေရာမှာ ခုနစ်ပေ၊ ရှစ်ပေရှိတယ်။ တချို့နေရာမှာကျတော့ ၁၅ ပေလောက်ထိ တွင်းတူးထားတာတွေရှိတယ်။ အမှိုက်ကို တကယ်ပုံသင့်တာ ပုံတဲ့အလွှာတူရမယ်။ တွင်းတူးပြီး အမှိုက်ပုံတော့ တွင်းထဲမှာလည်း အမှိုက်ရှိတယ်။ တွင်းပေါ်မှာလည်း အမှိုက်ရှိတယ်။ အမှိုက်ရှိတော့ မြေကြီးထဲမှာ အစိုဓာတ်ရှိတယ်။ အမှိုက်ထဲမှာလည်း အော်ဂဲနစ်တွေများတယ်။ စိုစွတ်တာတွေများတော့ အမှိုက်ထဲကနေ မီသိန်းဓာတ်ငွေ့ ထွက်တယ်။ မီသိန်းဓာတ်ငွေ့ကို စနစ်တကျ ပြန်ထုတ်မယ်ဆိုရင် မော်တော်ယာဉ်မောင်းတာတွေမှာ ပြန်သုံးလို့ရတယ်။ နိုင်ငံတကာမှာ အမှိုက်ပုံတွေကို အလွှာမတူဘဲပုံလိုက်တော့ မီသိန်းဓာတ်ငွေ့တွေဟာ နေ့တိုင်းထွက်တယ်။ အမှိုက်ပုံအလွှာမတူတော့ အဲဒီထဲမှာ ခိုအောင်းနေတဲ့ မီသိန်းဓာတ်ငွေ့တွေဟာ တစ်ကျောတည်း မဆက်ဘူး။ အလွှာလိုက်ရှိနေတယ်။ အမှိုက်ကိုပုံလိုက်တဲ့အခါ အမှိုက်ကြားထဲတွေမှာ မီသိန်းဓာတ်ငွေ့တွေ ဝင်နေတယ်။ တချို့ကျတော့ ပေါ့ပါးပြီး အမှိုက်ပုံရဲ့ အပေါ်တက်ပြီး လေထဲရောက်သွားတယ်။ နေအရမ်းပူတဲ့အချိန်မှာ ဓာတ်ငွေ့တွေဟာ တံလျှပ်လိုထွက်နေတာကို မြင်ရတယ်။ အမှိုက်ပုံတွေမှာ ဒီလိုရာသီဆို ဂက်(စ်)က အဲဒီလိုမျိုးထွက်တယ်။ ပတ်ဝန်းကျင်ရဲ့အပူချိန်က မြင့်တယ်။ အမှိုက်ပုံထဲက မီသိန်းဓာတ်ငွေ့ထွက်တဲ့အချိန်မှာ လေဟာနယ်လို ဖြစ်သွားတယ်။ လေဆင်နှာမောင်းလို တိုက်တယ်။ အဲဒီနားမှာ အောက်ဆီဂျင်မရှိတော့ဘူး။ အောက်ဆီဂျင်မရှိတဲ့အချိန်မှာ လေပွေကြောင့် အမှိုက်တွေ အချင်းချင်းပွတ်တယ်။ ပွတ်တဲ့အပူရယ်၊ ပြင်ပအပူချိန်ရယ်၊ အောက်ကထွက်နေတဲ့ မီသိန်းဓာတ်ငွေ့ရယ် သုံးမျိုးပေါင်းပြီးတော့ အလိုအလျောက်မီးလောင်တယ်။ တချို့အမှိုက်ပုံတွေဆို အောက်မှာလှိုက်လောင်နေတယ်။ မီးခိုးလည်းမထွက်ဘူး။ မြင်လည်း မမြင်ရဘူး။ လူတွေ လမ်းလျှောက်လိုက်တဲ့အခါမှာပဲဖြစ်ဖြစ်၊ တိရစ္ဆာန်တွေ သွားတဲ့အခါမှာပဲဖြစ်ဖြစ်၊ စက်ယန္တရားတွေ သွားတဲ့အခါမှာပဲဖြစ်ဖြစ် ကျွံကျသွားတယ်။ အဲဒီအခါကျမှ မီးသွေးလို ဆွေးမြည့်နေတာကို တွေ့ရတယ်။ အမှိုက်ပုံမှာ မီးလောင်တဲ့ကိစ္စက အပူချိန်ကြောင့်ရယ်၊ လေပွေကြောင့်ရယ်၊ မီသိန်းဓာတ်ငွေ့ထွက်တာကြောင့်ရယ် လောင်တာဖြစ်တယ်။

**မေး။ ။ အမှိုက်ပုံမီးလောင်မှုအပေါ် ဆရာတို့ဌာနအနေနဲ့ လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေလေး ပြောပြပေးပါ။**

ဖြေ။ ။ အခုအမှိုက်ပုံတည်ရှိတဲ့နေရာက ကွင်းပြင်ကြီးဖြစ်တယ်။ ဧက ၁၂၀ လောက်ရှိတယ်။ ဧက ၈၀ လောက်က အမှိုက်တွေနဲ့ ပြည့်နေတယ်။ ဖြစ်စဉ်ဖြစ်တာ စနေနေ့ မနက်ပိုင်းလောက်ကစဖြစ်တယ်။ ပထမနေ့မှာ သိသိချင်း ဌာနမှာရှိတဲ့ ရေကားတွေနဲ့ဖျန်းလိုက်တယ်။ မီးသတ်ကား ၁၉ စီး၊ ရေကား ခုနစ်စီးနဲ့ အဆင်သင့်စောင့်ပြီး လုပ်နေတယ်။ အိမ်မီးလောင်တာဆိုရင် အိမ်ထဲကို တိုက်ရိုက်ရေဖျန်းလို့ရတယ်။ အခုဟာက အဲဒီလိုဖျန်းလို့မရဘူး။ သွားတဲ့လမ်းကြောင်းကို ပိတ်ပြီးတော့မှ လုပ်လို့ရတယ်။ မီးသတ်ကားနဲ့ ရေလောင်းလိုက်တော့ မီးခိုးငြိမ်သွားတယ်။ ကွင်းပြင်ကြီးဆိုတော့ အဲနေရာကပျောက်သွားပြီ နောက်တစ်နေရာမှာ ထပ်ဖြစ်တယ်။ အောက်ထဲမှာ လှိုက်လောင်နေတယ်။ မီးခိုးလည်း မထွက်ဘူး။ နောက်နေ့ တနင်္ဂနွေနေ့မနက်မှာ မီးခိုးတွေ မည်းသွားပြီး လေတိုက်တဲ့အချိန်မှာ ကွင်းပြင်တစ်ခုလုံးက မီးခိုးတွေနဲ့အုပ်ပြီး ဘာမှမမြင်ရတော့ဘူး။ ရေလောင်းရင်တော့ ပြည့်ဝစွာမလောင်ကျွမ်းဘူး။ မလောင်ကျွမ်းနိုင်ရင် မီးခိုးငွေ့ထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်တို့၊ ကာဗွန်မိုနောက်ဆိုက်တို့၊ ဘိုဒိုင်းအော်ဂဲနစ်တို့ ဓာတ်ငွေ့တွေ ပါနိုင်တယ်။ ရေမလောင်းဘဲထားလိုက်ရင် ကာဗွန်ဒိုင်အောက်ဆိုက်ထွက်မယ်။ ကာဗွန်မိုနောက်ဆိုက် ဒီနှစ်မျိုးပဲ ထွက်တော့မယ်။ ဘိုဒိုင်းအော်ဂဲနစ်ကွန်ပေါင်း မထွက်တော့ဘူး။ မီးလောင်တဲ့အချိန်မှာ ရေကိုနိုင်အောင် လောင်းရင် ဘာပြဿနာမှမရှိဘူး။ ရေကိုမနိုင်ဘဲ သွားလောင်းရင် ပြဿနာပိုကြီးတယ်။ ရေကို မစို့မပို့ သွားလောင်းရင် ရေထဲမှာပါတဲ့ အောက်ဆီဂျင်နဲ့ ဟိုက်ဒရိုဂျင်ကနေပြီးတော့ ပြန်ပြီးမီးလောင်တယ်။ မီးလောင်တာကို ပိုမကျယ်အောင်ဘဲ လုပ်လို့ရမယ်။ ဥပမာ- မီးသွားတဲ့လမ်းကြောင်းကို ကြိုပြီးတော ရေရွှဲနစ်နေအောင် လုပ်ရမယ်။ နောက်တစ်ခါ အခုလို မီးလောင်ချိန်မှာ အဲဒီနားကို လူလည်းကပ်လို့မရသလို မီးသတ်ကားလည်း ကပ်လို့မရဘူး။ သွားရင် ကျွံသွားနိုင်တယ်။ ကိုယ်လည်း မမြင်နိုင်ဘူး။ တကယ်လုပ်မယ်ဆိုရင် ဒိုဆာ လေး၊ငါးခြောက်စီးနဲ့ လမ်းကြောင်းတွေဖွင့်ပြီး ရှင်းထုတ်မှရမယ်။ သူ့ကိုငြိမ်းသတ်ဖို့ဆိုရင် ကျွန်တော်ခန့်မှန်းတာတော့ အနည်းဆုံး မေ ၂၇ ရက် လောက်မှ လောင်စာကုန်ပြီး မီးလောင်တာ ရပ်သွားလိမ့်မယ်။ လောလောဆယ်တော့ ဘာမှလုပ်လို့မရဘူး။ တခြားကို မကူးစက်အောင်ဘဲ လုပ်လို့ရမယ်။ မိုးရွာသလို လောင်းနိုင်ရင်တော့ ကောင်းတယ်။

**မေး။ ။ ဒီမီးလောင်မှုနဲ့ပတ်သက်ပြီး ပြည်သူတွေကို ဘာများ ပြောချင်ပါလဲ။**

ဖြေ။ ။ အမှိုက်မီးလောင်မှုကြောင့် ထွက်သွားတဲ့အမှုန်တွေကတော့ လေထဲပဲသွားမှာ။ ပြည်သူတွေ အန္တရာယ်မရှိအောင် mask တွေ တပ်ဖို့လိုတယ်။ မီးခိုးအနံ့ကြောင့်တော့ ရင်ကျပ်တာတွေ ဖြစ်နိုင်တယ်။ အဆုတ်ရောဂါရှိတယ်ဆိုရင်လည်း ချောင်းပိုဆိုးနိုင်တယ်။ ရင်ဘတ်အောင့်တာတို့၊ အသက်ရှူကျပ်တာတို့ဖြစ်ရင် နီးစပ်ရာဆေးခန်းကို အမြန်ဆုံးပြသင့်တယ်။

**သတင်းနှင့် ဓာတ်ပုံ- ဇာနည်မောင်၊ အေးမင်းသူ**



# ထိန်ပင်အမှိုက်ပုံမီးကြောင့် ပြည်သူများ ပလတ်စတစ်ညှော်နံ့ ရှူရှိုက်နေရ

**ရန်ကုန်　မေ　၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်အနီးရှိ အမှိုက်ပုံမီးလောင်ကျွမ်းမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ရှစ်မြို့နယ်သို့ ပလတ်စတစ်ညှော်နံ့များ မေ ၂၁ ရက်မှ စတင်ပျံ့နှံ့၍ ပြည်သူများ ယနေ့အထိ ရှူရှိုက်နေရကြောင်း သိရသည်။

"အမှိုက်ပုံက နှစ်အတော်ကြာနေပြီ၊ ဒါကြောင့် မီးငြိမ်းသတ်ရတာခက်ခဲတယ်၊ အပေါ်ယံ လောင်တာဆိုရင် အလွယ်တကူငြိမ်းလို့ရပြီး အတွင်းလှိုက်လောင်နေတဲ့ မီးဖြစ်နေတော့ ဘက်စုံနည်းစနစ် ငြိမ်းသတ်နေရပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါ မီးလောင်ကျွမ်းမှုမှ ပလတ်စတစ်ညှော်နံ့မှာ ဒဂုံမြို့သစ်(အရှေ့၊ တောင်၊ မြောက်)ထိ ပျံ့နှံ့သကဲ့သို့ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာ၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ လှိုင်၊ အလုံမြို့နယ်များထိ ပျံ့နှံ့ကြောင်း ဒေသခံ ပြည်သူများထံမှ ကြားသိရသည်။

"ဒီအမှိုက်ပုံသက်တမ်းက နှစ်ပေါင်း၂၀၊ ၄၀ လောက်ရှိတယ်၊ တစ်ခါမှ ဒီလိုလောင်ကျွမ်းမှုမျိုး မဖြစ်ခဲ့ဘူး၊ ခုလောင်ကျွမ်းတာကလည်း ဘယ်အချိန်က လောင်ကျွမ်းတယ်ဆိုတာ မသိရဘူး၊ ပလတ်စတစ်ညှော်နံ့ကတော့ မေ ၂၁ ရက်မှ ၂၃ ရက်အထိ မြို့နယ်တွေမှာ နံနက် တစ်ကြိမ်၊ ညတစ်ကြိမ် ရှူရှိုက်နေကြရတယ်"ဟု ပလတ်စတစ်ညှော်နံ့ ခံစားနေရသော မြို့နေပြည်သူများထံမှ သိရသည်။

**ထွန်းဝင်း**

# နှမ်းစပါးစံကွက်ရိတ်သိမ်း တစ်ဧက ၁၁၃ တင်း ထွက်ရှိ

**ဖြူး　မေ　၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ညောင်ပင်သာဒေသအတွင်းရှိ ကျေးရွာအုပ်စုအချို့ဖြစ်သည့် ပေါက်ဇလုတ်၊ လှသင်းမောင်၊ ဇဟားကြီး၊ ကင်ပွန်းခြုံ စသည့်ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဖြူးချောင်းဘက်စုံရေလှောင်တမံမှ ရေပေးမြောင်း၊ လက်ဝဲ၊ လက်ယာတူးမြောင်းများကို တူးဖော်လျက်ရှိရာ တူးမြောင်းများမပြီးခင် ဖြူးမြို့နယ် ဇဟားချောင်းမှတစ်ဆင့် ဆည်ရေများလွှတ်ပေးခဲ့ပြီး နှမ်းစပါးများစိုက်ပျိုးစေခဲ့ကြရာ မေ ၂၁ ရက်က တောင်သူ ဦးဘဂျမ်း၏ နှမ်းစပါး ကိုးဧကမှ စပါးမျိုးထိုင်း ၉၀ ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကြီးကြပ်၍ နှမ်းစပါးစံကွက် ရိတ်သိမ်းကြရာ တစ်ဧက တင်း ၁၁၃ တင်းထွက်ရှိကြောင်း သိရသည်။

**ဖြူး(မြင့်ဦး)**

# နှမ်းစပါး ဖြစ်ထွန်းအောင်မြင်သော်လည်း အခြေခံလုပ်သားလိုအပ်နေ

**ရေး မေ ၂၃**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း နှမ်းစပါးစိုက်ပျိုးရေး လုပ်ငန်းကဏ္ဍများတွင် စပါးမျိုး၊ နည်းပညာပိုင်းနှင့် စက်ယန္တရားများ အကူအညီရနေသော်လည်း အခြေခံလုပ်သားရှားပါးမှု ရှိနေကြောင်း တောင်သူများထံမှ သိရသည်။



"စိုက်ပျိုးရေးဌာနက မျိုးစပါးနဲ့ နည်းပညာပံ့ပိုးမှုရှိပေမယ့် အရင်နှစ်တွေလောက် အလုပ်သမားရှားပါးမှုနဲ့ အလုပ်သမားစရိတ်တွေ မြင့်တက်လာတဲ့အတွက် စပါးထုတ်တဲ့နေရာမှာ အမြတ်အစွန်းက သိပ်မကျန်ဘူး၊ အခုလို အကူညီတွေရလိုသာ အမြတ်အစွန်းအနည်းငယ် ရရှိပါတယ်"ဟု ဒေသခံတောင်သူ ဦးထွန်းမင်းထွေးက ပြောသည်။

"စိုက်ပျိုးရေးဦးစီးဌာနမှ ထိုင်းနှံကောက် မုဒုံမျိုးဆင်းသုခစပါးမျိုးနဲ့ နည်းပညာတွေပါ ပံ့ပိုးပေးပါတယ်၊ ရေတံခါးဆည်မြောင်း ပျက်စီးမှုရှိတဲ့နေရာတွေမှာ နှမ်းစပါးအထွက်နှုန်း ကျဆင်းလာနေပေမယ့် ရေရရှိတဲ့နေရာတွေကတော့ နှမ်းစပါးဖြစ်ထွန်း အောင်မြင်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်လှလှဝင်းက ပြောသည်။

ရေးမြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနမှတ်တမ်းများအရ နှမ်းစပါး စိုက်ပျိုးဧကပေါင်း ၁၆၉ ဧက ခန့်ရှိပြီး တောင်သူများအား မျိုးစပါးအပြင် နည်းပညာလည်း ကူညီပံ့ပိုးပေးသည့်အတွက်ကြောင့် ယခုနှစ် နှမ်းစပါးအထွက်နှုန်းပါ ကောင်းနေကြောင်း သိရသည်။

**ထွင်ရှိထွင်ရှိ(ရေး)**

# မန်ယူမှ ပြောင်းရွှေ့ရန် စိတ်ကူးမရှိဟု ကွင်းလယ်ကစားသမား ပေါ့ဘာ ပြောပြီ

လာမယ့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ မန်ယူမှ ထွက်ခွာမည်ဟု သတင်းပြေးနေသည့် မန်ယူကွင်းလယ်စူပါစတား ပေါ့ဘာက သူ့အနေဖြင့် လက်ရှိပစ္စုပ္ပန်ကိုပဲ အာရုံစိုက်ထားပြီး အပြောင်းအရွှေ့ကိစ္စရပ်ကို ခေါင်းထဲထည့်စဉ်းစားထားခြင်းမရှိကြောင်း ပြောကြားလိုက်ခြင်းဖြင့် မန်ယူတွင်သာ ဆက်ရှိနေမည်ဆိုသည်ကို နိမိတ်ပြလိုက်ပြီဖြစ်သည်။

ပေါ့ဘာက နည်းပြ မော်ရင်ဟိုနှင့် သူ့ကြားတွင်လည်း ပြဿနာတစ်စုံတစ်ရာမရှိကြောင်းကို "သူ(မော်ရင်ဟို)က နည်းပြပါ၊ ဆုံးဖြတ်ချက်ချမှတ်တာက သူ့အလုပ်ပါ၊ ကျွန်တော်က ကစားသမားဖြစ်ပြီး ဒါကို လက်ခံရမှာပါ၊ ဒီလောက်ပါပဲ"ဟု ပြောကြားခဲ့သည်။

ပေါ့ဘာက သူ့ကို ချိတ်ဆက်သမျှသာ လိုက်နားထောင်နေမည်ဆိုပါက သူ့အနေဖြင့် တစ်ကမ္ဘာလုံးရှိ နေရာစုံသို့ ရောက်ရှိနေမည်ဖြစ်ကြောင်း၊ အက်ဖ်အေဖလားဗိုလ်လုပွဲနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲကိုသာ အာရုံစိုက်ထားကြောင်း တုံ့ပြန်ပြောကြားသွားခဲ့သည်။




မေလှဲ့သင်း - ရေးသားသည်




# ပရီမီယာလိဂ်တွင် အောင်မြင်သည့်ကစားသမားဖြစ်ချင်ခဲ့သည့်ဆန္ဒပြည့်ဝခဲ့ပြီဟု ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုရ ဆာလတ်ပြောကြား

လီဗာပူးတိုက်စစ်မှူး ဆာလတ်က ချယ်လ်ဆီးမှ ထွက်ခွာခဲ့ရစဉ် ပရီမီယာလိဂ်တွင် အောင်မြင်သည့် ကစားသမားတစ်ဦးဖြစ်ရန် ဆန္ဒရှိခဲ့ပြီး လီဗာပူးသို့ ပြန်လည်ရောက်ရှိချိန်တွင် မတူညီသည့် စွမ်းဆောင်ရည်များပြသနိုင်ခဲ့ခြင်းအတွက် မိမိကိုယ်မိမိ ကျေနပ်မိကြောင်း ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့မှ ချီးမြှင့်သည့်တစ်နှစ်တာအကောင်းဆုံးကစားသမားဆု(PFA)လက်ခံရယူအပြီးတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ဆာလတ်က "ဒီဆုက ကစားသမားတွေရဲ့ မဲပေးမှုနဲ့ရတာဖြစ်တဲ့အတွက် ဂုဏ်ယူစရာပါ၊ ဒီဆုရရှိတဲ့အတွက် ကျွန်တော် ပျော်လည်းပျော်ရွှင်သလို ဂုဏ်လည်းယူပါတယ်ဗျာ၊ ကျွန်တော် ချယ်လ်ဆီးမှာတော့ အခွင့်အရေးမရခဲ့ပါဘူး၊ ကျွန်တော့်ရဲ့ ဘောလုံးနဲ့ ပတ်သက်တဲ့ စွမ်းဆောင်ရည်ကိုပြသဖို့ ဒီကို ပြန်လာတယ်ဆိုတာ ရှင်းပါတယ်၊ ဒီနေရာကို မတူညီတဲ့သူတစ်ယောက်အဖြစ်၊ ကစားသမားတစ်ယောက်အဖြစ် ပြန်လာနိုင်ခဲ့တယ်လို့ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆာလတ်အနေဖြင့် PFA ဆု ရရှိခဲ့သည်ဆိုသည့် တရားဝင်ကြေညာချက်ထွက်မလာမီ တစ်နာရီလောက်အလိုကတည်းက ဂယ်ရီလိုင်နီကာက သူ၏ တွစ်တာစာမျက်နှာပေါ်တွင် ယခုနှစ် PFA ဆုရှင်မှာ ဆာလာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။ ဆာလတ်မှာ မန်စီးတီးကွင်းလယ်လူ ဒီဘရိုင်းကို မဲအရေအတွက် အပြတ်အသတ်အသာရကာ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဆာလတ်မှာ မဲအရေအတွက်၏ ၇၆ ရာခိုင်နှုန်းရရှိခဲ့ပြီး ဒီဘရိုင်းက ၁၄ ရာခိုင်နှုန်း၊ မန်ယူဂိုးသမား ဒီဂီယာက ခြောက်ရာခိုင်နှုန်း၊ စပါးတိုက်စစ်မှူး ကိန်းက သုံးရာခိုင်နှုန်း အသီးသီး ရရှိခဲ့ကြခြင်းဖြစ်သည်။

ဆာလတ်မှာ ပြီးခဲ့သည့်နွေဈေးကွက် ရိုးမားမှ လီဗာပူးသို့ ပေါင် ၃၄သန်းဖြင့် ရောက်ရှိလာခဲ့ပြီးနောက် ယခုနှစ်ပရီမီယာလိဂ်ဂိုးပါဝင်ပတ်သက်မှုတွင် အကြိမ် ၄၀( ကိုယ်တိုင်သွင်းဂိုးယူမှု ၃၁ဂိုး၊ ဂိုးဖန်တီးမှုကိုးကြိမ်)အထိ ပြုလုပ်ထားနိုင်သည့် ကစားသမားဖြစ်သည်။ မန်စီးတီးနည်းပြ ဂွါဒီယိုလာက မဲပေးရွေးချယ်မှု အများစုမှာ ကိန်းဂဏန်းများအပေါ်တွင်သာ ကြည့်ရှုလေ့ရှိကြသော်လည်း သူ့အတွက်မူ ဒီဘရိုင်းသာ ပရီမီယာလိဂ် တစ်နှစ်တာ အကောင်းဆုံးကစားသမားဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။




# မန်စီးတီးတောင်ပံကစားသမား လီရွိုင်းဆာနေး ပီအက်ဖ်အေတစ်နှစ်တာလူငယ်အကောင်းဆုံးဆုဆွတ်ခူး

မန်စီးတီးအသင်းတောင်ပံကစားသမား လီရွိုင်းဆာနေးသည် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)က ချီးမြှင့်သည့် တစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဆာနေးသည် မန်စီးတီးအသင်းအတွက် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုးကိုးဂိုးသွင်းယူထားကာ ဂိုးဖန်တီးမှု ၁၁ ကြိမ်အထိပြုလုပ်ထားနိုင်ခဲ့ခြင်းကြောင့် တစ်နှစ်တာလူငယ်အကောင်းဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆာနေးသည် မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလားရယူနိုင်ခဲ့ရာတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ယခုပီအက်ဖ်အေတစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုကို ဟယ်ရီကိန်း၊ အီဒါဆန်၊ ရက်ရှ်ဖို့ဒ်၊ ဆက်ဆက်နန်၊ စတာလင် စသည့်ကစားသမားများကို ကျော်ဖြတ်ကာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပီအက်ဖ်အေက ချီးမြှင့်သည့် တစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုအတွက် မဲပေးရွေးချယ်ခဲ့ရာတွင် ဟယ်ရီကိန်းက ဒုတိယနှင့် စတာလင်က တတိယအသီးသီးရပ်တည်ခဲ့ကြသည်။

ပီအက်ဖ်အေတစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆု ရယူဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ၂၀၀၇ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ဖလားနှင့် ပီအက်ဖ်အေတစ်နှစ်တာ လူငယ်အကောင်းဆုံးဆုကို ပထမဆုံးအကြိမ်ရယူနိုင်ခဲ့သည့် ကစားသမား ဆာနေးဖြစ်လာခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် စီရိုနယ်လ်ဒိုက ပရီမီယာလိဂ်ဖလားရော အဆိုပါအကောင်းဆုံးဆုကိုပါ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ဘောလုံးလောက သတင်းတိုများ

- ❖ နည်းပြပိုချက်တီနိုသည် အခြားသောကလပ်အသင်းများသို့ ပြောင်းရွှေ့ရန်အတွက် အသင်းမှ ထွက်ခွာလိမ့်မည်မဟုတ်ဟု စပါးအသင်းက ယုံကြည်ထားကြောင်း သိရသည်။ နည်းပြပိုချက်တီနိုသည် အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန်ယူအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် အသင်းမှ ထွက်ခွာလိမ့်မည်ဆိုသည့်သတင်းများ ထွက်ပေါ်နေသူဖြစ်သည်။
- ❖ စပါးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် ပီအက်စ်ဂျီအသင်းမှ ဘယ်နောက်ခံကစားသမား ကာဇာဝါအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး အဆိုပါကစားသမားအား မန်ယူအသင်းကလည်း ခေါ်ယူစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။
- ❖ မန်ယူအသင်းသည် ဆီဗီလာအသင်းမှ အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကလီးမန့်လန်းလက်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ဘာစီလိုနာအသင်းနှင့်အပြိုင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ❖ နည်းပြအာစင်ဝင်းဂါးအသင်းမှ ထွက်ခွာသွားပါက အာဆင်နယ်အသင်းနည်းပြဖြစ်လာရန်မှာ ဘာစီလိုနာအသင်းနည်းပြဟောင်း အင်းနရစ်က ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိကြောင်း သိရသည်။
- ❖ အက်သလက်တီကိုမက်ဒရစ်ဂိုးသမား အိုဘလက်သည် ၂၀၂၂ ခုနှစ်အထိ စာချုပ်ထားသော်လည်း ရီးယဲလ်ဘတ်တစ်အသင်းနှင့် ဂိုးမရှိသရေကျခဲ့သည့်ပွဲစဉ်အပြီးတွင် အသင်းမှထွက်ခွာမည်ဟု သတင်းများထွက်ပေါ်ခဲ့ကြောင်း သိရသည်။

# အနာဂတ်နိုင်ငံတော်နှင့် လူငယ်များ၏အခန်းကဏ္ဍ

သန်းဖြိုးနိုင်(ကညင်ကျိုး)




လူငယ်များတွင်စွမ်းအားများစွာရှိပြီးသူတို့ကိုယ်စီတွင်ထားကြသည့်မျှော်လင့်ချက်များမှာလည်းမြင့်မားတတ်ကြပါသည်။လူငယ်များသည် လူကြီးများထက်စိတ်ကူးဉာဏ်ရင့်သန်ကြပြီးတစ်ခုခုကို အားကျကာဖြစ်လိုစိတ်များလည်း ပေါ်ပေါက်တတ်လေ့ရှိသည့်အပြင် ထိုအရာအတွက် စိတ်ကူးယဉ်အိပ်မက်များလည်းမက်တတ်လေ့ရှိကြသည်။

အချို့က စီးပွားရေးဘက်ကိုအားသန်ပြီး အောင်မြင်ကြီးပွားနေသည့် ကုမ္ပဏီပိုင်ရှင်သူဌေးကြီးများကို အားကျတတ်သည်။ အချို့က နိုင်ငံရေးဘက်တွင်ဩဇာတိက္ကမကြီးသည့်နိုင်ငံရေးသမားများကိုအားကျတတ်ကြပြီးအချို့က စာတတ်ပေတတ်ရဟန်းသံဃာကြီးများကိုအားကျတတ်ကြလေသည်။ အချို့ကမူ စာပေနယ်ပယ်တွင် အောင်မြင်ကျော်ကြားသည့် စာရေးဆရာကြီးများဖြစ်လိုကြကာအချို့ကမူစစ်တိုက်သည်ကို ငယ်ငယ်ကပင် ဝါသနာထုံပြီးစစ်ဗိုလ်ကြီးများဖြစ်ချင်ကြသည်။ အချို့မှာဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများဖြစ်ချင်ကြသည်။ ဆိုလိုသည်မှာ လူငယ်များသည် ၎င်းတို့ကျင်လည်ရာနေရာဒေသ၊ နီးစပ်မှုပတ်ဝန်းကျင်အမျိုးမျိုးအလိုက် အတွေးကိုယ်စီရှိကြလျက်ရည်မှန်းချက်ထားကြိုးစားနေကြသည်ကိုပြောလိုရင်းသာ ဖြစ်ပါသည်။

**နိုင်ငံတော်အတွက် အလွန်အရေးကြီး**

သားကြီးလာရင်စစ်ဗိုလ်ကြီးလုပ်မယ်။ သမီးကတော့ ဆရာဝန်မှဆရာဝန်ပဲ၊ သားကတော့ အင်ဂျင်နီယာကြီးဖြစ်ချင်တာနော်စသည်ဖြင့်လည်း ကျွန်ုပ်တို့နေထိုင်ရာဝန်းကျင်အတွင်း ကြားခဲ့ကြရဖူးမည်လည်း ထင်မိပါသည်။ အဆိုပါလူငယ်လေးများ၏ ဖြစ်ချင်သည့်ဆန္ဒများ၊ တစ်ချိန်တွင်ဖြစ်ရမည်ဟူသည့်မျှော်လင့်ချက်များသည် လူငယ်များအတွက် စွမ်းအားများဖြစ်ကြပါသည်။

ထို့ကြောင့်ပင်လူငယ်များတွင်စွမ်းအားရှိသည်ဟုဆိုခဲ့ရခြင်းပင်ဖြစ်သည်။ လူငယ်လေးများတွင်ဖြစ်ပေါ်လေ့ရှိတတ်ကြသည့် ထိုစွမ်းအားကိုမှန်သည့်ဘက်တွင် အသုံးချတတ်လာစေကြရန် အထူးအရေးကြီးလှပါသည်။လူကြီးများအနေဖြင့်လည်း မှန်ကန်သည့်လမ်းကြောင်းအပေါ်လျှောက်လှမ်းတတ်လာစေရန် ပြုစုပျိုးထောင်ပေးကြရမည်၊ လမ်းကြောင်းပြသ၊ ဆိုဆုံးမပေးကြရစမြဲပင်ဖြစ်ပါသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသကဲ့သို့ ကလေး၊ ကလေး အထင်မသေးနဲ့ကလေးကောင်းမှ လူကြီးကောင်းမှာ၊ လူကြီးကောင်းမှ အားလုံးကောင်းမှာဟူသည့်အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွင် ရွတ်ဆိုနေကြသည့် ကလေးများ၏ အသံကိုလည်း ယနေ့အချိန်တွင်ကြားကြရမည်ဖြစ်ပါသည်။ သည့်အတွက်ပင် လူငယ်လေးများသည် အနာဂတ်နိုင်ငံတော်အတွက် အလွန်အရေးကြီးပါသည်။ ထို့ကြောင့်လူငယ်များကိုငယ်စဉ်ကတည်းကပင်ကောင်းမွန်သည့် လူ့ဝန်းကျင်တစ်ရပ်ဖြစ်လာစေရန်နှင့် သူတို့၏အနာဂတ်ဘဝများလှပစေရေးအတွက် ယနေ့လူကြီးများက ကြိုးစားနေကြရခြင်းဖြစ်ပါသည်။

လူငယ်လေးများအနေဖြင့်လမ်းမှားမရောက်ရှိစေရေးနှင့် တိုင်းပြည်နှင့်လူမျိုးက အားထားရသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရေးမှာ အထူးအရေးကြီးလှပါသည်။ လူငယ်လေးများအနေဖြင့် မိမိကိုယ်ကိုယ်ကောင်းအောင် ကြိုးစားကြရမည်၊ နောက်မိမိနေထိုင်သည့်အိမ်၊ လူမှုဝန်းကျင်အတွင်းကောင်းအောင်ကြိုးစားကြရမည်၊ နောက်ဆုံးတွင်မူ မိမိတို့ တိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားကြရမည်သာ ဖြစ်ပါသည်။

မျိုးဆက်သစ်လူငယ်များ၏ အသိဉာဏ်ပညာကြီးမားရင့်ကျက်သည့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် နိုင်ငံရေးအယူအဆများ၊ စီးပွားရေးအသိအတွေးအခေါ်များနှင့် အခြားနယ်ပယ်အသီးသီးတွင် နိုင်ငံတော်အတွက်အားထားရမည့် လူငယ်လေးများ၏အား အထူးလိုပါသည်။ စွန့်စွန့်စားစားနှင့်မှန်မှန်ကန်ကန် တွက်ချက်ပြီးပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးရွက်သယ်ပိုးသည့် လူငယ်များ အများအပြားပေါ်ထွန်းလာရန်လည်း လိုအပ်လာနေပြီဖြစ်ပါသည်။

**မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ**

လူငယ်လေးများနှင့်ပတ်သက်၍လည်းနိုင်ငံတော်အနေဖြင့် ၎င်းတို့၏အသိဉာဏ်ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဘက်စုံထူးချွန်လာစေရန်၊ နောင်တစ်ချိန်တွင်နိုင်ငံတော်မှအားထားရသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်ပေါ်လာစေရန် ဘက်စုံလူရည်ချွန် အစီအစဉ်များချမှတ်ကာ အားပေးအားမြှောက်ပြု ဆောင်ရွက်ပေးနေသည်ကိုလည်းတွေ့ရှိကြရမည်ဖြစ်ပါသည်။

လူငယ်များအတွက် နှစ်အတော်ကြာ တိမ်မြုပ်ပျောက်ကွယ်နေသည့် ကင်းထောက်အဖွဲ့ကိုလည်း ပြန်လည်ဖွဲ့စည်းကာ ပြုစုပျိုးထောင်ပေးခဲ့သည်ကို တွေ့ရှိရပါသည်။ အနာဂတ်အတွက် လူငယ်လေးများကို ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်း ပိုင်ဆိုင်နိုင်ရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်းများလည်း နေရာဒေသမြို့ရွာအသီးသီးတွင် ပြန်လည်ဖွင့်လှစ်ကာ တနင်္ဂနွေနေ့တိုင်းတက်ရောက်သင်ကြားပေးနေသည်ကိုလည်းမြင်တွေ့နေကြရပြီဖြစ်ပါသည်။ လူငယ်များစာဖတ်စွမ်းရည် မြင့်မားလာစေရေးနှင့် စာပေများကို ပိုမိုစိတ်ဝင်စားလာစေရေးအတွက်လည်း နေရာတိုင်းတွင် စာကြည့်တိုက်များပြန်လည်ဖော်ဆောင်လာနေကြပါသည်။

ဆိုလိုချင်သည်မှာ မည်သို့ပင်ဆိုစေ၊ လူငယ်များအတွက် ၎င်းတို့၏အနာဂတ်အတွက် ကောင်းမွန်ရာ၊ အားသန်ရာကို လျှောက်လှမ်းခဲ့ကြသည့် ရွေးချယ်မှု၊ လုပ်ကိုင်ဆောင်ရွက်မှုများသည် ၎င်းတို့အတွက် ကောင်းကျိုးစီးပွားကို ဖြစ်ပေါ်စေမည်ဖြစ်သကဲ့သို့ တစ်ဖက်ကကြည့်လျှင်လည်း ထိုမှသည့်တစ်ဆင့်တက်လှမ်းကာ ၎င်းနေထိုင်ရာ လူမှုပတ်ဝန်းကျင်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက်ဖြစ်မှန်းမသိဖြစ်လာကြရလေသည်။ မိမိတို့အတွက် ကြိုးစားဆောင်ရွက်ရင်း နိုင်ငံ့သားကောင်းများဖြစ်လာကြရသည်ကို ဆိုလိုရင်းဖြစ်ပါသည်။

သို့ဖြစ်၍ယနေ့အစိုးရသစ်လက်ထက်တွင်ထိုအခြေအနေများနှင့်အတူ လူငယ်များအတွက် ထူးခြားစွာပေါ်ပေါက်လာသည့်အစီအစဉ်တစ်ခုမှာ လူငယ်စာပေလက်ရာရှင်များ ပေါ်ပေါက်လာစေရေးနှင့် အနာဂတ်အတွက်အရည်အသွေးရှိသည့် စာပေပညာရှင်များပေါ်ပေါက်လာစေရေး ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးသည့်အစီအစဉ်တစ်ရပ်ဖြစ်သည့် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ဖွင့်လှစ်ကာ နိုင်ငံပိုင်သတင်းစာတွင် လူငယ်ကလောင်ရှင်များဖိတ်ခေါ်ပြီး အထူးထုတ်စာမျက်နှာဖြင့် အပတ်စဉ်ဖော်ပြပေးလျက်ရှိနေသည့်အစီအစဉ်ပင် ဖြစ်ပါသည်။

ထိုအစီအစဉ်ဖော်ဆောင်ပေးမှုသည် ယနေ့ခေတ်လူငယ်လေးများစွာနှင့် အနာဂတ်စာပေလောကအတွက် အားတက်ဖွယ်ရာဖြစ်ကြောင်း တွေ့ရှိကြရမည်ဖြစ်လေသည်။ ထိုအစီအစဉ်ကို သတင်းစာထဲတွင် ထည့်သွင်းဖော်ဆောင်ပေးခြင်းသည်လူငယ်များ၏စာပေလက်ရာ၊ သူတို့၏ဆန်းသစ်သည့် အတွေးအမြင်နှင့် သူတို့တတ်မြောက် ကျွမ်းကျင်ပိုင်နိုင်ကြသည့် လုပ်ငန်းများအကြောင်းကို ဖွင့်လှစ်ထုတ်ဖော်ခွင့်ရစေမည့် ကောင်းမွန်သည့်အစီအစဉ်လည်းဖြစ်သလို လူငယ်များအတွက် ကြီးမားသည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါသည်။ စာအုပ်စာပေလူ့မိတ်ဆွေ၊ ဖတ်နိုင်သမျှဗဟုသုတဟုဆိုခဲ့သည်နှင့်အညီ စာဖတ်သည့်လူငယ်နှင့် စာမဖတ်သည့်လူငယ်တို့၏အရေး၊ အပြောစွမ်းရည်နှင့်အသိဉာဏ်ပညာပိုင်းဆိုင်ရာ တွေးတောလုပ်ဆောင်မှုစွမ်းရည်တို့တွင် ကွာခြားလေ့ရှိတတ်ကြသည်ကို စာဖတ်သူများအားလုံးလည်း သိရှိကြပြီးဖြစ်ကြပေမည်။

**လူငယ်များပင်ကိုဗီဇ**

လူငယ်များအနေဖြင့်လည်း ငယ်စဉ်ကပင်သင်ယူခဲ့ရသည့် သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ (နားထောင်ရမည်။ ကြံစည်ရမည်။ မေးမြန်းရမည်။ ဟောပြောပြသရမည်။ သင်ကြားရမည်။ သံသယကိုပယ်ဖျောက်ရမည်။ ရေးမှတ်၊ မှတ်သားရမည်။ဆောင်ကျက်လေ့လာရမည်)ဟူသည့် ဆုံးမစာနှင့်အညီ အစဉ်အမြဲကြံစည်တွေးတောရေးမှတ်နေမှသာ၊ သင်ကြားနေမှသာ အရည်အချင်းများတိုးတက်လျက် ထူးချွန်ထက်မြက်လာစေမည်လည်း ဖြစ်

လူငယ်တစ်ဦးစာဖတ်သည့် အလေ့အထနှင့် စာဖတ်သည်ကို နှစ်သက်သည့် အကျင့်စွဲမြဲလာစေရန် မိဘများက ပြုစုပျိုးထောင်ပေးကြရသည်သာ ဖြစ်ပါသည်။ သို့သော်လည်း အချို့လူငယ်များကမူ ပင်ကိုဗီဇပါရှိကြသလို အချို့ကမူ ဖတ်ရင်းမှတ်ရင်း လေ့လာရင်းဖြင့် စွဲမြဲသွားသည်လည်းရှိတတ်ကြလေသည်။

မည်သို့ပင်ဆိုစေ၊ စာပေမှပေးသည့်အသိများ၊ ဗဟုသုတများအရသော်လည်းကောင်း၊ ၎င်းတို့သင်ကြားတတ်မြောက်ကြသည့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုများအရသော်လည်းကောင်း၊ မိမိတို့ဝါသနာဗီဇအရသော်လည်းကောင်း၊ မိမိတို့ပတ်ဝန်းကျင်တွင်တွေ့မြင်ကြရသည့်အမြင်အကြားများမှသော်လည်းကောင်း လူငယ်များအနေဖြင့် မိမိတို့၏ဘဝရှေ့ရေးအတွက် ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို ဖော်ထုတ်ကာခွဲခြားချမှတ်တတ်သည့်အစဉ်အလာများရှိကြလေသည်။ အချို့မှာမူ မိဘများက ငယ်စဉ်ကတည်းကပင် ပုံသွင်းလေ့ကျင့်ခဲ့ကာ ၎င်းတို့ညွှန်ပြသည့်လမ်းအပေါ်တွင်သာ လျှောက်စေကြသည်ကိုလည်းတွေ့မြင်ရလေသည်။

သည့်အတွက်ပင်အချုပ်အားဖြင့် တင်ပြလိုရင်းမှာ-ကျွန်ုပ်တို့အနေဖြင့် လူငယ်များကိုပြုစုပျိုးထောင်ကာ အားပေးအားမြှောက်ပြုခြင်း၊ အလေးပေးဆက်ဆံခြင်း၊ အလေးဂရုပြုနေရာပေးခြင်း၊ ၎င်းတို့၏အတွေးအခေါ်၊ ဉာဏ်ပညာစဉ်းစားနိုင်မှုအားကို တလေးတစားနားထောင်ပေးခြင်းများ ဆောင်ရွက်ကြရမည်သာဖြစ်သည်။ ၎င်းတို့ကို လူကြီးလူကောင်းနေရာထားပြီး ၎င်းတို့သည် အနာဂတ်နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ ၎င်းတို့တွင် လုပ်နိုင်ကိုင်နိုင်သည့် စွမ်းအားများရှိကြောင်း၊ လူကြီးများက အားကိုးကြောင်းပြသကာ နိုင်ငံတော်အခမ်းအနားများသို့ ဖိတ်ကြားစေခြင်း၊ နိုင်ငံတော်အဆင့် ညစာစားပွဲများဖိတ်ခေါ်ကာ လူကြီးများနည်းတူနေရာချ အလေးပေးဆက်ဆံခြင်းများကို ပုံဖော်လုပ်ဆောင်ပေးကြရတော့မည်ဖြစ်ပါသည်။

**လူငယ်ဖိုရမ်ပွဲများ များများကျင်းပ**

ထို့ပြင်နိုင်ငံတကာတွင် ဆောင်ရွက်နေကြသည့်နည်းများအတိုင်း လွှတ်တော်အစည်းအဝေးများသို့ တက်ရောက် နားထောင်စေခြင်း၊ အနာဂတ်တွင်နိုင်ငံရေးစိတ်ပါဝင်စားမှုရှိစေရန် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးများ အစည်းအဝေးပုံစံများ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်နေရာများတွင် အသွင်ယူဝတ်စားကာပုံစံတူအစည်းအဝေးများ ကျင်းပ၍ အပြန်ပြန် အလှန်လှန်ပြောဆို တင်ပြဆွေးနွေးစေခြင်းများ၊ လူငယ်ဖိုရမ်ပွဲများများများ ကျင်းပကာဟောပြောစေခြင်းများအပြင် လူငယ်များစွာအတွက် ပြည်တွင်းနှင့် ပြည်ပနိုင်ငံတကာသို့ လေ့လာရေးအစီအစဉ်များကို နိုင်ငံတော်အစီအစဉ်များဖြင့် အကြိမ်ရေများများဆောင်ရွက်ပေးကြရမည်သာဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် အနာဂတ်လူငယ်များ နိုင်ငံရေးအသိအမြင် ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရေးနှင့် လူတိုင်းကိုယ်စီနိုင်ငံသားတစ်ဦးအနေဖြင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ အပြည့်အဝ ရရှိခံစားစံစားနိုင်ရေးအတွက် ပညာရေးကဏ္ဍများ၊ သင်ကြားရေးအစီအစဉ်များတွင်လည်း နိုင်ငံတကာနည်းတူ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဘာသာရပ်များ ထည့်သွင်းသင်ကြားသင့်ကြပါကြောင်း လူငယ်များ၏ အနာဂတ်နောင်ရေးအတွက် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

> လူငယ်လေးများနှင့်ပတ်သက်၍လည်း နိုင်ငံတော်အနေဖြင့် ၎င်းတို့အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဘက်စုံထူးချွန်လာစေရန်၊ နောင်တစ်ချိန်တွင် နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ပေါ်လာစေရန် အားပေး . . .

## စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျေးရွာ ၈၁ ရွာ ရေပေးဝေရေးလုပ်ငန်းများ လုပ်ဆောင်ပေးမည်

**မုံရွာ ဧပြီ ၂၃**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ကိုးခုမှ ကျေးရွာပေါင်း ၈၁ ရွာတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၂၂၅ ဒသမ ၆၈၃ သန်းဖြင့် ရေရရှိရေးနည်းလမ်း ခြောက်မျိုးဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျေးလက်နေပြည်သူတွေ သန့်ရှင်းသော သောက်သုံးရေအလုံအလောက်ရရှိရေးကို ဘဏ္ဍာနှစ်အလိုက် လုပ်ဆောင်ပေးတာပါ။ အခုဘဏ္ဍာနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လအတွင်းမှာ အခုရေရရှိရေးလုပ်ငန်းအားလုံးကို အပြီးလုပ်ဆောင်ပေးသွားမှာပါ။ လုပ်ငန်းအားလုံးရဲ့ ကုန်ကျငွေကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေကျပ် ၁၂၂၅ ဒသမ ၆၈၃ သန်းနဲ့ လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဧပြီလမှ စက်တင်ဘာလအထိ ကျေးလက်ရေရရှိရေးလုပ်ငန်းများအဖြစ် ကလေးခရိုင်အတွင်းရှိ ကျေးရွာ ၁၀ ရွာတွင် တွင်းနက် ခုနစ်တွင်း၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း သုံးခုအား ငွေကျပ် ၁၆၉ သန်းဖြင့်လည်းကောင်း၊ ကသာခရိုင်အတွင်းရှိ ကျေးရွာ ၁၉ ရွာတွင် တွင်းတိမ် တစ်တွင်း၊ တွင်းနက် ၁၁ တွင်း၊ လက်တူးတွင်း သုံးတွင်းနှင့် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း လေးခုအား ငွေကျပ် ၂၄၆ သန်းဖြင့်လည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်းရှိ ကျေးရွာခုနစ်ရွာတွင် တွင်းနက် ခုနစ်တွင်းအား ငွေကျပ် ၈၉ သန်းဖြင့်လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာခြောက်ရွာတွင် တွင်းနက်လေးတွင်း၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း နှစ်ခုကို ငွေကျပ် ၈၃ ဒသမ ၂၀၀ သန်းဖြင့်လည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာ ခုနစ်ရွာတွင် တွင်းနက် နှစ်တွင်း၊ အခြားနည်းဖြင့်ရေရရှိရေးလုပ်ငန်း ငါးခုကို ငွေကျပ် ၁၃၉ ဒသမ ဝ၈၃ သန်း ဖြင့်လည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ ကျေးရွာ ခြောက်ရွာတွင် တွင်းနက် ခြောက်တွင်းကို ငွေကျပ် ၉၃ ဒသမ ၇၀၀ သန်းဖြင့် လည်းကောင်း၊ မော်လိုက်ခရိုင်အတွင်းရှိ ကျေးရွာငါးရွာတွင် တွင်းနက် ငါးတွင်းကို ငွေကျပ် ၆၄ သန်းဖြင့် လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာ ကိုးရွာတွင် တွင်းနက် ရှစ်တွင်းနှင့် ရေကန်တူးဖော်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၃၉ ဒသမ ၂၀၀ သန်းဖြင့်လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာ ၁၂ ရွာတွင် တွင်းနက် ၁၁ တွင်းနှင့် လက်တူးတွင်း တစ်တွင်းကို ငွေကျပ် ၂၀၁ ဒသမ ၇၀၀ သန်းဖြင့်လည်းကောင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းသုံးသပ်ပွဲကျင်းပ

**ဂန့်ဂေါ ဧပြီ ၂၃**

ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ယူနစ် ၂၀ ရှိ ကျေးရွာ ၂၂ ရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာကော်မတီဝင်များ တွေ့ဆုံ၍ လုပ်ငန်းသုံးသပ်ပွဲကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ လုပ်ငန်းသုံးသပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇေယျနှင့် မြို့နယ်ကော်မတီဝင်များက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြကာ ကျေးရွာကော်မတီဝင်များ၏ တင်ပြမေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

ထို့နောက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့သည့် ရေရှင်ကျေးရွာကော်မတီအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ဆုချီးမြှင့်သည်။

ဂန့်ဂေါမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**၄၆၅**



## ကုသိုလ်တော်ဘုရားအတွင်း ကျောက်စာရုံထီးတော်များတင်လှူခြင်း ရေစက်ချမင်္ဂလာကျင်းပမည်

**မန္တလေး ဧပြီ ၂၃**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားအတွင်းရှိ ကျောက်စာရုံ ထီးတော်များအား ဒုတိယအကြိမ် ထီးတော်တင်လှူခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ဧပြီ ၂၉ ရက် (ကဆုန်လပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ပြိုကျပျက်စီးခဲ့သည့် ကျောက်စာရုံထီးတော်များကို အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များ၏ကုသိုလ်ကောင်းမှုဖြင့် ဒုတိယအကြိမ် တင်လှူခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်၂၀၀၃ ခုနှစ်က သံထီးရိုးရိုးတင်လှူပြီး သံထီးရွှေဆေးသုတ်ပြီး ၂၀၀၅ ခုနှစ်တွင် ရွှေချခဲ့ကြောင်း၊ နှစ်ကြာလာသဖြင့် ရွှေအစစ်များက မည်းသွားခဲ့ကြောင်း၊ လေပြင်းတိုက်မှုများကြောင့် ထီးတော်ပြုတ်ကျပြီး စိန်ဖူးတော်မရှိတာများကြောင်း၊ မလှမပဖြစ်နေသဖြင့် ဂေါပကအဖွဲ့သစ်က ကျောက်စာရုံများ ထီးတော်တင်လှူခြင်းများ ဖိတ်ခေါ်ခဲ့ရာ ဇန်နဝါရီလမှ စတင်ကာစေတနာအလှူရှင်များက လှူဒါန်းကြရာ ဧပြီ ၂၂ရက်အထိ ထီးတော် ၇၀၀ ကျော် အသစ်တင်လှူနိုင်ခဲ့ကြောင်း ဂေါပကအဖွဲ့ဝင် ဦးတင်သန်းက ပြောပြသည်။


ထီးတော်တစ်ဆူအတွက် ငွေကျပ်တစ်သိန်း၊ ကျောက်စာရုံတစ်ဆူ ထုံးသင်္ကန်းကပ်ခြင်းအတွက် ငွေကျပ်တစ်သောင်းကုန်ကျကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ခြေလှမ်းတစ်သောင်းလမ်းလျှောက်ပွဲ မန္တလေးကျုံးပတ်လမ်းတွင် ကျင်းပမည်

**မန္တလေး ဧပြီ ၂၃**

10000 STEPS CHALLENCE ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ပွဲကို အင်ဒိုနီးရှားနိုင်ငံမှ Grliga Muscular Balmက ဦးဆောင်၍ ဧပြီ ၂၈ ရက် (စနေနေ့) နံနက် ၅ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၇၀ နှင့် ၇၁ လမ်းကြား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့မှ တာလွှတ်မည်ဖြစ်သည်။



ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ပွဲသည်အခြားသူများနှင့် ယှဉ်ပြိုင်ရခြင်းမျိုးမဟုတ်ဘဲ မိမိကိုယ်ကို မိမိစိန်ခေါ်ရမည့်ပွဲဖြစ်ကြောင်း၊ လမ်းလျှောက်ပွဲများကို ဧပြီ ၂၈ ရက်၊ မေ ၂၆ ရက်၊ ဇွန် ၂၃ ရက် (စနေနေ့)များတွင် ကျင်းပမည်ဖြစ်ပြီး သုံးကြိမ်လုံးမပျက်မကွက်ပါဝင်မည်ဟု စိတ်ပိုင်းဖြတ်ကာ သတ်မှတ်ထားသည့် အချိန် နှစ်နာရီအတွင်း ခြေလှမ်း ၁၀၀၀၀ မပြည့်ပြည့်အောင် လမ်းလျှောက်မည်ဟု မိမိကိုယ်မိမိစိန်ခေါ်နိုင်သူများအား ပါဝင်ဆင်နွှဲကြရန် ဖိတ်ခေါ်ထားသည်။

လမ်းလျှောက်ပွဲ သုံးကြိမ်လုံးအစောဆုံးခြေလှမ်း ၁၀၀၀၀ ပြည့်မီပန်းဝင်လာသူအယောက် ၈၀၀ အား အမှတ်တရဆုဲပြား(Finisher Medal)များပေးအပ်သွားမည်ဖြစ်သည်။

လမ်းလျှောက်မည့် ကျုံးပတ်လမ်းကြောင်း တစ်လျှောက်တွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုနေရာများ၊ ရေ/ဓာတ်ဆားနှင့်ဆေးဝါးများထားရှိပေးမည်ဖြစ်ပြီး ပန်းဝင်ခြေလှမ်း ၁၀၀၀၀ ပြည့်သည့်နေရာတွင် နံနက်စာကျွေးမွေးသွားမည်ဖြစ်သည်။

ပါဝင် လမ်းလျှောက်လိုသူများ ၂၆လမ်း၊ ၇၁ လမ်း နှင့် ၇၂ လမ်းကြား မန္တလေးမြို့တော်စည်ပင်သာယာရုံးရှေ့တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး မျက်နှာသစ်တော်ရေအတွက် သနပ်ခါးနံ့သာသွေးလှူကုသိုလ်ယူသူများ စည်ကား

**မန္တလေး ဧပြီ ၂၃**

မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးဝင်းအတွင်း၌ ဘုရားကြီး မျက်နှာသစ်တော်ရေအတွက် သနပ်ခါးနံ့သာ သွေးလှူကုသိုလ်ယူသူများ လပြည့်၊ လကွယ်နေ့များနှင့်အခါကြီးရက်ကြီးများတွင် အထူးစည်ကားလျက်ရှိသည်။

"မဟာမြတ်မုနိဘုရားကြီးမှာ ရေတော်ဆရာတော်ကြီးက နေ့စဉ် နံနက် ၅ နာရီခွဲမှာ မျက်နှာသစ်တော်ရေဆောင်ရွက်ပါတယ်၊ မဟာမုနိဘုရားကြီး မျက်နှာသစ်တော်ရေအတွက် သနပ်ခါးနံ့သာသွေးလှူတာ နှစ် ၂၀ ကျော်လောက်ရှိပြီ ထင်ပါတယ်၊ ခုနစ်ရက်သားသမီးလာရောက်သနပ်ခါးနံ့သာ သွေးလှူသူတွေ နေ့စဉ်စည်ကားလျက်ရှိပါတယ်၊ သနပ်ခါးနံ့သာတုံးလည်း လာရောက်လှူတဲ့သူတွေရှိပါတယ်၊ လပြည့်၊ လကွယ်နေ့များနှင့်အခါကြီးရက်ကြီးတွေမှာဆို လာရောက် နံ့သာသွေးသူတွေ အထူးစည်ကားပါတယ်။ သနပ်ခါးနံ့သာသွေးလှူရတဲ့ အကျိုးကျေးဇူးတွေကတော့"သနပ်ခါးသွေးလှူ ရုပ်ရည်ဖြူ လှူသူလည်းလှ ဉာဏ်ကောင်းကြ ၊ ခန္ဓာကိုယ်တွင်းမွှေးကြိုင်သင်း၍၊ ကျော်ဇောထင်ရှား ခြွေရံများသည်၊ သနပ်ခါးသွေးလှူ အကျိုးတည်း၊ နောက်ပြီးတော့ နံ့သာတုံးလှူရတဲ့ အကျိုးတရားတွေကတော့ ထက်သောဉာဏ်ပညာ ရှိခြင်း၊ ရွှင်သောဉာဏ်ပညာရှိခြင်း၊ လျင်သောဉာဏ်ပညာရှိခြင်း၊ မြဲမြံသော ဉာဏ်ပညာရှိခြင်း၊ ကိုယ်နံ့မွှေးကြိုင်ခြင်း၊ ဂုဏ်သတင်းကျော်ဇောခြင်း၊ ကျယ်ပြန့်နှံ့စပ်သော ဂုဏ်ရှိခြင်း၊ အခြွေအရံများခြင်းတို့ဖြစ်ပါတယ်၊ မဟာမုနိဘုရားကြီးမှာ ဘုရားဖူးသူတွေရော သနပ်ခါးနံ့သာသွေးလှူသူတွေရော အလွန်ပဲစည်ကားပါတယ်"ဟု မဟာမုနိဘုရားကြီးမှ နိဗ္ဗာန်ဆော် ဦးသက်ဦးကပြောပြသည်။

မျက်နှာသစ်တော်ရေအတွက် သနပ်ခါး နံ့သာသွေးလှူ၍ ကုသိုလ်ယူသူ တစ်ဦးက "မဟာမုနိဘုရားကြီးမျက်နှာသစ်တော်ရေအတွက် သနပ်ခါးနံ့သာ သွေးလှူရတာ အလွန်ပဲ ကြည်နူးမိပါတယ်၊ ဘုရားကြီးမျက်နှာသစ်တော်ရေအတွက် ရည်စူးပြီးတတ်နိုင်တဲ့ဘက်က ကုသိုလ်ပြုရတာဝမ်းသာပါတယ်၊ သနပ်ခါးကျောက်ပြင်နဲ့ သနပ်ခါးတုံးတွေက ဒီမှာအဆင်သင့်ရှိတော့ ကိုယ်တတ်နိုင်တဲ့လုပ်အားနဲ့ ကုသိုလ်ပြုခွင့်ရတာ အလွန်ပဲဝမ်းသာကြည်နူးဖြစ်မိပါတယ်"ဟု ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပဲခူးမြို့တွင်းပတ်လမ်းများ ထပ်မံတိုးချဲ့နိုင်ရေး ကွင်းဆင်းကြည့်ရှု



**ပဲခူး ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးများ၊ ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာများ လိုက်ပါလျက် ပဲခူးမြို့တွင်းပတ်လမ်းများ ထပ်မံတိုးချဲ့နိုင်ရေး ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့တွင်းလမ်းများအား လှည့်လည်ကြည့်ရှုပြီး ဝန်ကြီးက ပဲခူးမြို့ ရုံးကြီးရပ်ကွက် တပင်ရွှေထီးလမ်းအား တိုးချဲ့ရန်နှင့် တပင်ရွှေထီးလမ်းနှင့် မဟာဗန္ဓုလလမ်း အဝင်တံတားများ တိုးချဲ့သွားရန်၊ ကျောက်တွင်းကုန်းလမ်းဆုံမှ ကျောက်ကြီးစုရပ်ကွက် အဝင်လမ်းအား တိုးချဲ့ရန်၊ လမ်းတိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရေစီးရေလာ ကောင်းမွန်စေရေး အထူးအလေးထား ဆောင်ရွက်ရန်၊ လမ်းညွှန်အမှတ်အသားများ အထင်အရှား ပါရှိစေရန်နှင့် လိုအပ်သည့်နေရာများတွင် လူကူးမျဉ်းကျားများ ပြန်လည်ရေးဆွဲရန်၊ ခရီးသည်တင်ကားများ စနစ်တကျ ရပ်၊ တင်၊ ချ ဆောင်ရွက်နိုင်ရန် ဘတ်(စ်)ကားမှတ်တိုင်များ စီစဉ်ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ပဲခူးမြို့သည် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မြဝတီ၊ ရန်ကုန်-မကွေးစသည့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ကုန်သွယ်ရေးလမ်းဆုံပေါ်တွင် ကျရောက်လျက်ရှိပြီး နောင်အနာဂတ်တွင် ယာဉ်ကြောကျပ်တည်းမှုများ မဖြစ်စေရန်အတွက် ဘတ်ဂျက်နှစ်အလိုက် မြို့တွင်းပတ်လမ်းများ တိုးချဲ့ဆောင်ရွက်နေခြင်းကို အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## လေဘေးသင့်ပြည်သူများအား ကျေးလက်ဦးစီးဌာနမှ Family Kit များပေးအပ်

**ပြည် ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးဒဏ်ခံရ၍ နေအိမ်ပျက်စီးခဲ့သော ပြည်သူများအား ပြည်မြို့နယ်ကျေးလက်ဦးစီးဌာနမှ Family Kit များ ပေးအပ်ပွဲကို ဧပြီ ၂၂ ရက်က ပြည်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှိ ပုလဲသီတာခန်းမ၌ ကျင်းပခဲ့သည်။

ဧပြီ ၁၉ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ပြည်မြို့နယ် မြောက်နဝင်းရွာသစ်ကြီး အုပ်စုမှ လေဘေးသင့် အိမ်ထောင်စု ကိုးစုနှင့် သူဌေးအုပ်စုမှ လေဘေးသင့် အိမ်ထောင်စု တစ်စု တို့အား Family Kit များကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဦးစီးမှူးတို့က ပေးအပ်ခဲ့သည်။

ယခု ပေးအပ်သည့် Family Kit တစ်စုံတွင် ပါဝင်သည့်ပစ္စည်းများက ကျား/မ ဝတ် အင်္ကျီ၊ လုံချည် ၁၀ ထည်၊ စတီးရေခွက် တစ်လုံး၊ ဇွန်း တစ်ချောင်း၊ ဟင်းပန်းကန်သေး နှစ်ချပ်နှင့် ခြင်ထောင် နှစ်လုံးတို့ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်လင်းအောင်ထံမှ သိရသည်။

အဆိုပါ လေဘေးသင့်ပြည်သူများထောက်ပံ့ပေးအပ်ပွဲသို့ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်လင်းအောင်နှင့်ဝန်ထမ်းများ၊ လေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**သူရအောင် (ပြည်)**

# မိုးကြိုကာလရေလျှံမှုမရှိစေရေး ရန်ကုန်အနောက်ပိုင်းခရိုင် အစုအဖွဲ့အင်အားများဖြင့် စုပေါင်းဆောင်ရွက်



**ဗဟန်း ဧပြီ ၂၃**

အနောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏ စီစဉ်မှုဖြင့် ခရိုင်အတွင်းရှိ မြို့နယ် ၁၀မြို့နယ်မှစုဖွဲ့အင်အား ၇၅ ဦးဖြင့် ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် ရေတာရှည်လမ်းသစ်တစ်လျှောက် ရေနုတ်မြောင်းအား ဧပြီ ၂၃ ရက် နံနက်ကအထူးသန့်ရှင်းရေးဆယ်ယူရှင်းလင်းပေးခဲ့ကြသည်။

"သင်္ကြန်မတိုင်ခင်ကရွာလိုက်တဲ့မိုးကြောင့် အမှိုက်နဲ့မြောင်းချေးတွေက ရေမြောင်းထဲပြည့်လာလို့ရေမလျှံအောင်စုဖွဲ့အင်အားနဲ့ ဆယ်ယူပေးခဲ့ရပါတယ်၊ မြေသယ်ယာဉ်ငါးစီးစာ စွန့်ပစ်သိမ်းဆည်းပေးနိုင်ခဲ့ပါတယ်၊ အပတ်စဉ်စနေနေ့တိုင်းကိုလည်း စုဖွဲ့အင်အားတွေနဲ့ မြို့နယ်အတွင်း ဆောင်ရွက်ပေးသွားမှာပါ" ဟု ဗဟန်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ပြောသည်။

အထူးသန့်ရှင်းရေးအား အနောက်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးငွေစိုး၊ ဒုခရိုင်မှူးဦးမြတ်ကျော်၊ သန့်ရှင်းရေး ခရိုင်မှူးဦးအောင်ထိုက်၊ ဗဟန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထိန်စိုးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးသိန်းဇော်တို့က လာရောက်ကြည့်ရှုစစ်ဆေးကာ ရွှေနံ့သာရပ်ကွက်၊ ရေတာရှည်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

**မောင်မောင်**

## မွေးမြူရေးငါးမုတ်များ ဝယ်ယူစားသုံးမှုများပြား

**ဖျာပုံ ဧပြီ ၂၃**

ပင်လယ်ငါး၊ ပုစွန်နှင့် ရေချိုမြစ်ချောင်းတို့မှ ငါး၊ ပုစွန်များ ဖမ်းဆီးရရှိမှု နည်းပါးသွားသဖြင့် မွေးမြူငါးများ ဈေးကွက်ကျယ်ပြန့်လာကြောင်းသိရပြီး ဈေးနှုန်းများမှာလည်း လူတန်းစားမရွေးဝယ်ယူစားသုံးနိုင်သည့် အနေအထားတွင်ရှိနေကြောင်း သိရသည်။

ဖျာပုံငါးဈေးကွက်တွင် မွေးမြူရေးငါးတစ်မျိုးဖြစ်သည့် ငါးမုတ်ငါးများ ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ် ငါးမွေးကန်များမှ ပိဿာချိန်အတန်များများဝင်ရောက်လာသည်ကို ဧပြီ ၂၃ ရက် နံနက်က တွေ့မြင်ရသည်။ စားသုံးသူများ လက်လီပြန်လည်ရောင်းချရာတွင် ငါးတစ်ပိဿာငွေကျပ် ၂၆၀၀မှ ကျပ်၂၇၀၀ သာ ရောင်းချလျက်ရှိသည်။ မွေးမြူရေးငါးများတွင် ဈေးအနည်းဆုံးဖြစ်ကြောင်းနှင့် အခြေခံလူတန်းစားများ အများဆုံးဝယ်ယူစားသုံးလျက်ရှိကြောင်း မွေးမြူရေး ငါးလက်ကားရောင်းချနေသူ ဒေါ်အုန်းမြင့်က ပြောသည်။ ဒေသအတွင်း ငါးမွေးကန်များမှ အချို့ရက်များတွင် မလုံလောက်သဖြင့် ရန်ကုန်ကပင် မှာယူရောင်းချနေရကြောင်း ၎င်းက ဆက်ပြောသည်။

မွေးမြူရေးငါးများမှာ ရေငန်နှင့် ရေချိုမှ ဖမ်းဆီးရရှိသည့် ငါး၊ ပုစွန်များထက် ဈေးနှုန်းနည်းသည့်အပြင် အမဲသား၊ ကြက်သား၊ ဝက်သားစသည့် အသားဈေးနှုန်းများထက်လည်း အမြဲတမ်းဈေးနည်းနေသဖြင့် ဝယ်ယူစားသုံးသူလျော့မသွားဘဲ ငါးဈေးကွက်ကျယ်ပြန့်လာကြောင်း သိရသည်။ ထို့ကြောင့် ငါးမွေးမြူသူများ ဒေသအတွင်းတစ်နှစ်ထက်တစ်နှစ်များပြားလျက်ရှိနေကြောင်း သိရသည်။

မွေးမြူရေးငါးများဖြစ်သည့် ငါးကြင်းဖြူနှင့် ငါးမြစ်ချင်းငါးများမှာ အများကြိုက်ငါးများဖြစ်သော်လည်း ငါးတစ်ပိဿာ ငွေကျပ် ၃၅၀၀ အထက်ဖြစ်နေ၍ ငါးမုတ်ငါးလောက် ရောင်းအားမကောင်းကြောင်း သိရသည်။

**အောင်ဝင်း (ဖျာပုံ)**

## ရေစီးရေလာကောင်းမွန်ရေး ပိတ်ဆို့အမှိုက်များဆယ်ယူရှင်းလင်း

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနစုမှူး ဦးဝဏ္ဏဝင်း၏ စီစဉ်မှုဖြင့်ကြီးကြပ်ရေးမှူး ဦးအေးကြိုင်နှင့် ဝန်ထမ်းများသည် ရပ်ကွက်အုပ်ချုပ်ရေးရုံးအဖွဲ့ ဂန္ဓမာ-Group ပရဟိတအကျိုးဆောင်အဖွဲ့တို့ပူးပေါင်းပြီး ဧပြီ ၂၁ ရက် နံနက် ၇ နာရီက နှင်းဆီလမ်းမ၊ စပယ်လမ်းမနှင့် ကံ့ကော်လမ်းမကြီးများမှ စီးဆင်းရေပေါင်းခံရေမြောင်းမိုးရာသီအမီ ပိတ်ဆို့အမှိုက်၊ နုန်းချေး၊ ခဲသဲများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ကြသည်။

ဒီပေါင်းခံရေမြောင်းထဲ ပိတ်ဆို့နေတဲ့ အမှိုက်တွေက အခြားရေမြောင်းများထဲ ပြည်သူအချို့ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်တွေကရက်မှုလ၊ နှစ်ထိရောက်လာတော့ ပေါင်းခံရေမြောင်းပိတ်နေလို့ လမ်းနှင့်တံတား ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ဂန္ဓမာ Group ပရဟိတအကျိုးဆောင်အဖွဲ့တို့ ပူးပေါင်းပြီး အင်အား ၃၀ ကျော်ဖြင့် ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်တာဖြစ်ကြောင်း ပရဟိတအကျိုးဆောင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။ ထွက်ရှိသောအမှိုက်၊ နုန်းချေး၊ ခဲသဲများအား ထော်လာဂျီယာဉ်များဖြင့် သယ်ယူစွန့်ပစ်ကြသည်ဟု သိရသည်။

**ထွန်းဝင်း**

## ဆည်မြောင်းအင်ဂျင်နီယာဦးစီးမှူး(မြို့ပြ)လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၂၁) သင်တန်းဖွင့်

**ပဲခူး ဧပြီ ၂၃**

ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော ဆည်မြောင်းအင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များ ပို့ချပေးနိုင်ရန်နှင့် ဆည်ရေအသုံးပြုမှုစီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်များ ပိုမိုအဆင့်မြင့်လုပ်ဆောင်လာနိုင်စေရန်ရည်ရွယ်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ အင်ဂျင်နီယာဝန်ထမ်းများအတွက် ဦးစီးမှူး(မြို့ပြ) လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၂၁) သင်တန်းကို ဧပြီ ၂၃ ရက်က ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ITC) ပဲခူးမြို့တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ပြီး ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်က သင်တန်းတွင် ပို့ချပေးမည့်ဆည်မြောင်းအင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များ၊ စီမံရေးရာ ဘာသာရပ်များ၊ ငွေစာရင်းပိုင်းဆိုင်ရာ ဘာသာရပ်များ၊ ရေအရင်းအမြစ်များဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်၊ ဦးစီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သူရိန်ထွန်း**



# ခြေလှမ်းတစ်သောင်း လမ်းလျှောက်ပါ

ကြည်လွင်မြင့်(မုဒြာ)



လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် အကောင်းဆုံး ဆေးနည်းတစ်ပါးဖြစ်သည်။ သွေးလှည့်ပတ်မှု မှန်ကန်စေရန် နေ့စဉ်ပုံမှန်လမ်းလျှောက်ပေးဖို့လိုသည်။ အနည်းဆုံးတစ်နေ့လျှင် ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်သင့်သည်ဟု သုတေသနပြုသူများက ဆိုသည်။ လူတိုင်းတွင် ခြေနှစ်ချောင်းပါသည်။ ထိုခြေနှစ်ချောင်းကို သင်၏ဆရာဝန်နှစ်ဦးဟု တင်စားပြောကြသည်။ ထိုဆရာဝန်နှစ်ဦး အလုပ်လုပ်နေသ၍ သင်ကျန်းမာနေမည်ဟုဆိုလိုသည်။

မကြာမီအတွင်း ကျန်းမာရေးလိုက်စားသူများ စုပေါင်းလမ်းလျှောက်ပွဲအဖြစ် “ခြေလှမ်းတစ်သောင်း လမ်းလျှောက်ပွဲ” ကျင်းပရန် မန္တလေးမြို့တွင် စီစဉ်နေကြောင်း သတင်းကောင်း ကြားရသည်။ ဆက်လက်၍ ရန်ကုန်မြို့ကြီးတွင်လည်း လမ်းလျှောက်ပွဲကျင်းပရန် စီစဉ်နေကြောင်း သိရသည်။ အောင်မြင်ပါစေဟု ဆုတောင်းပါသည်။

တစ်လောက ဂျပန်နိုင်ငံမှ ပြန်လာသော မိတ်ဆွေတစ်ဦးက စာရေးသူကို ခါးတွင်ချိတ်ထားသော တစ်လက်မ × နှစ်လက်မအရွယ်ရှိ စက်ငယ်လေးတစ်ခုကို လက်ဆောင်ပေးပါသည်။

ထိုစက်ကလေး၏ လုပ်ဆောင်ချက်မှာ ခြေလှမ်းတိုင်းကို မှတ်ပေးသည်။ လမ်းလျှောက်စဉ် ခြေလှမ်းငါးဆယ်ရှိသောအခါ (၅၀)၊ ခြေလှမ်းတစ်ရာရှိသောအခါ (၁၀၀) စသည်ဖြင့် ပြသည်။ တစ်လှမ်းလှမ်းတိုင်းနံပါတ်ဆက်တိုးလာသည်။ ခြေလှမ်းရပ်လိုက်လျှင် ရပ်သွားသည်။ နားပြီးနောက်တစ်ကြိမ် ပြန်လျှောက်သွားလျှင်တော့ ဘေးမှခလုတ်ကလေးကို နောက်တစ်ကြိမ် နှိပ်ပေးဖို့လိုသည်။

### အသက်ရှည်ချင်ရင်

ဤသို့ မှတ်ပေးသော စက်ကလေးကို စာရေးသူခါးတွင် တစ်နေကုန်ချိတ်ထားပြီး ညရောက်သောအခါ အနားမယူမီ စစ်ကြည့်လိုက်သောအခါ ခြေလှမ်းပေါင်း ၈၅၀၀ လှမ်းခဲ့သည်ဟု မှတ်တမ်းတွေ့ရသည်။

စာရေးသူက လက်ဆောင်ပေးခဲ့သော မိတ်ဆွေထံ ဖုန်းဆက်သည်။

“ကျွန်တော် ဒီနေ့လမ်းလျှောက်တာ ခြေလှမ်းပေါင်း ၈၅၀၀ ကျော် ရှိတယ်။ အဲဒါ မှတ်ထားရမှာလား”ဟု မေးလိုက်ပါသည်။ လက်ဆောင်ပေးသူ မိတ်ဆွေက ပြောသည်မှာ-

“ဒီစက်က ဂျပန်ကလာတာ။ ဂျပန်လူမျိုးတွေက ကျန်းမာရေးအတွက် အလုပ်သွားရင် လမ်းလျှောက်သွားလေ့ရှိကြတယ်။ တကယ်လို့ အလုပ်ကဝေးရင်လည်း ကားသို့မဟုတ် ရထားစီးလာပြီး ကားကို အပ်နှံတဲ့နေရာမှာ ရပ်ထားခဲ့တယ်။ ရထားဆိုရင် ဘူတာရုံကနေ ကိုယ့်အလုပ်ရှိတဲ့နေရာကို လမ်းလျှောက်သွားကြတယ်။

လမ်းလျှောက်ဖို့ကို တမင်ချန်ထားလေ့ ရှိကြတယ်။ အဲဒါကြောင့် ဒီလူမျိုးတွေကျန်းမာတယ်၊ တက်ကြွနေကြတယ်။

အသက်ရှည်ချင်ရင် ခါးပတ်ကို တိုပါစေ ဆိုတဲ့ စကားရှိတယ် မဟုတ်လား။ ခါးပတ်တိုတယ်ဆိုတာ ဗိုက်အဆီချဖို့ ပြောတာ။ ဗိုက်ပူနေရင် ခါးပတ်ရှည်မယ်၊ အသက်တိုမယ်လို့ပြောတာ။

ခါးပတ်တိုဖို့၊ ဗိုက်ချဖို့ဆိုတာ အစားလျှော့စားရုံနဲ့ မရဘူး။ တချို့ဆို အစာကို တအားလျှော့စားလိုက်တာ အားယုတ်ပြီး နေမကောင်းဖြစ်လာတယ်။ အားပြတ်လာတယ်။ ရောဂါဝင်လာတယ်။ အဲ နေကောင်းအောင်ကုသပြီး အစားလည်းပြန်စားရော အားရှိအောင်ဆိုပြီး တွန်းစားလိုက်တာ နဂိုကထက်ပိုပြီး ဝသွားရော။

တကယ်တော့ ခါးပတ်တိုဖို့၊ ဘော်ဒီဝိတ်ချဖို့အတွက် အကောင်းဆုံးသော ဆေးနည်းကတော့ လမ်းလျှောက်ခြင်းပဲ။ လမ်းလျှောက်ခြင်းအတွက် စပါယ်ရှယ် သုတေသနပြုထားတဲ့ ပညာရှင်တွေရဲ့ တွေ့ရှိချက်က ကျန်းမာချင်ရင် တစ်ကနေ ခြေလှမ်းဘယ်လောက်များ လျှောက်ရမလဲသိလား။”

စာရေးသူက “မသိဘူး” ဟု ဖြေလိုက်ပါသည်။

“မှတ်ထား။ တစ်နေ့ခြေလှမ်းပေါင်း တစ်သောင်း (၁၀၀၀၀) လျှောက်ရမယ်တဲ့”

“ဘုရားရေ ဖြစ်နိုင်ပါ့မလား။ အလုပ်လုပ်ချိန်ကော ရှိပါတော့မလား” ဟု စာရေးသူက မေးမိပါသည်။

“ဘာမှ မဖြစ်နိုင်စရာ မရှိပါဘူး။ လမ်းလျှောက်တယ်ဆိုတာ အပြင်ထွက်လျှောက်မှ လမ်းလျှောက်တာမဟုတ်ဘူး။ အိမ်ထဲမှာ လျှောက်တာ၊ အလုပ်မှာ အပေါ်ထပ်၊ အောက်ထပ်ဆင်းလိုက်၊ တက်လိုက်၊ သွားလိုက်၊လာလိုက်၊ အားလုံးကို ပေါင်းမှတ်လို့ရတယ်။

တကယ်တမ်းမှတ်ထားရင် ကိုယ့်အလုပ်စားပွဲနဲ့ အလုပ်ဌာနထဲမှာ လမ်းလျှောက်တာကိုက ခြေလှမ်းပေါင်း နှစ်ထောင်၊ သုံးထောင်နီးပါး ဖြစ်နေတာ တွေ့ရလိမ့်မယ်။

အဲ အလုပ်အသွားနဲ့ အပြန်မှာ ခြေလှမ်းငါးထောင်လောက် လျှောက်လိုက်။ နှစ်မိုင်သာသာပေါ့။

အိမ်ပြန်ရောက်တဲ့အခါကျတော့ အဝတ်လဲတာနဲ့၊ ရေချိုးတာနဲ့၊ ထမင်းစားသွားတာနဲ့၊ ခြံထဲဆင်းတာနဲ့၊ သားသမီးတွေ ကလေးတွေနဲ့ ဆော့တာနဲ့ ခြေလှမ်းနှစ်ထောင်ပြည့်သွားမှာပဲ။

အဲ လမ်းလျှောက်တာ အသွားအပြန်ခြေလှမ်းငါးထောင် (နှစ်မိုင်နီးပါး)၊ ရုံးမှာ၊ အလုပ်မှာလမ်းလျှောက်တာက ခြေလှမ်းသုံးထောင်၊ အိမ်မှာ ပြန်ရောက်တော့ လုပ်စရာရှိတာတွေ လုပ်ရင်းနဲ့ လျှောက်တာ ခြေလှမ်းနှစ်ထောင်ဆိုရင် အဲ အားလုံးပေါင်းလိုက်ရင် ခြေလှမ်း ၁၀၀၀၀ ဖြစ်ပြီးပေါ့။ ဘာမှ အထွေအထူး အားစိုက်နေရတဲ့ အလုပ်မဟုတ်ပါဘူး။

စာရေးသူ တွေးတော ဆင်ခြင်ကြည့်ပါသည်။

တခြားကို မတွေးကြည့်ပါ။ မိမိနေထိုင်သော ရပ်ကွက်ရှိ မိမိနှင့်ရွယ်တူ အသက်ငါးဆယ်ကျော် လူကြီးပိုင်းဝင်ခါစများအကြောင်း။

### ဘဝဝမ်းစာအတွက် ရုန်းကန်နေကြသူများ

စာရေးသူတို့၏ ရပ်ကွက်အနေအထားကို ပြောရလျှင် ဆင်းရဲသားတစ်ပိုင်း၊ လူချမ်းသာတစ်ပိုင်း ရောနှောနေထိုင်သော ရပ်ကွက်ဖြစ်သည်။ ရှေးယခင်ကတော့ ဤနေရာမျိုးတွင် ဆင်းရဲသားများသာ၊ လက်လုပ်လက်စားများသာရှိသည်။ သို့သော် လွန်ခဲ့သောနှစ် နှစ်ဆယ်ခန့်မှစပြီး လူချမ်းသာ လူမျိုးခြားများ ဝင်ရောက်လာကြသည်။ မူရင်းနေထိုင်သူများ မြို့သစ်ရောက်သွားကြသည်။ သူတို့ ရောင်းချသွားသော နေရာတွင် တိုက်ကြီးတာကြီးများ ဖြစ်လာသည်။ လမ်းအသစ်လည်း ခင်းပြီးသောအခါ တန်ဖိုးကြီးသော ရပ်ကွက်ဖြစ်လာသည်။

သို့သော် အတွင်းပိုင်းကျ၍ မရောင်းရသောနေရာများတွင် ဆင်းရဲသားများ၊ လက်လုပ်လက်စားများနှင့် ဝန်ထမ်းများ၊ လူလတ်တန်းစားများပါ ရောနှောနေထိုင်လျက်ရှိသည်။

စာရေးသူ၏ မျက်နှာချင်းဆိုင် တစ်ထပ်တိုက်ပုလေးတွင် နေထိုင်သူမှာ ရုံးမှအငြိမ်းစား အရာရှိတစ်ဦးဖြစ်သည်။ ရှေးယခင်ကတည်းက သူသည် ရုံးမှပေးထားသောကားဖြင့် အသွား၊ အပြန်တွေ့ဖူးသည်။ ရပ်ကွက်ထဲတွင်လည်း လမ်းလျှောက်သည်ကို မတွေ့ဖူးပါ။ ယခုသူ မကျန်းမာပါ။ ပင်စင်ယူပြီးမှ ဆီးချို၊ သွေးချိုဝင်ကာ နေမကောင်း။ ယခင်က ဝဝဖိုင့်ဖိုင့်ကြီး။ ယခုတော့ ခေါက်ချိုးခန့် ပိန်ကျသွားသည်ကို တွေ့ရသည်။

နောက်တစ်ဦးမှာ စာရေးသူအိမ်ကျော်မှ ထရုံကာ၊ သွပ်မိုးအိမ်မှ ပန်းချီဆရာ၊ သူလည်း ယခုသိပ်နေမကောင်း၊ နေကောင်းတုန်းကလည်း သူက လမ်းထဲသို့ သိပ်ထွက်လေ့ရှိသူမဟုတ်။ အိမ်ထဲမှာသာ တကုပ်ကုပ် ပန်းချီရေးနေသည်။ သူရေးသော ပန်းချီကားမှာ ဈေးကောင်းရသည်။ နိုင်ငံခြားသားများပင် လာရောက် ဝယ်ယူကြသည်ဟု ဆိုသည်။ သူသည် အရက်တော့ ပုံမှန်သောက်သည်ဟု ဆိုသည်။ သူ့သားလေး တစ်ခါတစ်ရံ တစ်လမ်းကျော်မှ ဆိုင်သို့ အရက်သွားဝယ်ပြီး ပြန်လာသည်ကို တွေ့ရဖူးသည်။ သူလည်း လမ်းမလျှောက်သောသူဖြစ်သည်။

စာမရေးသူတို့ ရပ်ကွက်တွင် အမြဲလိုပင် နေကောင်းကျန်းမာနေသောအသက် (၅၀) ကျော်နှစ်ဦး ရှိသည်။ ထိုသူများမှာ သတင်းစာပို့သမား ဦးနောက်ကျနှင့် ဆိုက်ကားသမားကြီး ဦးစောတို့ ဖြစ်သည်။

သတင်းစာပို့သမားကြီးနှင့် စာရေးသူတို့ သိသည်မှာ ဆယ်နှစ်နီးပါးခန့်ရှိပြီး ကြာတော့ လူချင်းခင်မင်လာသည်။ သူ သတင်းစာပို့လျှင် အမြဲနောက်ကျလေ့ရှိသည်။ ထို့ကြောင့်ပင် သူ့ကို နာမည်ပြောင် ဦးနောက်ကျဟု ပေးထားခြင်းဖြစ်သည်။ လကုန်၍ သတင်းစာဖိုး ကြိုတောင်းလျှင်တော့ သူသည် စောစော ရောက်လာလေ့ရှိသည်။ သူသတင်းစာပို့သည့် ရပ်ကွက်မှာ အလွန်များသည်။ တစ်နေ့လျှင် ခြေလှမ်းသုံးသောင်းပင် ကမည်မထင်။

တခြားသော အမြဲကျန်းမာနေသူတစ်ဦးမှာ ဆိုက်ကားဆရာကြီး ဦးစောဖြစ်သည်။ သူသည် စာရေးသူ၏ ကလေးများ ငယ်စဉ်ကပင် ကျောင်းအကြိုအပို့ လုပ်ခဲ့သူဖြစ်သည်။ မိုးရွာရွာ နေပူပူ ကျောင်းသွားရမည့် အချိန်ထက် များစွာစောစောလာသည်။ ကလေးများက တစ်ခါတစ်ရံ ရေမချိုးရသေး၊ ကျောင်းဝတ်စုံ မလဲရသေး၊ သူကရောက်လာပြီး ဘဲလ်ကို ကလင်ကလင်နှင့် တီးခေါ်နေပြီ။ ထို့ကြောင့် သူ့ကို ဦးစောဟုခေါ်ခြင်းဖြစ်သည်။ ကလေးများသာ နေမကောင်းဖြစ်ကြသည်။ တစ်နေကုန် ဆိုက်ကားနင်းနေသော ဦးစောကြီးမှာ ဘယ်တော့မှ နေမကောင်းဖြစ်သည်ကို မတွေ့မိပါ။

တကယ်တော့ နေကောင်းကျန်းမာနေသူများကို လေ့လာကြည့်လျှင် ကျန်းမာရေးကို အထူးသီးသန့် လိုက်စားနေသူများမဟုတ်ကြပေ။ နိစ္စဒူဝ ဘဝဝမ်းစာအတွက် သွားလာလှုပ်ရှားရုန်းကန်နေကြသူများပင် ဖြစ်သည်ကို တွေ့ရလေသည်။

### ကျန်းမာခြင်းဆုလာဘ်

ထိုသူတို့တွင် ကံမပေး၍ မချမ်းသာကြ။ လက်လှုပ်မှ ပါးစပ်လှုပ်ရသည်၊ ခြေလှုပ်မှ ခရီးရောက်သည်ဟု အများက သနားကြသည်။ သို့သော် သဘာဝကို အန်တုရင်ဆိုင်နေသော ထိုသူတို့တွင် လူချမ်းသာတို့တွင် မရနိုင်သော ကျန်းမာခြင်းဆုလာဘ်ကို ရရှိနေကြသည်ကို တွေ့ရလေသည်။ ရပ်ကွက်အတွင်းတွင် လူချမ်းသာများသည် ဇိမ်ခံကားကြီးများဖြင့် သွားကြလာကြရင်းက သွေးတိုး၊ ဆီးချို၊ နှလုံးစသော ငွေအိတ်နှင့် ချိန်စက်ကုရသော ရောဂါကြီးများဖြင့် ဆေးဒဏ်ကို အလူးအလဲခံကာရောဂါမပျောက်သော်လည်း လူပျောက်သွားကြရသည်။

သတင်းစာပို့သူ ဦးနောက်ကျကြီး၊ ဆိုက်ကားသမားကြီး ဦးစောတို့မှာ တော်ရုံနေမကောင်းလျှင် ဂရုမထား။ ချွေးထုတ်ဆေးတစ်ခွက်၊ ငန်းဆေးတစ်ခွက်နှင့် သော်လည်းကောင်း ဝေဒနာအန်တုပြီး နေ့စဉ် ခြေနှစ်ချောင်းကို အားထားကာ သွားလာလှုပ်ရှားနေကြသူများ ဖြစ်သည်။ သူတို့၏ ကျန်းမာရေးမှာ သူတို့ ခြေကျင်သွားနေခြင်း၏ ရလဒ်ဖြစ်သည်။ သူတို့၏ ဆရာဝန်မှာလည်း သူတို့၏ ခြေနှစ်ချောင်းပင်ဖြစ်ပါတော့သည်။

နိဂုံးအားဖြင့်-

၁။ နေ့စဉ် ခြေလှမ်းတစ်သောင်းလမ်းလျှောက်ပါ။

၂။ လမ်းလျှောက်ခြင်းဖြင့် ကျန်းမာ၊ အစာကြေ၊ သွေးအားကောင်း ရောဂါကာကွယ်ရာရောက်ပါသည်။

၃။ စက်တပ်ယာဉ်များဖြင့် သွားမည့်အစား လမ်းလျှောက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့် သဘာဝကိုလည်း အထောက်အကူ ဖြစ်နိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

> “ သတင်းစာပို့သူ ဦးနောက်ကျကြီး၊ ဆိုက်ကားသမားကြီး ဦးစောတို့မှာ တော်ရုံနေမကောင်းလျှင် ဂရုမထား။ ချွေးထုတ်ဆေးတစ်ခွက်၊ ငန်းဆေးတစ်ခွက်နှင့် သော်လည်းကောင်း ဝေဒနာအန်တုပြီး နေ့စဉ် ခြေနှစ်ချောင်းကို အားထားကာ သွားလာလှုပ်ရှား နေကြသူများ ဖြစ်သည်။ သူတို့၏ ကျန်းမာရေးမှာ သူတို့ ခြေကျင်သွားနေခြင်း၏ ရလဒ်ဖြစ်သည်။ သူတို့၏ ဆရာဝန်မှာလည်း သူတို့၏ ခြေနှစ်ချောင်းပင်... ”

# See You Again မှာ ပြန်လည်တွေ့ဆုံကြမယ့် လီဂျွန်ဆပ်နှင့် ကမ်ဂျီဝန်




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသားလီဂျွန်ဆပ်နဲ့ မင်းသမီးကမ်ဂျီဝန်တို့ဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ တွဲဖက်ပါဝင်ကြဖို့ရာ သက်ဆိုင်ရာနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုနေပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက တောင်ကိုရီးယားမီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။ လတ်တလောမှာတော့ သူတို့နှစ်ဦးက ယင်းရုပ်သံဇာတ်လမ်းတွဲမှာ ခေါင်းဆောင်တွေအဖြစ် ပါဝင်သွားဖို့ရာ သဘောတူခဲ့ပြီဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့နှစ်ဦးဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်ခန့်က အတူတွဲဖက်သရုပ်ဆောင်ခဲ့ကြဖူးသူတွေဖြစ်တာကြောင့် ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် သူတို့အတွဲကို ပြန်လည်တွေ့မြင်နိုင်မယ့် အခွင့်အရေးပေါ်လာခဲ့တာလည်း ဖြစ်ပါတယ်။ အလွန်ကို လိုက်ဖက်တဲ့သူနှစ်ဦး ပြန်လည်တွဲဖက်တွေ့မြင်ရတော့မှာဖြစ်ပြီး ပရိသတ်တွေအနေနဲ့လည်း တကယ့်ကိုအသက်ဝင်တဲ့ အချစ်ဇာတ်လမ်းတစ်ခုကို ကြည့်ရှုခွင့်ရတော့မှာလည်း ဖြစ်ပါတယ်။

" See You Again "ကိုတော့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Oh My Venus" ဇာတ်လမ်းတွဲရဲ့ ဇာတ်ညွှန်းရေးဆရာက တာဝန်ယူရေးသားပေးမှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ အမျိုးသားငယ်တစ်ဦးနဲ့ အမျိုးသမီးတစ်ဦးအကြားက အချစ်ဇာတ်လမ်းကို ပုံဖော်သွားမှာဖြစ်ပါတယ်။

လီဂျွန်ဆပ်နဲ့ ကမ်ဂျီဝန်တို့ဟာ အမ်ဘီစီရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့ပြီး ၂၀၁၁ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲ " High Kick 3 "မှာ ခေါင်းဆောင်တွေအဖြစ် ပါဝင်ခဲ့ကြတာဖြစ်ပါတယ်။" See You Again" ဇာတ်လမ်းတွဲ လက်ခံရိုက်ကူးပေးခဲ့တာကြောင့် သူတို့နှစ်ဦးဟာ ခုနစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်လက်တွဲခဲ့ကြခြင်းဖြစ်ပါတယ်။

လီဂျွန်ဆပ် နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲကတော့ "Hymn of Death" ဖြစ်ပြီး ကမ်ဂျီဝန်အနေနဲ့ကတော့ " Detective K: Secret of the Living Dead" မှာ ပါဝင်ထားတာ ဖြစ်တယ်လို့လည်း သိရပါတယ်။





# အဗရီလက်ဗင်းရဲ့ တေးအယ်လ်ဘမ်သစ် ထွက်ရှိမည်

၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလတွေအတွင်း အလွန်ကိုကျော်ကြားခဲ့တဲ့ ဂီတကြယ်ပွင့် အဗရီလက်ဗင်းဟာ လတ်တလောမှာတော့ အနုပညာနဲ့သက်ဆိုင်တဲ့အခမ်းအနားတစ်ခုကို တက်ရောက်ခဲ့ပါတယ်။ ဒါဟာ သူ့အတွက်တော့ ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကော်ဇောနီပေါ်လျှောက်လှမ်းခဲ့ခြင်းဖြစ်ကာ ယင်းအခမ်းအနားမှာ မီဒီယာနဲ့ တွေ့ဆုံစဉ်မှာ အဗရီလက်ဗင်းက သူဟာ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာဖို့ရာ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဗရီလက်ဗင်းက သူ့ရဲ့တေးအယ်လ်ဘမ်သစ်ထုတ်လုပ်မှုတွေကို လာမယ့်လအတွင်း အဆုံးသတ်သွားမှာဖြစ်ပြီး ယခုနှစ်နှစ်ကုန်ပိုင်းမှာတော့ ပရိသတ်ရှေ့အရောက် ထုတ်လွှင့်ဖြန့်ချိသွားဖို့ရာ စီစဉ်ထားကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့တေးသီချင်းတွေနဲ့ပတ်သက်ပြီးလည်း သူက ယင်းတေးအယ်လ်ဘ်ဟာ အလွန်ကိုကောင်းမွန်တဲ့ တေးအယ်လ်ဘမ်သစ်တစ်ခုဖြစ်ကြောင်းနဲ့ သူ့အနေနဲ့ သုံးနှစ်ခန့်အချိန်ယူကာ ဖန်တီးခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်ကြောင်းလည်း တစ်ပါတည်း ဆိုပါတယ်။ ဒါ့အပြင် သူက တေးသီချင်းစာသားတွေအတွင်းမှာ ခံစားချက်တွေ ထည့်သွင်းသီဆိုထားကြောင်း၊ စန္ဒရားအသားပေးထားတဲ့တေးသီချင်းတွေလည်းပါဝင်ကြောင်း၊ ယခင်ထွက်ရှိခဲ့တဲ့တေးအယ်လ်ဘမ်တွေနဲ့ ကွဲပြားကြောင်းလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်လခန့်က အဗရီလက်ဗင်းဟာ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ စတူဒီယိုတစ်ခုအတွင်းမှာရှိနေတဲ့ သူ့ရဲ့ဗီဒီယိုကို ထုတ်ဖော်ပြသခဲ့ဖူးတာလည်း တွေ့ရပါတယ်။

သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို စောင့်မျှော်နေကြတဲ့ ပရိသတ်တွေကိုလည်း အဗရီလက်ဗင်းက တေးအယ်လ်ဘမ်သစ် မထွက်ရှိနိုင်တဲ့အတွက် ပရိသတ်တွေအနေနဲ့ မပျော်ရွှင်ဖြစ်နေကြတာကို သိပါကြောင်းနဲ့ တေးအယ်လ်ဘမ်သစ်မှာတော့ ပြည့်စုံတဲ့တေးအယ်လ်ဘမ်တစ်ခုဖြစ်အောင် အကောင်းဆုံးကြိုးစားဖန်တီးထားကြောင်း ကတိစကားဆိုခဲ့တာကိုလည်း တွေ့ရပါတယ်။

လတ်တလောမှာ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကနေဒါလူမျိုးတေးရေးနဲ့ တေးသံရှင်တစ်ဦးဖြစ်သူ အဗရီလက်ဗင်းဟာ "Complicated"၊ " Sk8ter Boi "တေးသီချင်းတွေနဲ့ အထူးကျော်ကြားသူတစ်ဦးဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း သူ့ရဲ့ပဉ္စမမြောက် စတူဒီယိုတေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့ပြီးနောက် လတ်တလောအချိန်အထိ တေးအယ်လ်ဘမ်သစ် ထွက်ရှိနိုင်ခြင်းမရှိသေးတာဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း ကျန်းမာရေးပြဿနာတွေရှိခဲ့တာကြောင့် တေးဂီတလှုပ်ရှားမှုသစ်တွေကို လုပ်ဆောင်နိုင်ခြင်းမရှိခဲ့တာလည်း ဖြစ်ပါတယ်။

အေးပြည့် ရေးသားသည်

## နိုင်ငံတကာပရိသတ်တွေအတွက် အမည်ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်းဟိုယွန်း ဖွင့်ဟ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟိုယွန်းဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် အနုပညာခရီးဆက်ဖို့ရာ ရည်ရွယ်ခဲ့ပြီးနောက် သူ့ရဲ့စင်တင်အမည်ကို ပြောင်းလဲခဲ့တာဖြစ်ပါတယ်။ ဒီလိုအနုပညာအမည်ပြောင်းလဲခဲ့ရတဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီး သူက မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၉ ရက်မှာ ဟိုယွန်းက နာမည်ပြောင်းခဲ့ရတဲ့အကြောင်းအရင်းဟာ သူ့ကိုအားပေးကြတဲ့ နိုင်ငံတကာက ပရိသတ်တွေကြောင့်ဖြစ်ပါတယ်။ ဟိုယွန်းဟာ သူ့ရဲ့ အနုပညာခရီးစတင်ခဲ့တဲ့ အမည်ကနေ ဟိုလို့နာမည်တစ်လုံးတည်းပြောင်းလဲကာ ဆက်လက်လှုပ်ရှားခဲ့ပါတယ်။

ကေပေ့ါပ်တေးသံရှင်တစ်ဦးအဖြစ် အနုပညာခရီးစတင်ခဲ့တဲ့ ဟိုယွန်းဟာ လက်ရှိမှာတော့ ဒီဂျေဟိုအဖြစ် ဆက်လက်လှုပ်ရှားနေတာဖြစ်ပါတယ်။ မကြာသေးမီက သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ်ဖြစ်တဲ့ " Sober "ကို ထုတ်လွှင့်ပေးခဲ့ပြီး တေးသီချင်းနဲ့အတူ တေးဗီဒီယိုလည်း ပါရှိပါတယ်။ ဒီဂျေဟိုက သူ့ရဲ့အမည်ပြောင်းလဲလိုက်ရတာနဲ့ပတ်သက်ပြီး ဟိုယွန်းဆိုတဲ့အမည်ဟာ နိုင်ငံတကာပရိသတ်တွေအနေနဲ့ ခေါ်ဆိုရတာအခက်အခဲရှိကြောင်း၊ အချို့သောပရိသတ်တွေက ယိုနွှန်းလို့ မှားယွင်းခေါ်ဆိုကြကြောင်း၊ ထိုစကားလုံးမှာ ဆဲဆိုသည့်စကားလုံးနှင့်တူကြောင်း၊ ဒါကြောင့် နောက်ဆုံးမှာအမည်ပြောင်းဖို့ရာ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်း ရင်ဖွင့်ခဲ့တာဖြစ်ပါတယ်။

# တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မှုအပြီး နယ်လှည့်ဖျော်ဖြေပွဲတွေ စတင်သွားမယ့် BTS



ကေပေ့ါပ်တေးသံရှင်အဖွဲ့ "BTS" ဟာ မကြာသေးမီက အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် လတ်တလောမှာတော့ တေးအယ်လ်ဘမ်ထုတ်လွှင့်မှုအပြီး ကမ္ဘာတစ်ဝန်းမှာ နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်သွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

" BTS "ရဲ့ တေးအယ်လ်ဘမ်သစ်ကတော့ " Love Yourself: Tear "ဖြစ်ပြီး တေးအယ်လ်ဘမ်တစ်ခုလုံးထုတ်လွှင့်မှုအပြီးမှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေ စတင်သွားမှာဖြစ်ကြောင်း"Voague" မဂ္ဂဇင်းရဲ့ ဖော်ပြချက်ကိုကိုးကားကာ ပြန်လည်ဖော်ပြခဲ့တာဖြစ်ပါတယ်။

အဖွဲ့ရဲ့တေးအယ်လ်ဘ်သစ်ကိုတော့ လာမယ့်မေလအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။ နယ်လှည့်ဖျော်ဖြေပွဲစတင်မယ့်ရက်ကိုတော့ အတိအကျ မသိရပေမယ့် မေလအတွင်းမှာပင် ပြုလုပ်သွားမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ တေးဂီတအဖွဲ့ဝင်တွေနဲ့ အေဂျင်စီဘက်ကတော့ နယ်လှည့်ဖျော်ဖြေပွဲပြုလုပ်သွားမှာဖြစ်ကြောင်း အတည်ပြုပေးခဲ့ပေမယ့် စတင်မယ့်ရက်အတိအကျကိုတော့ ထုတ်ဖော်ပြောကြားခြင်း မရှိသေးတာလည်း ဖြစ်ပါတယ်။

ယခင်က အွန်လိုင်းမီဒီယာတွေပေါ်မှာထွက်ပေါ်လာခဲ့တဲ့ ခတ်ပုံမှာတော့ " BTS "ရဲ့ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေကို လာမယ့် ဩဂုတ် ၂၈ ရက်မှာစတင်မှာဖြစ်ကြောင်း ဖော်ပြထားတာတွေ့ရပါတယ်။ နောက်ပိုင်းမှာတော့ အဆိုပါခတ်ပုံဟာ ကောလာဟလသက်သက်သာဖြစ်ကြောင်း ပြန်လည်ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ အဖွဲ့ဝင်တွေက တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ရာမှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်ရာမှာ ယခင်ကထက် နေရာများများသို့ သွားရောက်ပြုလုပ်သွားမှာဖြစ်ကာ ဖျော်ဖြေတင်ဆက်မှုတွေ ပိုမိုထည့်သွင်းဖန်တီးသွားမှာဖြစ်ကြောင်း တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

# လေကြောင်းလူငယ်အခြေခံသင်တန်း မြစ်ကြီးနားမြို့၌ဖွင့်လှစ်

**မြစ်ကြီးနား မေ ၂၃**
မြန်မာ့တပ်မတော်(လေ)အနေဖြင့် မျိုးဆက်သစ်လူငယ်များဖြစ်သည့် မြစ်ကြီးနားမြို့ပေါ် အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများအား နွေရာသီအားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် လေကြောင်းဆိုင်ရာ အထွေထွေဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် လေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၈) သင်တန်းဖွင့်ပွဲကို မေ ၂၃ နံနက်ပိုင်းက မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် မလိခခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်နှင့် လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် စိုးအောင်တို့က လေကြောင်းလူငယ်အခြေခံသင်တန်း တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအတွက် အဖွင့်အမှာစကားပြောကြားပြီး သင်တန်းအတွက်ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ လေတပ်စခန်းဌာနချုပ်မှူးက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တပ်မတော်အရာရှိများက သင်တန်းတွင် ပြသထားသည့် လေကြောင်းသုံးပစ္စည်းများနှင့် လေကြောင်းဆိုင်ရာ စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါလေကြောင်းလူငယ်သင်တန်းကို မြို့ပေါ်အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ၄၀ တို့အား အချိန်ကိုတိကျစွာလိုက်နာဆောင်ရွက်တတ်မှု၊ အချင်းချင်းညီညွတ်စွာ ဆောင်ရွက်တတ်မှု၊ အပြန်အလှန်လေးစားယုံကြည်မှုနှင့် အခက်အခဲအမျိုးမျိုးကို အချင်းချင်းရိုင်းပင်းကူညီဖြေရှင်းတတ်စေရန်ရည်ရွယ်ချက်များဖြင့် စခန်းသွင်းလေ့ကျင့်မှုပုံစံဖြင့် ယနေ့မှစ၍ မေ ၁၈ရက်အထိ လေကြောင်းနှင့်အာကာသပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောအခြေခံပညာရပ်များကို ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မုံရွာမြို့နန္ဒဝန်တန်ဖိုးမျှတအိမ်ရာတွင် ရှစ်ခန်းတွဲငါးထပ် ၂၂လုံး တည်ဆောက်လျက်ရှိရာ အခန်း ၇၆၀ ပါရှိသည့် အိမ်ရာ ၁၉ လုံး တည်ဆောက်ပြီးစီး

**မုံရွာ မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်တန်ဖိုးမျှတ အိမ်ရာ ၂၂ လုံးတည်ဆောက်နေရာ လက်ရှိတွင် အခန်းပေါင်း ၇၆၀ ရှိသည့်အိမ်ရာ ၁၉ လုံးတည်ဆောက်ပြီးစီး၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ပထမအကြိမ်အဖြစ် စတင်ရောင်းချပေးနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လင်းထံမှ သိရသည်။

"မုံရွာမြို့နန္ဒဝန်တန်ဖိုးမျှတအိမ်ရာကို မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးရုံးချုပ်က ရှစ်ခန်းတွဲ ငါးထပ် ၁၁ လုံးနဲ့စစ်ကိုင်းတိုင်းဒေသကြီး အစိုးရက ၁၁ လုံး စုစုပေါင်း ၂၂ လုံး တည်ဆောက်နေတာ တိုက် ၁၉ လုံးတည်ဆောက်ပြီးပါပြီ၊ ၁၉ လုံးမှာအခန်းပေါင်း ၇၆၀ တည်ဆောက်ပြီးပါပြီ" ဟု ဦးကျော်ကျော်လင်းကပြောသည်။

အဆိုပါအခန်းများကို ပထမအကြိမ်အဖြစ် ဒီဇင်ဘာလတွင်စတင်ရောင်းချပေးခဲ့ပြီး လတ်တလောတွင် ရောင်းချရန် အခန်းများကျန်ရှိနေသေးသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိုးအိမ်ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် လျှောက်လွှာများဝယ်ယူကာ အခန်းများကိုမည်သူမဆို တိုက်ရိုက်လာရောက်ကြည့်ရှုဝယ်ယူနိုင်ရန်စီစဉ်ထားသည်။

"ငွေပေးချေမှုအနေနဲ့မြေညီထပ်ကို တစ်ခါတည်းပေးချေရင် ၃၀ ရာခိုင်နှုန်း လျှော့ပေးထားပြီး ကျန်တာကို ၁၅ နှစ်အရစ်ကျဖြစ်တဲ့အတွက် တစ်လကို ကျပ်တစ်သိန်းကျော်ပေးသွင်းနိုင်ဖို့စီစဉ်ထားတာပါ၊ ရေမီးအပြည့်အစုံနဲ့ လာမယ့်ဇွန်လကုန်မှာအသေးစိတ်နေရာချထားပေးသွားမှာဖြစ်ပါတယ်"ဟု ဦးကျော်ကျော်လင်းက ရှင်းပြသည်။

နန္ဒဝန် တန်ဖိုးမျှတ အိမ်ရာတွင် မြေညီထပ် အခန်းတစ်ခန်းလျှင် ကျပ် ၁၈၇ သိန်းဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး ပထမထပ်ကို ၁၇၇ သိန်း၊ ဒုတိယထပ်ကို၁၆၇သိန်း၊ တတိယထပ်ကို ၁၅၇ သိန်းနှင့် စတုတ္ထထပ် ငါးထပ်မြောက် ကို ၁၄၇ သိန်းဖြင့် ရောင်းချပေးနေခြင်းဖြစ်သည်။

"အခုအချိန်မှာအခန်းတွေကို ကြိုတင်လာရောက်ကြည့်ရှုလျှောက်လွှာလျှောက်ထားပြီး အမှန်တကယ်ဝယ်ယူလိုရင် မြေညီထပ်ကိုစိတ်ကြိုက်ရွေးချယ်ပြီး ချက်ချင်းပေးချေဝယ်ယူနိုင်ပါတယ်၊ အရစ်ကျဝယ်မယ်ဆိုရင် ချေးငွေလုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောက်လုပ်ရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေး ဘဏ်(မုံရွာ)မှာ ပြန်လည်စိစစ်ပြီး ထောက်ခံချက်နဲ့ ၁၅ နှစ် အရစ်ကျဝယ်ယူနေထိုင်ခွင့် ပေးသွားမှာဖြစ်ပါတယ်" ဟု ဦးကျော်ကျော်လင်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# မြစ်ကြီးနားမြို့ အောင်မြေသာစံပြကျေးရွာတွင် စံပြဈေးသစ်ဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား မေ ၂၃**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်မြေသာစံပြကျေးရွာတွင် ဧရာဝတီမြစ်အထက်ပိုင်း မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးကုမ္ပဏီ(ACHC)မှ တာဝန်ယူဆောက်လုပ်ပေးခဲ့သည့် "ဆွတ်ဂျက်" စံပြဈေးသစ်ဖွင့်ပွဲကို မေ ၂၃ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ အောင်မြေသာစံပြကျေးရွာရှိ အဆိုပါဈေးသစ် အဆောက်အအုံရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိတုန်နော်ဂျာက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကာ (ACHC)မှ ဒုတိယတာဝန်ခံ မစ္စတာကျောက်လှိုင်ဖုက ဈေးသစ်တည်ဆောက်ပေးရခြင်းနှင့် ကျေးရွာနေပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့၌ ကူညီပံ့ပိုးထောက်ပံ့ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြစ်ကြီးနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ (ACHC)မှ ကူညီဆောင်ရွက်ပေးနေမှုများကို အသိအမှတ်ပြုပါကြောင်းနှင့် ကျေးရွာနေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဒေသခံတိုင်းရင်းသူလေးများက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကပြခဲ့ကြသည်။

အဆိုပါဈေးသစ်တွင် အလျား ပေ ၅၀၊ အနံပေ ၂၀ ရှိ သွပ်မိုး၊ ပျဉ်ခင်း ဈေးတန်းအဆောက်အအုံ လေးလုံး၊ အလျား ၁၀ ပေ၊ အနံပေ ၃၀ ရှိ ဆိုင်ကယ်ရပ်နားဆောင် တစ်ဆောင်အား ငွေကျပ်သိန်း ၂၄၀ အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ပြီး ကျေးရွာနေပြည်သူ အိမ်ထောင်စု ၃၂၄ စုသို့ ဆန် ၁၁၅၃အိတ်အား ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**



# မန္တလေး ကျောက်စိမ်းရောင်းဝယ်ရေးဈေးကွက် စတင်လှုပ်ရှား

**မဟာအောင်မြေ မေ ၂၃**
မန္တလေးမဟာအောင်မြေမြို့နယ်ရှိ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း ကျောက်မျက်ဈေးတွင် သင်္ကြန်ကာလပိတ်ရက်များ၊ လပြည့်လကွယ်ပိတ်ရက်များနှင့်ဆက်၍ လာရောက်သူဝယ်လက်များနည်းပါးပြီး ဈေးကွက်အေးစက်နေရာမှ မေ ၂၃ ရက် ဈေးဖွင့်ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်(တိုင်ပေ)မှဝယ်လက်များ၊ ပြည်တွင်းကျောက်စိမ်းအချောထည်လုပ်ကိုင်သည့် လုပ်ငန်းရှင်များလာရောက်ကြကာ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း စတင်စည်ကားစပြုလျက်ရှိသည်။

နိုင်ငံခြားသားဝယ်လက်များ လက်ကောက်အကြမ်းထည်၊ အချောထည်နှင့် ပုတီးလုံးချောများ စိတ်ဝင်စားစွာကြည့်ရှုပြီး ဝယ်ယူမှုများရှိသည်။

ကျောက်စိမ်းများထွက်ရှိသော ကချင်ပြည်နယ် ဖားကန့်ဒေသတွင်လည်းတွင်းလုပ်သားများ သင်္ကြန်ကာလနေရပ်သို့ ပြန်သွားကြပြီး မေလဆန်းပိုင်းမှ သာလုပ်ငန်းခွင်ဝင်ရောက်ကြမည်ဖြစ်ရာ မန္တလေးကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းပတ်လည်ရှိ ကျောက်စိမ်းအရိုင်းတုံးများဝင်ရောက်မှုနည်းပါးလျက်ရှိသည်။

ကျောက်စိမ်းအရိုင်းများ ဝင်ရောက်မှုလျော့နည်းသဖြင့် ကျောက်ဖြတ်ကျောက်သွေးလုပ်သားများ အလုပ်ရှားပါးလျက်ရှိကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ပြည်သူလူထု ပူးပေါင်းပါဝင်သောရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းဖွင့်

**ညောင်ဦး မေ ၂၃**
ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၁/ ၂၀၁၈)သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၈ နာရီက ညောင်ဦး ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်းက ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်စေရန်၊ တပ်ဖွဲ့ဝင်များမှ ပြည်သူအပေါ် စိတ်ကောင်း၊ စေတနာကောင်းထားရှိပြီး ဝန်ဆောင်မှုပေးရန် လိုအပ်ကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဂရုတစိုက် သင်ယူမှတ်သားသွားကြရန်မှာကြားခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်း၊ ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြင့်ငွေ၊ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး(ဦးစီး)ဒုရဲမှူးကျော်စွာဦး၊ ညောင်ဦးမြို့မရဲစခန်းမှ ဒုရဲမှူးမင်းနိုင်၊ ရဲစခန်းမှူးများ၊ ရဲကင်းစခန်းမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ပြီး သင်တန်းကို မေ ၂၃ ရက်မှ မေ ၄ ရက်အထိ သင်တန်းကာလ နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တာချီလိတ်တွင် အသိပညာပေး

**တာချီလိတ် မေ ၂၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ခရိုင်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ တောင်သူများသမားရိုးကျ စိုက်ပျိုးနည်းစနစ်မှ ခေတ်မီစိုက်ပျိုးနည်းစနစ်များ သိရှိစိုက်ပျိုးကာ တစ်ဧကအထွက်နှုန်းပိုမိုရရှိရေး၊ ဈေးကွက်ဝင် သီးနှံများတိုးချဲ့စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိစေရန်စသည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို မေ ၂၂ ရက် နံနက်က မိုင်းကိုးကျေးရွာအုပ်စု နာတာကျိုကျေးရွာ၌ပြုလုပ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက Good Agricultural Practices; GAPs၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများတွင်ပါဝင်သည့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်များ၊ သီးနှံများ၏ အရည်အသွေးကောင်းမွန်ရေး၊ လုပ်သားများ၏ ကျန်းမာရေး၊ လူနေမှုဘဝမြင့်မားရေးစသည်တို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်ပင်ဌာနခွဲက ရော်ဘာနှစ်ရှည်ပင်ပျိုးခင်းအကြောင်းများနှင့် ခရိုင်သီးနှံကာကွယ်ရေးဌာနခွဲက ဖောက်ပြန်လာသည့် ရာသီဥတုအပေါ် သီးနှံများတွင် ပိုးမွှားရောဂါကြိုတင်ကာကွယ်နည်းများ၊ ပိုးသတ်ဆေးများ အန္တရာယ်ကင်းရှင်းစွာ စနစ်တကျကိုင်တွယ်သုံးစွဲနည်းများ၊ သဘာဝပိုးသတ်ဆေးပြုလုပ်နည်းများကို လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ကျေးရွာနေတောင်သူ ၃၅ ဦး တက်ရောက်ကာ သိရှိလိုသည့်စိုက်ပျိုးရေးဆိုင်ရာများအား မေးမြန်းဆွေးနွေးရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဆွေးနွေးကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မြန်မာ–ထိုင်း ချစ်ကြည်ရေး သံဃာတော် အပါး ၅၄၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**မြိတ် ဧပြီ ၂၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ ကူးလူးဆက်ဆံမှု၊ အပြန်အလှန်အသိအမှတ်ပြုမှု၊ လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် မြိတ်မြို့ရှိ ပြည်သူများ ကုသိုလ်ကောင်းမှုများ ရရှိစေရန် ရည်ရွယ်၍ မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာတော်အပါး ၅၄၀ ဒုတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၂၂ ရက် ညနေ ၃ နာရီက ကျင်းပသည်။

မြန်မာ-ထိုင်းချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်နှင့် ဩဝါဒါစရိယဆရာတော်များ၊ မြန်မာ-ထိုင်း သံဃာတော် အရှင်သူမြတ်များအား ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိများနှင့် မိသားစုဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြရာ အထူးစည်ကားခဲ့ကြောင်း သိရသည်။

ချစ်ကြည်ရေးဆွမ်းဆန်စိမ်းလောင်းလှူပွဲအား တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ကြပြီး ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တလာသန လည်းဘီးကျောင်း ပရိယတ္တိ စာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။ ယင်းနောက် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇောဘာသ တောကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာကြားကြကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြ၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြသည်။ အခမ်းအနားအပြီးတွင် ဒုတိယအကြိမ်မြန်မာ-ထိုင်းချစ်ကြည်ရေးအဖြစ် မြန်မာ-ထိုင်း သံဃာတော်အပါး ၅၄၀ အား ဆွမ်းဆန်စိမ်းများကို ပြည်သူများက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လောင်းလှူခဲ့ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားများက လုပ်အားဒါန ကုသိုလ်ပြုခဲ့ကြရာ မြန်မာ-ထိုင်း ချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲသည် အထူးစည်ကားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ထိုင်းနိုင်ငံမှ ဆရာတော် Lerthira ဦးဆောင်သော သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများသည် မြိတ်မြို့ရှိလေးကျွန်းဆီမီး စေတီတော်၊ တောကျောင်းပရိယတ္တိစာသင်တိုက်ရှိ ရွှေဟောင်းဘုရားသိမ်နှင့် ရွှေဟောင်းဘုရားများ၊ ပထက်ကျွန်းရှိ မဟာအတုလရံသီရွှေသာလျောင်းဘုရား၊ ပေါ်တော်မူ ဆံတော်ရှင်စေတီတော်၊ တောင်ပုလဲကျေးရွာရှိ ရွှေရင်းတောင် လောကသရဖူ ရွှေဟောင်းဘုရားများကို ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။ **နိုင်ထူး (မြိတ် ပြန်/ဆက်)**

# လှိုင်ကော်မြို့၌လေကြောင်းလူငယ် အခြေခံသင်တန်းဖွင့်

**လှိုင်ကော် ဧပြီ ၂၃**
လေကြောင်း ပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသ သိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှု တိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင် သော ပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော် ကာကွယ်ရေး လုပ်ငန်းများတွင် အထောက်အကူ ဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက် ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ ဝါသနာပါရာ အလေ့အကျင့်များကို မြှင့်တင်ပေးနိုင်ရန်အတွက် ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ)၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) တို့ ပူးပေါင်းဖွင့်လှစ်သော လေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ် (၁/ ၂၀၁၈) ဖွင့်ပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယခင်နှစ် ဖွင့်လှစ်သည့်ပထမဆုံးအကြိမ် လေကြောင်းလူငယ်သင်တန်းမှာ ထူးချွန်ထက်မြက်သည့် သင်တန်းသား သုံးဦးသည် ယခုဆိုရင် လေကြောင်းလူငယ်တန်းမြင့်သင်တန်းကို တက်ရောက်နေပြီဖြစ်ကြောင်း၊ ယခုလို နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်မှာ သင်တန်းကို စိတ်ပါဝင်စားစွာ တက်ရောက်သော သင်တန်းသား၊ သင်တန်းသူများဟာ လေကြောင်းသိပ္ပံ ဘာသာရပ်များနှင့် ပတ်သက်ပြီး မျိုးဆက်သစ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေဖို့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ နောင်တစ်ခေတ်ရဲ့ ခေါင်းဆောင်တွေ ဖြစ်လာမယ့် သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် ခေတ်စနစ်နဲ့အညီ ရင်ပေါင်တန်းလိုက်ပါပြီး တိုးတက်နေတဲ့ ပညာရပ်များအား မျက်ခြည်မပြတ် လေ့လာရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ခေတ္တဒေသကွပ်ကဲရေးမှူး (လွိုင်ကော်) ဗိုလ်မှူးကြီး မျိုးခိုင်က အမှာစကားပြောကြားပြီး လေကြောင်းလူငယ် အခြေခံသင်တန်းဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၅၀ အား ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုမှ ပေးအပ်ရာ တောင်ငူလေတပ် စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးသိန်းထွန်းဦးက လက်ခံရယူသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး သင်ထောက်ကူ ပစ္စည်းများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် သင်တန်းတွင် လေကြောင်း သိပ္ပံပညာရပ်များနှင့် ပတ်သက်ပြီး လက်နက်မဲ့ စစ်ရေးပြ ဘာသာရပ်၊ လေကြောင်းသမိုင်း ဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံဘာသာရပ် (RC လေယာဉ်နှင့် Simulator မောင်းနှင်ပျံသန်းခြင်း)၊ လေယာဉ် တည်ဆောက်မှု ဘာသာရပ်၊ စက်အုံတည်ဆောက်မှု ဘာသာရပ်၊ လေယာဉ်ပုံစံငယ် တည်ဆောက်မှု ဘာသာရပ် (RC လေယာဉ်နှင့် Solid Model လေယာဉ်ပုံစံငယ်) စသည့် ဘာသာရပ်ခြောက်မျိုးကို သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)မှ တာဝန်ရှိသူများ၊ တောင်ငူလေတပ်စခန်းဌာနချုပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်အတွင်းရှိ အသက် (၉၀) အထက် သက်ကြီးဘိုးဘွားများအား ပဉ္စမအကြိမ်မြောက်သက်ကြီးပူဇော်ပွဲကို ဧပြီ ၂၂ ရက်ညနေ ၅ နာရီက သော်တာလမ်း မိသားစုက ပူဇော်ကန်တော့နေကြစဉ်။ ၁၁၈

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်

**ကော့သောင်း ဧပြီ ၂၃**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှကြီးကြပ်ဖွင့်လှစ်ပို့ချသည့် သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား) သင်တန်း (၂/ ၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနား၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်း (၂/ ၂၀၁၈) အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့မှ သင်တန်းဆရာ ၁၁ ဦး က နိုင်ငံနှင့်အဝန်းဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ လျှပ်စီးလက်ခြင်းနှင့်မိုးကြိုးပစ်ခြင်းအန္တရာယ်များ၊ စူနာမီဘေးစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ သိကောင်းစရာများ၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်သိသင့်သိထိုက်သည်များ၊ ရပ်ရွာအခြေပြုသဘာဝဘေး စီမံခန့်ခွဲမှု(CBDRM)ဆိုင်ရာသိကောင်းစရာများ၊ ဘေးအန္တရာယ်များ ကျရောက်စဉ်လိုက်နာရမည့် အချက်များနှင့် ရှောင်ရှားရမည့်အချက်များ၊ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ သိသင့်သည်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာသိသင့်သည်များ၊ ရှေးဦးပြုစုခြင်းဆိုင်ရာနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုဆိုင်ရာသိသင့်သည်များကို သဘာဝဘေးအန္တရာယ် လျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်လူရွယ်များ၊ ရပ်/ကျေးစာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ World Vision (ကော့သောင်း)မှ အဖွဲ့ဝင်လူငယ်များ သင်တန်းသား ၃၀ အား သင်တန်းကာလ သုံးရက်ကြာ ပို့ချသင်ကြားကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေး

**ဒဂုံမြို့သစ်(မြောက်ပိုင်း) ဧပြီ ၂၃**
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ခေတ္တရဲစခန်းမှူး ရဲအုပ် အောင်ကိုဝင်းသည် ဧပြီ ၂၁ ရက် ညနေပိုင်းက အမှတ် (၃၂) ရပ်ကွက် မွှာရုံ၌ ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# အထွက်နှုန်းတိကျမှန်ကန်စေရန် မှော်ဘီမြို့တွင် စံကွက်ရိတ်သိမ်း

**မှော်ဘီ ဧပြီ ၂၃**
ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် လှည်းငုတ်ချောင်းကျေးရွာအုပ်စု ကွင်းအမှတ် (၆၂၈)၊ ဦးပိုင် ၁၈-က ဂမုန်းကွင်းရှိ တောင်သူဦးတင်သိန်း၏ နွေစပါး စိုက်ခင်း ၁၀ ဧက၌ စပါးသီးနှံ အထွက်နှုန်း တိကျမှန်ကန်စေရန် အထွက်နှုန်းမိတ်ဖက်များအပေါ် အခြေခံ၍ စံကွက်ရိတ်သိမ်းပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်လင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးခိုင်၊ မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။ **ဓာတ်ဘီ**



# (၃၅)နှစ်ပြည့် ကျောက်စိမ်းရတု မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင် ချစ်ဖေဖေ ဒေါက်တာဦးငွေကြွယ်(အငြိမ်း အကြော၊ အဆစ်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး) ချစ်မေမေ ဒေါ်တင်ယုထွေး(ထူးထူး) (အထက်တန်းပြ-ငြိမ်း)တို့၏ ၂၄-၄-၂၀၁၈ ရက်တွင် ကျရောက်သော(၃၅)နှစ်ပြည့် ကျောက်စိမ်းရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် မိသားစုနှင့်အတူ ကိုယ်၊ စိတ်၊ နှလုံးကျန်းမာ၊ ချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သာယာသော မိသားစုဘဝကို ပိုင်ဆိုင်၍ လောကီ၊ လောကုတ္တရာ အကျိုးဆောင်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - သော်သူရိန်ငွေး + ဖြိုးဒါလီသက်တင်
ချစ်သားငယ် - ဒေါက်တာကျော်ဝေယံငွေး
ချစ်မြေး - ဂူးမူးအိမ်ချစ် ၊ ခန့်ကြားသော်
"တင်" မောင်နှမတော်စု၊ ရန်ကုန်မြို့။

GARTEN FLOOR



Vinyl Floor
- 100% Vergin Materials
- Negative Ion Technology

Laminate Floor
- Double Clip System

HOT LINE 09 459 177778
09 240 0988

garten.sh@gmail.com
09-459177775, 09-790177706, 09-790177708, 09-790177709
https://www.facebook.com/gartenmaterials

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ကုန်သွယ်လုပ်ငန်းခွန်/အထူးကုန်စည်ခွန်များ လစဉ်ကျသင့်ခွန် ပေးဆောင်ခြင်းနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်

* **တည်ဆဲကုန်သွယ်လုပ်ငန်းခွန်**ဥပဒေပုဒ်မ ၁၂(က)အရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သော အခွန်ကို **သက်ဆိုင်ရာလကုန်ဆုံးပြီး (၁၀)ရက်အတွင်း** ပေးဆောင်ရမည်ဖြစ်ပါသည်။

* တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁(ခ)အရ သတ်မှတ်ထားသောအချိန်အတွင်း လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

* **တည်ဆဲအထူးကုန်စည်ခွန်** ပုဒ်မ ၈ အရ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်းအတွက် **ရောင်းချသည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း၊** ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါက **ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း၊** ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက **တင်ပို့သည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း** အထူးကုန်စည်ခွန်ကို ပေးဆောင်ရပါမည်။

* တည်ဆဲအထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂(ဃ)အရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်လျှင် စည်းကြပ်မှုအရ ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀%ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

* အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် လစဉ်ပေးသွင်းရမည့် ကုန်သွယ်လုပ်ငန်းခွန် (သို့မဟုတ်) အထူးကုန်စည်ခွန်တို့ကို သတ်မှတ်ရက်အတွင်း ပေးသွင်းပေးကြပါရန် နှိုးဆော်ပန်ကြားအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

METRO
IT & Japanese Language Centre

IT ဂျပန်ဘာသာ

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် IT Engineer တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည်

Only One School in Myanmar



Game, Application ... IT Engineer ... ?

... Metro IT & Japanese Language Centre မှာ ...

IT ... Zero Level ... IT ...

IT Engineer ...

IT Course Seminar ( ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ )

28 April 2018 (Saturday)

1:00 pm - 3:00 pm

Metro IT & Japanese Language Centre (Yangon)

09-262007800, 09-976334160

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo, Pansodan Street, (middle block), Yangon. Phone No : 01-372691, Email: mminfo@metro-myanmar.com

Facebook: www.facebook.com/metrogroupmyanmar Website: www.metro-myanmar.com/mic

July Intake

MEC
# MYANMAR EDUCATION CENTRE
## မြန်မာ့ပညာရေးစင်တာ
ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

- အထက်တန်း ကျောင်းအုပ်ကြီး (၁) ဦး အလိုရှိသည်။
- **အင်္ဂလိပ်စာ 4 Skills** ကို ပိုင်နိုင်စွာသင်ကြားပေးနိုင်သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ အလိုရှိသည်။
- **ပန်းချီပညာ** ကို ပိုင်နိုင်စွာသင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။

မေလ ၁၀ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

MEC-1
MEC-2

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)
Commerce Graduates' Association(Myanmar)
ဟောပြောပွဲကျင်းပမည်

| | |
|---|---|
| ဟောပြောပွဲခေါင်းစဉ် | - Building Brand in Myanmar |
| ဟောပြောမည့်သူ | - ဒေါ်ဆန်းဆန်းလှ(B.Com.,M.Com.,ICMP-Hawaii,USA)Business Consultant/ Corporate Trainer, Lecturer(retired) Management Studies Dept, YUE)<br>ဦးဇော်မျိုးလှိုင် (M.D-Unique Network Marketing Co.,Ltd) |
| ကျင်းပမည့်ရက်နှင့်အချိန် | - ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၉ ရက် (တနင်္ဂနွေနေ့)<br>နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ |
| ကျင်းပမည့်နေရာ | - ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ<br>၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရမည့်သူများ | - ဦးကျော်စွာဝင်း (CGA အသင်းရုံးခန်း)<br>(၀၉-၉၇၈၄၂၃၇၈၄၊ ၀၁-၈၆၁၀၁၃၆၂)<br>MICPA ရုံးခန်း(၀၉-၃၁၇၁၈၁၄၉၊ ၀၁-၂၃၁၄၆၅၃) (ရုံးချိန်အတွင်း) |
| မှတ်ချက် | - စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး ဧပြီလ ၂၇ရက်၊ ညနေ ၃နာရီ နောက်ဆုံးထား၍ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းပါရန်။ |

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၆၈)ရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ၊ အမှတ်(၆၆)ရှိ သိုလှောင်ရုံ၊ အဆောက်အအုံ(၂၂) ငွေစာရင်းရုံးခန်း၊ အဆောက်အအုံ အမှတ်(၃၀) ကျောက်စိမ်းသံဂိုဒေါင်နှင့် အဆောက်အအုံ အမှတ်(၁၈) သံဂိုးဂိုဒေါင် စုစုပေါင်းအဆောက်အအုံ(၅)လုံးအား ၁၃-၆-၂၀၁၈ ရက်မှ ၁၂-၆-၂၀၂၃ ရက်အထိ ကာလအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။ တင်ဒါထည့်သွင်းခြင်းကို ၂၃-၄-၂၀၁၈ရက်မှ ၂၂-၅-၂၀၁၈ရက်အထိ ၁၆း၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာ တင်သွင်းနိုင်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့်အသေးစိတ်ကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၈၁၈၊ ၀၆၇-၄၁၄၉၀၄**

**JES Driver Academy**
စနေ/တနင်္ဂနွေအထူးသင်တန်း
JES Driver Academy မှ စနေ/တနင်္ဂနွေအထူးသင်တန်းကို(၂၈ - ၄ - ၂၀၁၈)စနေနေ့တွင်စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးအပ် ပါသည်။
ဆက်သွယ်ရန်- အမှတ်(၆)၊ပထမထပ်၊(၁၂)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
09 788118233, 09 797815723, 09 252898872
09 32173735, 09 767272088, 09 263145979
www.facebook.com/jesdriveracademy

ငွေ
ကျိုက်ထီးရိုး
ကျောက်စိမ်းဘုရား
မြဝတီ-မဲဆောက်
မော်လမြိုင်-ကျိုက္ကမီ-စက်စဲ
09442140334,09784217677

ဟိန်း
01.2330054
095160048
09-782470755
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
www.heincarrental.com

ရတီမှူး
- မိုးကုတ်၊ ဇလုံတောင်၊ အင်းတော်ကြီး
- မန္တလေး၊ ကျောက်ဆည်၊ ကျောက်စိမ်း
- ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ
- မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ
09-250147247, 09-774438366

Fame Organic
Pharming Project

အော်ဂဲနစ်စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ ဗဟုသုတရရှိစေဖို့
လာလည်လို့ရပါပြီ...

Adult : 3000 Ks
Child & Student : 2000 Ks

For Group Tours
(Over 50 Visitors) 10% Discount

အမှတ် (၇၀၆)၊ ကျွဲနွားထောက်ကျေးရွာ၊ အနီးစခန်းဘုတာလမ်း၊ ပြင်ဦးလွင်။
09-793 877 207, FAME Organic Pharming Project

ပိတ်ရက်မရှိ

**Singapore** နိုင်ငံတွင် **Engineering, IT, Business, Life and Physical Sciences** နှင့် **Hospitality** ဘာသာရပ်များကို တက်ရောက်ချင်သူများအတွက်......

"ပညာရေးဆွေးနွေးပွဲ"

**Date : 28. 4. 2018 (Saturday)**
**Time : 2:00pm to 5:00pm**
**Place : Meliá Hotel (Function Room 6)**
**(Myanmar Plaza အနီး)**

psb ACADEMY
YIUS | Since 2005
Yangon Institute for University Studies

01- 652 311, 01- 652 297, 09- 26 222 5151



## မောင်တောဒေသ မြေပြင်အခြေအနေမှန်အား သတင်းရယူရန်

# ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ စစ်တွေမြို့သို့ ရောက်ရှိ



**စစ်တွေ မေ ၂၃**

ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များ အပါအဝင် အခြားကိစ္စရပ်များအား မြေပြင်ကွင်းဆင်း သတင်းရယူရန် ပြည်တွင်း သတင်းဌာနများနှင့် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့တွင် MNA၊ MRTV၊ MITV၊ TBS၊ TV Asahi၊ CRI၊ Xinhua၊ AFP၊ VOA၊ BBC၊ The Mainichi Newspaper နှင့် RFAသတင်းဌာနတို့မှ သတင်းသမား စုစုပေါင်း ၁၃ ဦးပါဝင်ကြသည်။

သတင်းမီဒီယာအဖွဲ့သည် မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရခိုင်ပြည်နယ် မောင်တောဒေသသို့ ကွင်းဆင်း သတင်းရယူကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမြင့်၊ ဓာတ်ပုံ-ဟန်လင်းနိုင်**

# ဘာရှ်နိုင်းဘုရင့်ဖလားပြိုင်ပွဲဝင် မြန်မာအသင်း ထိုင်းအသင်းနှင့် အဖွင့်ပွဲကစားရမည်



မြန်မာ ယူ-၂၁ အသင်း ပြိုင်ပွဲမတိုင်မီ လေ့ကျင့်နေစဉ်။

**ရန်ကုန် မေ ၂၃**

ဘာရှ်နိုင်းဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၈ ဘာရှ်နိုင်းဘုရင့်ဖလားပြိုင်ပွဲကို မေ ၂၃ ရက်တွင် စတင်ကျင်းပနေပြီဖြစ်ပြီး မြန်မာအသင်းသည် မေ ၂၄ ရက်(ယနေ့)တွင် အဖွင့်ပွဲကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် အဖွင့်ပွဲအဖြစ် နာမည်ကြီးထိုင်းအသင်းနှင့် တွေ့ဆုံနေပြီး ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် အုပ်စုပွဲများအဖြစ် မေ ၂၄ ရက်တွင် ထိုင်းအသင်း၊ မေ ၂၇ ရက်တွင် တီမောအသင်း၊ မေ ၃၀ ရက်တွင် ဘာရှ်နိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု(က)၌ ပါဝင်နေပြီး ထိုင်း၊ အိမ်ရှင် ဘာရှ်နိုင်း၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

မြန်မာအသင်းသည် အဖွင့်ပွဲမှာပင် နာမည်ကြီး ထိုင်းအသင်းနှင့် တွေ့ဆုံခြင်းဖြစ်ပြီး ပွဲဦးထွက်ရလဒ်ကောင်းရရန် ကြိုးပမ်းရဖွယ်ရှိနေသည်။ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် နာမည်ကြီး ထိုင်း၊ အိမ်ရှင် ဘာရှ်နိုင်းအသင်းတို့နှင့် တွေ့ဆုံမည့်ပွဲများမှာ အရေးပါနေပြီး ရလဒ်ကောင်းရရန် လိုအပ်နေသည်။ ယင်းပြိုင်ပွဲတွင် အသင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စု(ခ)တွင် လာအို၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ကြေးမုံ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ပြည်ထဲရေးဝန်ကြီးဌာန** နှင့် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** တို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။

# ယခုရက်အတွင်း ငလျင်ငါးကြိမ်လှုပ်ခဲ့သော်လည်း ဖြူးချောင်းရေလှောင်တမံ ထိခိုက်ပျက်စီးမှုမရှိ

**နေပြည်တော် မေ ၂၃**

မေ ၂၀ ရက်က ဖြူးမြို့၏ အနောက်တောင်ဘက် ၂၉ မိုင်ခန့်အကွာကို ဗဟိုပြု၍ ရစ်(ချ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင့်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ပြီးနောက် ဆက်လက်၍ မေ ၂၁ ရက်တွင် အင်အား ၅ ဒသမ ၂ အဆင့်ရှိ ငလျင်၊ မေ ၂၂ ရက်တွင် ၄ ဒသမ ၁ နှင့် ၅ ဒသမ ၁ အဆင့်ရှိ ငလျင်နှင့် မေ ၂၃ ရက်တွင် ၅ ဒသမ ၁ အဆင့်ရှိ ငလျင်များ ထပ်မံလှုပ်ခဲ့သော်လည်း ဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်များမှာ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိဘဲ တောင့်တင်းကြံ့ခိုင်မှု အပြည့်အဝရှိနေကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှသိရသည်။

အဆိုပါ အင်အားအသင့်အတင့်ငလျင်များလှုပ်ခဲ့ကြောင်း ဖြူးတမံတွင် တပ်ဆင်ထားသော ငလျင်တိုင်းတာရေးစက်မှတစ်ဆင့် တိုင်းတာရရှိမှုအရ သိရသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ○



"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွှန်"
ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KGမှ တက္ကသိုလ်ဝင်တန်းအထိ)
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မှချသေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်းအထိ)
■ ဂုဏ်ထူးများရဲ့ ရမှတ်များရဲ့သာမက နိုင်ငံသားကောင်းဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။
မေ ၃၀ ရက် ဖွင့်ပြီ
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ
ကျောင်းလိပ်စာ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဠုဝန်လမ်းမကြီး၊ ဌာနဆိုင်ရာ (ORANGE SUPER MART ညာဘက်)
သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
◆ ဒီကျောင်းကိုမှ တကူးတကန့် ရွေးတက်ကြတာ ဒီဆရာတွေ အပြောင်းအလဲ မရှိ နှစ်စဉ် နှစ်ဆုံး သင်နေကြလို့ပါပဲ။
အတု မရှိ၊ အတူမရှိ ပညာရေးအင်အား
◆ ဂုဏ်ထူး ဦးသိန်းနိုင်
◆ ဆရာ နေအုပ်(စိန်ပေါ်လ်)
◆ ဂုဏ်ထူး ဦးအောင်ခိုင်
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွန့်လှိုင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ ဖိုးစိန်မြင့်အောင်
အထူးသတင်း...
ဝေဠုဝန်လမ်းမကြီးတလျှောက် Air-ConYBS(၉၃)ကားကြီးတွေ ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။ အစစ အလွန် အဆင်ပြေလှပါတယ်။
နေ့တက် ဘော်ဒါကျောင်းသား လူဦးရေ ကန့်သတ် ထားသည်၊ လူပြည့်တော့မည်။
အမြန် အလိုရှိသည်။
တစ်ဘာသာခြင်း ထူးချွန်သော ဝါရင့် GUIDEများနှင့် အမျိုးသား အဆောင်မှူး ဆရာများ အမြန် အလိုရှိသည်။

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၂၄၊ ၂၀၁၈ (အင်္ဂါနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိသည့်

## ပြည်ထဲရေးဝန်ကြီးဌာန

■ မင်းမင်းဇော်(ကလေးဝ)

**ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားသည်-**



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ

**ဦးတင်မြင့်**
**(အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန)**

ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိစေမယ့် မျှော်မှန်းချက်(Vision)တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တည်ဆဲဥပဒေ(၄၉)ခုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့နဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာဆိုရင် ပြည်သူလူထုအခြေပြု ရဲလုပ်ငန်းစနစ်ကိုကျင့်သုံးပြီး ရဲစခန်းနယ်မြေအလိုက် မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေလျင်လှည့်ကင်းများအပြင် ရေယာဉ်လှည့်ကင်းများဖြင့်ပါ သက်ဆိုင်ရာ ဒေသခံပြည်သူလူထုနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံခြုံရေးအတွက် နယ်စပ်ဆက်ဆံရေးရုံး(BLO)တွေကို မြန်မာနိုင်ငံမှာ မောင်တောမြို့နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ်မြို့တို့မှာ ဖွင့်လှစ်နိုင်ဖို့ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံဖြတ်ကျော်မှုခင်းများတားဆီးကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ နိုင်ငံအလိုက် ရဲအဖွဲ့များနဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်းကောက်ယူရာမှာလည်း ၁၉၉၉ ခုနှစ်မှာ မူးယစ်ဆေးဝါးပပျောက်ရေး နောက်တိုး (၅)နှစ်စီမံကိန်းများကို ၂၀၁၉ ခုနှစ်အထိရေးဆွဲပြီး ဘိန်းအပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးခြင်းနဲ့ သစ်တောစိုက်ပျိုးထိန်းသိမ်းမှုတွေကို ဆောင်ရွက်နိုင်ခဲ့တာကြောင့် ၂၀၁၇ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ၂၅ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပါတယ်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအပိုင်းမှာဆိုရင် ဥပဒေရေးရာကိစ္စရပ်တွေ ဆောင်ရွက်ရေး၊ မြို့နဲ့ ကျေးရွာများ စနစ်တကျဖွဲ့စည်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ရေး၊ အသင်းအဖွဲ့များဥပဒေနဲ့အညီ ဖွဲ့စည်းရေး၊ ဂုဏ်ထူးဆောင်ဘွဲ့များနဲ့ တံဆိပ်များ ချီးမြှင့်ထိုက်သူ ချီးမြှင့်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရေး၊ မြေယာစီမံခန့်ခွဲမှုများ ဥပဒေနဲ့အညီဖြစ်ရေး၊ ယစ်မျိုးစီမံခန့်ခွဲမှုများ စနစ်တကျဖြစ်ရေးနဲ့ အခွန်လေးမျိုး လျာထားချက် ပြည့်မီကျော်လွန်အောင် ကောက်ခံရေးတွေကို ပင်မလုပ်ငန်းတာဝန်များအဖြစ် ဆောင်ရွက်လျက်ရှိရာမှာ သာသနာ့ဂရန် ၂၁၈ ခု၊ ဗုဒ္ဓသိမ် ၉၃ ခု၊ ငါးဧကအထက် မြေငှားဂရန် ၃၅၀ ခု၊ ငါးဧကအောက် မြေငှားဂရန် ၄၄၂၉၆ ခု ထုတ်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ကောက်ခံလျက်ရှိသော အခွန်လေးမျိုးဖြစ်တဲ့ မြေခွန်၊ ယစ်မျိုးခွန်၊ တာတမံခွန်၊ ဓာတ်သတ္တုခွန်တွေနဲ့ ပတ်သက်လို့ ငွေကျပ်သန်းပေါင်း ၃၃၉၃၄ ဒသမ ၅၉၁ ကို ကောက်ခံရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ငွေကျပ်သန်းပေါင်း ၃၆၅၇၇ ဒသမ ၀၁၇ ကောက်ခံရရှိခဲ့တဲ့အတွက် လျာထားချက် ပြည့်မီကျော်လွန်အောင် ကောက်ခံရရှိခဲ့ပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»

> ၁၉၉၉ ခုနှစ်မှာ မူးယစ်ဆေးဝါးပပျောက်ရေး နောက်တိုး (၅)နှစ်စီမံကိန်းများကို ၂၀၁၉ ခုနှစ်အထိ ရေးဆွဲပြီး ဘိန်းအပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘိန်းအစားထိုး သီးနှံစိုက်ပျိုး ခြင်းနဲ့ သစ်တောစိုက်ပျိုး ထိန်းသိမ်းမှုတွေကို ဆောင်ရွက်နိုင်ခဲ့တာကြောင့် ၂၀၁၇ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ၂၅ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့



မြန်မာနိုင်ငံ အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုအဖွဲ့အစည်းအဝေး ကျင်းပစဉ်။


ဦးတင်မြင့်


ရဲမှူးကြီးသက်နိုင်


ဦးအောင်သိုက်ဝင်း


ဦးအောင်မျိုး


ဦးမင်းစိုး


ဦးကျော်နိုင်

»»» အထူးကဏ္ဍ [ က ] မှ

(၂)နှစ်တာ သက်တမ်းကာလအတွင်း ပြည်တွင်းအသင်းအဖွဲ့၊ အသင်းအဖွဲ့အသစ် ၃၆၆ သင်း၊ သက်တမ်းတိုးတဲ့ အသင်းအဖွဲ့ ၈၁ သင်း စုစုပေါင်း ၄၄၁ သင်းနဲ့ နိုင်ငံတကာ အသင်းအဖွဲ့အသစ် အသင်း ၃၀ အပါအဝင် သက်တမ်းတိုးအသင်းအဖွဲ့ ၄၂ သင်း စုစုပေါင်း ၇၂ သင်းကို မှတ်ပုံတင်ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) တွေ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်လျက်ရှိရာမှာ နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များက မြို့နယ်ပေါင်း ၁၁၆ မြို့နယ်မှာ ဆောင်ရွက်ပေးလျက်ရှိပြီး စုစုပေါင်းဝန်ဆောင်မှု ၂၉၁၉၅၄၉ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှာဆိုရင် စီးပွားရေးဆိုင်ရာ ပြစ်မှုတွေနဲ့ပတ်သက်လို့ စုံစမ်းဖော်ထုတ်အရေးယူခဲ့ရာမှာ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၁၅ ရက်အထိ အမှု ၉၅ မှုကို စုံစမ်းစစ်ဆေးခဲ့ပါတယ်။ အဲဒီလို စုံစမ်းစစ်ဆေးခဲ့တဲ့အမှုတွေကနေ ငွေကျပ်သိန်းပေါင်း ၅၃၅၄၄၃၂ ကျော်နဲ့ အမေရိကန်ဒေါ်လာ ၁၈၅၆၆၉၄၅ ခန့်အပေါ် အခွန်စည်းကြပ်နိုင်ဖို့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို အကြောင်းကြားနိုင်ခဲ့ပါတယ်။

အကျဉ်းဦးစီးဌာနအပိုင်းကိုကြည့်မယ်ဆိုရင် ပြည်ထောင်စုအစိုးရရဲ့ဘတ်ဂျက်နဲ့ အကျဉ်းထောင်အသစ်တွေ ဆောက်လုပ်လျက်ရှိပြီး လက်ရှိအကျဉ်းထောင်တွေကိုလည်း တိုးချဲ့ဆောက်လုပ်လျက်ရှိပါတယ်။ အကျဉ်းသား အိပ်ဆောင်တွေကို တစ်ဦးလျှင် ၁၈ စတုရန်းပေထားရှိပြီး ရေသန့်စက်များတည်ဆောက်ပေးလျက်ရှိရာ အကျဉ်းထောင်နဲ့ စခန်း ၉၄ ခုအတွက် ငွေကျပ် ၈၅၄ ဒသမ ၆၃ သန်းအကုန်အကျခံ တည်ဆောက်ပေးခဲ့ပါတယ်။

မီးသတ်ဦးစီးဌာနအနေနဲ့ မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ပိုလန်နိုင်ငံချေးငွေနဲ့ ခေတ်မီမီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးယာဉ်တွေဖြည့်တင်းပေးနိုင်ခဲ့ပါတယ်။ ထိရောက်သောမီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေဖွဲ့စည်းပုံအရ တပ်ဖွဲ့ဝင်များ အင်အားတိုးမြှင့်ခြင်း၊ ခရိုင်၊ မြို့နယ်၊ နယ်မြေမီးသတ်စခန်းများ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ မီးသတ်ယာဉ်၊ စက်နဲ့ပစ္စည်းကိရိယာများဖြည့်တင်းခြင်းအပါအဝင် စခန်းအဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနဟာ ဌာနရဲ့ရည်မှန်းချက်တာဝန်တွေကို အကောင်အထည်ဖော်ရာမှာ တည်ဆဲဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဝန်ကြီးဌာနရဲ့ ဝန်ထမ်းတွေကို လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ပြည်တွင်း၊ ပြည်ပ သင်တန်းတွေအပါအဝင် အစည်းအဝေးများနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို စေလွှတ်လျက်ရှိပါတယ်။

**ရဲမှူးကြီးသက်နိုင်**
**[ညွှန်ကြားရေးမှူး(စီမံ)၊မြန်မာနိုင်ငံရဲတပ်ဖွဲ့]**

လက်ရှိအစိုးရသစ်ကာလ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ လုပ်ငန်းစနစ် ဖော်ဆောင်နိုင်ဖို့အတွက် ပြည်သူ့အတွက် ရဲတပ်ဖွဲ့ရဲ့ ဝန်ဆောင်ပေးမှုကို ရှေးရှုတဲ့ ရဲလုပ်ငန်းစနစ်ကို ကူးပြောင်းပြီး ပြဿနာဖြေရှင်းမှုကို ရှေးရှုတဲ့ ရဲလုပ်ငန်းနဲ့ ပြည့်စုံသောမှုခင်းဆိုင်ရာ သတင်းအချက်အလက်တွေကို အခြေခံတဲ့ ရဲလုပ်ငန်းတို့နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ပထမရည်မှန်းချက်တာဝန်ဖြစ်တဲ့ ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ရာမှာ ပိုမိုထိရောက်မှုရရှိစေဖို့အတွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး တစ်ရုံး၊ နယ်မြေရဲစခန်း ရှစ်ခု၊ ရဲကင်းစခန်း ၁၄ ခုတို့ကို တိုးချဲ့အသစ်ဖွင့်လှစ်ခဲ့ပြီး ရဲကင်းစခန်း ငါးခု နယ်မြေရဲစခန်းအဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အနောက်ဘက်တံခါးဖြစ်တဲ့ ရခိုင်ပြည်နယ်နယ်စပ်ဒေသ လုံခြုံရေးဆောင်ရွက်မှုမြှင့်တင်ဖို့ ယခင်ကအမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ လေးခုနဲ့ လုံခြုံရေးဆောင်ရွက်လျက်ရှိရာက နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ လေးခု ထပ်မံဖွဲ့စည်းခဲ့ပြီး တပ်ဖွဲ့ခွဲ ရှစ်ခု၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး သုံးရုံးတိုးချဲ့ ဖွင့်လှစ်ပြီး အင်အားဖြည့်တင်း လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံခြုံရေးအတွက် နယ်စပ်ဆက်ဆံရေးရုံး(BLO)တွေ နှစ်နိုင်ငံအတွင်း ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်တွေအကြား အလံတင်အစည်းအဝေးဗဟိုအဆင့် နှစ်ကြိမ်၊ ကွပ်ကဲရေးမှူးအဆင့် နှစ်ကြိမ်၊ တပ်ရင်းမှူးအဆင့် ၁၂ ကြိမ်၊ တပ်ခွဲမှူးအဆင့် တစ်ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ နယ်စပ်တစ်လျှောက် လှည့်ကင်းဖြင့် စိုးမိုးမှုများဆောင်ရွက်ခြင်း၊ ကင်းစခန်းများမှာ နှစ်ထပ်ဘန်ကာမျှော်စင်များ ဆောက်လုပ်ခြင်း၊ ပစ်ကျင်း၊ ဆက်သွယ်ရေးမြောင်းများ၊ ခြံစည်းရိုးများ စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် လုံခြုံရေးမြှင့်တင်လျက်ရှိပါတယ်။ ပင်လယ်မြစ်ကြောင်း လုံခြုံရေးအတွက် ကမ်းရိုးတန်းသွား ကင်းလှည့်ရေယာဉ် လေးစင်း၊ မြစ်တွင်းသွားကင်းလှည့် ရေယာဉ် ၁၀ စင်း၊ Fast Boat ၁၅ စင်း၊ Rubber Boat ရှစ်စင်း စုစုပေါင်း ၃၇ စင်း ဖြည့်တင်းပြီး လုံခြုံရေး ဆောင်ရွက်လျက်ရှိပါတယ်။

ပုံမှန်လုံခြုံရေးတာဝန်တွေအပြင် နိုင်ငံတော်အဆင့် အခမ်းအနားတွေ၊ နိုင်ငံတော်အကြီးအကဲတွေ၊ အရေးကြီးပုဂ္ဂိုလ်တွေနဲ့ ပြည်ပဧည့်သည်တော်တွေအတွက် လုံခြုံရေး လုံးဝကျိုးပေါက်မှုမရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လုံခြုံရေး ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေဖို့အတွက် ရဲတပ်ဖွဲ့ကို ခေတ်မီမောင်းပြန် လက်နက်တွေနဲ့ အဓိကရုဏ်းနှိမ်နင်းရေး လက်နက်တွေ အစားထိုးလဲလှယ်တပ်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒုတိယ ရည်မှန်းချက်တာဝန်ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများ ဘေးကင်းလုံခြုံရေး၊ မှုခင်းများ၊ အကြမ်းဖက်မှုများ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနဲ့ တိုက်ဖျက်ရေးလုပ်ငန်းတွေကို အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များနဲ့အညီ ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့တဲ့အမှုတွေက တရားခံများကို စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူများ မှုခင်းဆိုင်ရာအသိပညာ ရရှိစေဖို့အတွက် မှုခင်းပညာပေးပြခန်းယာဉ်များနဲ့ လှည့်လည်ဟောပြောခြင်း၊ နယ်မြေများနဲ့ စာသင်ကျောင်းများကို ကွင်းဆင်းဟောပြောခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတွေအပြင် နယ်မြေလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်နဲ့ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်တွေကို လက်တွေ့ကျကျ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံဖြတ်ကျော်မှုခင်းတွေ တားဆီးကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့အပါအဝင် နိုင်ငံအလိုက်ရဲအဖွဲ့များနဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။

တတိယရည်မှန်းချက်ဖြစ်တဲ့ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ရောင်းဝယ်ပျံ့နှံ့မှု တားဆီးနှိမ်နင်းဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အထူးစစ်ဆင်ရေး ရှစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး အမှုပေါင်း ၁၃၈၈ မှု၊ တရားခံပေါင်း ၁၉၅၇ ဦးကို မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းတွေနဲ့အတူ အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထို့အတူ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး သတင်းဖလှယ်ဖော်ထုတ် အရေးယူမှုတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

စတုတ္ထရည်မှန်းချက် တာဝန်ဖြစ်တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အချိန်နဲ့တစ်ပြေးညီ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ရေရှားပါးမှုဖြစ်ပေါ်ခဲ့တဲ့ ဒေသတွေကို သောက်သုံးရေဂါလန်ပေါင်း ၄၃၀၂၄၂ ဂါလန် လှူဒါန်းနိုင်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ကျရောက်မှု စုစုပေါင်း အကြိမ် ၄၀ မှာ


မန္တလေးဗဟိုအကျဉ်းထောင်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည့် အကျဉ်းသား အကျဉ်းသူများအား တာဝန်ရှိသူများက တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။

အထူးကဏ္ဍ [ ဂ ] သို့ »»»



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲ ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

တပ်ဖွဲ့ဝင်တွေက ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**ဦးအောင်သိုက်ဝင်း**
**[ညွှန်ကြားရေးမှူး(စီမံ)၊**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန]**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန် (၄) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အုပ်ချုပ်ရေးဆိုင်ရာဥပဒေ (၁၉)ခုနဲ့အညီ လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပြီး အဓိကလုပ်ငန်းတာဝန်တွေဖြစ်တဲ့ မြို့နှင့်ကျေးရွာမြေများ စနစ်တကျဖွဲ့စည်းရေး၊ အသင်းအဖွဲ့များဥပဒေနှင့်အညီ ဖွဲ့စည်းရေး၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ရေး၊ မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ အခွန်လေးမျိုးကောက်ခံရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအပြင် နိုင်ငံတော်သမ္မတရုံးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်တဲ့ လုပ်ငန်းတာဝန်တွေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ပေးအပ်တဲ့ လုပ်ငန်းတာဝန်တွေအပြင် အခြားဝန်ကြီးဌာနများမှပေးအပ်တဲ့ လုပ်ငန်းတာဝန်တွေကို ဌာနရဲ့ ရည်မှန်းချက်တွေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များရှိ မြို့နယ်တွေမှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး မြေယာအရှုပ်အရှင်းကင်းတဲ့ ကျေးရွာတွေမှာ မြေငှားဂရန်(မြေငှားစာချုပ်) ထုတ်ပေးရေးလုပ်ငန်းကို ရက်(၁၀၀)စီမံချက်ကနေ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် မတ်လအထိ နှစ်နှစ်တာကာလအတွင်း မြို့နယ်ပေါင်း ၂၇၅ မြို့နယ်မှာရှိတဲ့ ကျေးရွာ ၂၇၅ ရွာမှာ ကျေးရွာမြေငှားဂရန် စုစုပေါင်း ၂၂၅၁၈ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် သာသနာ့ဂရန် ၂၁၈ ခု၊ ဗုဒ္ဓသိမ် ၉၃ ခု၊ ငါးဧကအထက် မြေငှားဂရန် ၃၅၀ ခု၊ ငါးဧကအောက် မြေငှားဂရန် ၄၄၂၉၆ ခု ထုတ်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလို မြေငှားဂရန်တွေ ထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက အခွန်ငွေ တိုးမြှင့်ကောက်ခံရရှိသလို တစ်ဖက်မှာလည်း နိုင်ငံသားတွေအနေနဲ့ ပိုင်ဆိုင်မှုအထောက်အထားခိုင်မာစွာဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်တဲ့ အခွင့်အရေးများ ရရှိနိုင်မှာဖြစ်ပါတယ်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီက အသုံးပြုရန်မရှိသော စွန့်လွှတ်မြေ ၅၂၁၃၈ ဒသမ ၇၃၀၅ ဧကကို မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလိုပဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အသုံးပြုခြင်းမရှိတော့တဲ့ ဌာနပိုင်မြေ စုစုပေါင်း ၅၂၃ ဒသမ ၈၃၁ ဧကကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ဖို့အတွက် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ယစ်မျိုးစီမံခန့်ခွဲခြင်းအနေနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် အရက်သောက်သုံးမှုလျှော့ချပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဖို့ ရည်ရွယ်ကာ ယစ်မျိုးလုပ်ငန်းကတစ်ဆင့် အခွန်တိုးမြှင့်ကောက်ခံနိုင်ရေးအတွက် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ Task Force အဖွဲ့များဖြင့် စစ်ဆေးခြင်း၊ အချိန်ကာလ သတ်မှတ်ပြုပြင်စေခြင်း၊ စည်းကမ်းလိုက်နာမှုမရှိတဲ့ ယစ်မျိုးလိုင်စင်တွေကို ပိတ်သိမ်းသည်အထိ အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ခံလျက်ရှိတဲ့ အခွန်လေးမျိုးဖြစ်တဲ့ မြေခွန်၊ ယစ်မျိုးခွန်၊ တာတမံခွန်၊ ဓာတ်သတ္တုခွန်တွေကို လျာထားသတ်မှတ်ချက်နဲ့အညီ ကောက်ခံဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အခွန်လေးမျိုး လျာထားချက် ကျပ်သန်းပေါင်း ၂၆၆၅၉ ဒသမ ၂၆၃ မှာ ကျပ်သန်းပေါင်း ၃၃၉၃၄ ဒသမ ၅၉၁ ကို ကောက်ခံရရှိခဲ့တဲ့အတွက် လျာထားချက်အပေါ် ၁၄၅ ဒသမ ၅၀ ရာခိုင်နှုန်းနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အခွန်လေးမျိုး လျာထားချက် ကျပ်သန်းပေါင်း ၃၃၁၉၀ ဒသမ ၀၁၄ မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ ကျပ်သန်းပေါင်း ၃၆ ၅၇၇ ဒသမ ၀၁၇ ကို ကောက်ခံရရှိခဲ့လို့ လျာထားချက် ပြည့်မီကျော်လွန်အောင် ကောက်ခံရရှိခဲ့ပြီး အခွန်ကောက်ခံရရှိငွေတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းအပါအဝင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

လက်ရှိ နိုင်ငံတော်အစိုးရရဲ့ နှစ်နှစ်တာကာလအတွင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ မြို့၊ ရပ်ကွက်နဲ့ ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ရာ နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များရှိ စုစုပေါင်းမြို့ ၁၃ မြို့၊ ရပ်ကွက် ၈၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာ ၇၁၀ တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ နိုင်ငံတော်အစိုးရရဲ့ နှစ်နှစ်တာကာလအတွင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့အညီ ကျေးရွာမြေငှားဂရန် ထုတ်ပေးရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနဲ့ အသင်းအဖွဲ့များကို ဥပဒေနှင့်အညီဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးအောင်မျိုး**
**(ညွှန်ကြားရေးမှူး၊**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)**

အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအနေနဲ့ စီးပွားရေးဆိုင်ရာပြစ်မှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ ဝန်ထမ်း မသမာမှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ နိုင်ငံတော်လုံခြုံရေးသတင်းများ စုဆောင်းတင်ပြရေးနဲ့ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး စတဲ့ ရည်မှန်းချက်များချမှတ်ပြီး စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေအကြံပေးခြင်း၊ တရားစွဲတင်ပို့ခြင်းနှင့် တရားရုံးအမှုလိုက်ပါခြင်း၊ သတင်းများ စုဆောင်းတင်ပြခြင်းနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ခြင်းစတဲ့ အဓိကလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးဆိုင်ရာ ပြစ်မှုတွေနဲ့ပတ်သက်လို့ ပြည်ပပို့ကုန်တွေရဲ့ ကုန်ဖိုးငွေတွေကို ပြည်တွင်းကို ပြန်မသွင်းဘဲ ပြည်ပမှာသာ ငွေကြေးလှည့်ပတ်အသုံးပြုနေခြင်း၊ Internet အခြေခံ Online ဝန်ဆောင်မှု လုပ်ငန်းတွေကို ဘန်းပြပြီး မက်လုံးပေးစည်းရုံး ငွေကြေးလိမ်လည်ရယူခြင်း၊ သစ်တောထွက်ပစ္စည်းများ၊ သယံဇာတများနဲ့ ကုန်ပစ္စည်းတွေကို ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်ရောင်းဝယ်ခြင်း၊ တင်ပို့ခြင်း၊ ဆေးဝါးများအတုပြုလုပ်ခြင်း၊ ဆင့်ပွားဈေးကွက်စနစ်နဲ့ ကုန်ပစ္စည်းရောင်းချခြင်းတွေကို စုံစမ်းဖော်ထုတ်အရေးယူခဲ့ရာမှာ အမှု ၉၅ မှုကို စုံစမ်းစစ်ဆေးခဲ့ပါတယ်။

ဝန်ထမ်းမသမာမှုတွေနဲ့ ပတ်သက်လို့ ဝန်ထမ်းတွေအနေနဲ့ လယ်ယာမြေလုပ်ကိုင်မှုကို အကြောင်းပြုပြီး မြေကွက်တွေကို တရားမဝင်ရောင်းစားမှုတွေ၊ လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်ကို မသမာသောနည်းတွေနဲ့ ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပိုင်ဆိုင်မှု၊ အငြင်းပွားမှုတွေကို ဖြစ်ပေါ်စေတဲ့ ဝန်ထမ်းတွေကို ဖော်ထုတ်ပြီး စီမံခန့်ခွဲရေးအပိုင်းကနေ ကြိုတင်တားဆီးကာကွယ်ခြင်း ဆောင်ရွက်ခဲ့ရာမှာ အမှုပေါင်း ၄၄ မှုကို စုံစမ်းစစ်ဆေးခဲ့ပါတယ်။

မြန်မာကျပ်ငွေတန်ဖိုး တည်ငြိမ်စေရေး၊ ငွေကြေးလည်ပတ်စီးဆင်းမှု မှန်ကန်စေရေးတို့အတွက် ငွေကြေးခဝါချမှုတွေ၊ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုတွေ အပါအဝင် မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုတွေက ရရှိလာတဲ့ ငွေကြေးတွေကို အသွင်ပြောင်းလဲခြင်း၊ ဖျောက်ဖျက်ခြင်း၊ ငွေဖြူအဖြစ်ပြောင်းလဲခြင်းများနဲ့ ပတ်သက်လို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အမှုပေါင်း ၁၃၁ မှု စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနကနေ တရားစွဲတင်ပို့နိုင်ခဲ့တဲ့ အမှုတွေအနက် တရားရုံးက အမိန့်ချမှတ်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် မြန်မာကျပ်ငွေ ၁၉၀၁၇၅၆၉၆၇ ကျပ်၊ ဒေါ်လာ ၄၆၇၂၄၀၊ ယူရိုငွေ ၃၃၀၀၀၊ ဂျပန်ယန်း ၅၂၆၁၀၀၀၊ မလေးရှားရင်းဂစ် ၂၈၅၀၅၊ တရုတ်ယွမ် ၃၃၁၉၃၊ ပေါင်စတာလင် ၆၁၀၊ ထိုင်ဝမ်ဒေါ်လာ ၅၀၇၀၀၊ ကိုရီးယားဝမ် ၁၀၀၁၀၀၀ နဲ့ ဟောင်ကောင်ဒေါ်လာ ၁၇၁၀၀ ရရှိခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဟာ မသိနားမလည်တဲ့ ပြည်သူတွေ ငွေကြေးဆုံးရှုံးနစ်နာမှုမရှိစေရေး MLM စနစ်အရ



ပိုလန်နိုင်ငံ ODA အစီအစဉ်ဖြင့် ရရှိမည့် မီးသတ်ယာဉ်များအတွက် ပြုပြင်ထိန်းသိမ်းရေးသင်တန်းကို မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ သွားရောက်သင်ကြားစဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ

ကျင့်သုံးတဲ့ကုမ္ပဏီနဲ့ လုပ်ငန်းများအခြေအနေ၊ Crypto Currency နဲ့ပတ်သက်တဲ့ သဘောသဘာဝ၊ ကောင်းကျိုး၊ ဆိုးကျိုးတွေကိုလည်း သိရှိလေ့လာနိုင်ကြစေဖို့ နိုင်ငံပိုင်သတင်းမီဒီယာနဲ့ ပြည်ထဲရေးဝန်ကြီးဌာန Website တွေမှာ ဖော်ပြပေးနိုင်ခဲ့ပါတယ်။

**ဦးမင်းစိုး**
**(ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန)**

လက်ရှိ အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်မှာ အကျဉ်းထောင် ၄၃ ထောင်၊ အချုပ်ထောင် ခြောက်ခု၊ စခန်း ၄၈ ခု၊ စခန်းစုစုပေါင်း ၉၇ ခု ရှိပါတယ်။

အကျဉ်းသား အိပ်ဆောင်တွေမှာ အကျဉ်းသားတစ်ဦးအတွက် ၁၈ စတုရန်းပေထားရှိပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ ဘတ်ဂျက်နဲ့ အကျဉ်းထောင်အသစ်တွေကို တိုးချဲ့ဆောက်လုပ်လျက်ရှိပါတယ်။ နှစ်နှစ်တာကာလအတွင်း အချုပ်ထောင် နှစ်ခု၊ အကျဉ်းထောင် တစ်ခု ဆောက်လုပ်ပြီးဖြစ်ပါတယ်။

ရေသန့်စက်တွေကိုလည်း အကျဉ်းထောင်၊ စခန်း ၉၄ ခုမှာ ငွေကျပ်သန်း ၈၅၄ ဒသမ ၆၃ သန်း အကုန်ကျခံ တိုးချဲ့တည်ဆောက်ပေးခဲ့ပါတယ်။ မိလ္လာစနစ်ဆိုရင်လည်း ရေလောင်းမိလ္လာစနစ် ရေဆိုးထုတ်ပိုက်လိုင်းအသုံးပြုတဲ့စနစ်တွေနဲ့ အနံ့အသက်ကင်းစင်ပြီး သန့်ရှင်းသပ်ရပ်စွာ ကျန်းမာရေးနဲ့ ညီညွတ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ မြေနေရာလပ်ပေါ်မူတည်ပြီး အကျဉ်းသားအချိုးနဲ့ညီအောင် နေ့၊ ည မိလ္လာတွေ ဆောက်လုပ်ပေးလျက်ရှိပါတယ်။

အိပ်ဆောင်တိုင်းမှာ တီဗွီ၊ ဗီဒီယိုတွေထားရှိပေးထားတဲ့အပြင် စလောင်းတွေကိုလည်း တပ်ဆင်ပေးထားပါတယ်။ ကဏ္ဍစုံစာအုပ်များပါဝင်တဲ့ စာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ထားရှိပြီး လွတ်လပ်စွာ ဖတ်ရှုခွင့်ပေးထားပါတယ်။ အကျဉ်းသားတွေကို နံနက်တိုင်း ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်စေခြင်း၊ နေ့ရက်ကြီးများမှာ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အလွယ်တကူ ကစားလို့ရတဲ့ ခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောကစားနိုင်ဖို့အတွက်လည်း စီစဉ်ဆောင်ရွက်ပေးပါတယ်။

ထောင်ဝင်စာတွေ့မယ့် ရက်တွေမှာ အကျဉ်းသား၊ အချုပ်သားတွေ့ဆုံတဲ့ရက် ခွဲခြားခြင်းမပြုဘဲ ၎င်းတို့မိသားစုများ လာရောက်တဲ့နေ့မှာတွေ့ဆုံနိုင်ရေးစီစဉ်ပေးထားပြီး ထောင်ဝင်စာ တွေ့ဆုံတဲ့အချိန်ကို ယခင် ၁၅ မိနစ်က မိနစ် ၂၀ အတွင်း သတ်မှတ်ထားရာကနေ ယခု မိနစ် ၂၀ ကနေ ၂၅ မိနစ်အထိ ဖြေလျှော့ခွင့်ပြုပေးထားပါတယ်။ ပြစ်ဒဏ်ကျခံနေတဲ့ မိသားစုဝင်အချင်းချင်းကိုလည်း တစ်ပတ်တစ်ကြိမ် တွေ့ဆုံပေးထားပြီး ဉည့်တွေ့ နားနေဆောင်တွေကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အကျဉ်းသား အကျဉ်းသူတွေထဲမှာ အကြောင်းအမျိုးမျိုးကြောင့် ထောင်ဝင်စာ လာရောက်မတွေ့နိုင်တဲ့သူတွေကို အကျဉ်းထောင်၊ စခန်းများရဲ့ အစီအစဉ်နဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ အစားအသောက်တွေကို ဖြည့်ဆည်းပေးလျက်ရှိပါတယ်။



ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ပေးစဉ်။

ကျန်းမာရေး စောင့်ရှောက်မှုအနေနဲ့ ဗဟိုအကျဉ်းထောင် သုံးခုမှာ ခုတင် ၅၀ ဆံ့ဆေးရုံ တစ်ခုစီ တည်ဆောက်ပေးထားပြီး အခြားအကျဉ်းထောင်၊ စခန်းများတွေက လူနာတွေကိုလည်း လက်ခံကုသပေးလျက်ရှိပါတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင်မှာ တီဘီလူနာ ကုသဆောင်ကိုလည်း ဆောက်လုပ်ထားပါတယ်။ ဌာနက ဆရာဝန်တွေ၊ ကျန်းမာရေးမှူးတွေနဲ့ နေ့စဉ်ဆေးဝါးကုသပေးလျက်ရှိပြီး ပြင်ပပြည်သူ့ဆေးရုံများသို့ ပြသ၊ တင်ပို့ကုသရန် လိုအပ်သူတွေကို တင်ပို့ကုသပေးလျက်ရှိပါတယ်။ ပြည်သူ့ဆေးရုံကြီးတွေက အထူးကုဆရာဝန်ကြီးတွေကို ဖိတ်ကြား၍လည်း ကုသပေးလျက်ရှိပါတယ်။ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းတွေကို ဆရာဝန်တွေ၊ ကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဟောပြောပွဲတွေ ကျန်းမာရေးဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးတွေကို ကာကွယ်ဆေးထိုးခြင်း၊ TB Mobile Team အဖွဲ့ကနေ ထောင်နဲ့ စခန်းတွေကို လှည့်လည်ပြီး ရောဂါရှာဖွေကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

> အကျဉ်းသား အကျဉ်းသူတွေထဲမှာ အကြောင်းအမျိုးမျိုးကြောင့် ထောင်ဝင်စာ လာရောက်မတွေ့ဆုံနိုင်တဲ့သူတွေကို အကျဉ်းထောင်၊ စခန်းများရဲ့ အစီအစဉ်နဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ အစားအသောက်တွေကို ဖြည့်ဆည်းပေးလျက်ရှိ

အကျဉ်းထောင်နဲ့စခန်းတွေမှာ မိမိတို့ယုံကြည်ကိုးကွယ်တဲ့ ဘာသာအလိုက်ကိုးကွယ်ခွင့်ပေးထားတဲ့အပြင် ဗုဒ္ဓဘာသာဝင်အကျဉ်းသား အကျဉ်းသူတွေကို ဝိပဿနာ ၁၀ ရက် တရားစခန်းများဖွင့်လှစ်ပြီး အဘိဓမ္မာသင်တန်းတွေကိုလည်း အလျဉ်းသင့်သလို ဖွင့်လှစ်ပေးပါတယ်။

ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ အကျဉ်းသား အကျဉ်းသူတွေအနေနဲ့ အကျဉ်းထောင်၊ စခန်းတွေကနေ လွတ်မြောက်သွားတဲ့အခါ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခု တတ်မြောက်သွားစေဖို့ ရည်ရွယ်ပြီး အကျဉ်းထောင်၊ စခန်းတွေမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေအပြင် စက်မှုလုပ်ငန်းနဲ့ လက်မှုလုပ်ငန်းတွေကိုပါ သင်တန်းဖွင့်လှစ် သင်ကြားပေးလျက်ရှိပါတယ်။

စာပေပညာသင်ကြားခြင်းအပိုင်းမှာဆိုရင်လည်း ပညာတစ်ပိုင်းတစ်စနဲ့ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ အကျဉ်းသား အကျဉ်းသူတွေကို အတန်းပညာဆက်လက် သင်ကြားနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်မှာ မူလတန်းမှ အထက်တန်းအထိ အကျဉ်းသားကျောင်းသား ၂၁၃ ဦး၊ အကျဉ်းသူကျောင်းသူ ၁၃ ဦး၊ တက္ကသိုလ်အဆင့်အတွက် အကျဉ်းသားကျောင်းသား ၁၃ ဦးကို ပညာသင်ကြားပေးခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ အကျဉ်းသား ကျောင်းသား ၃၈ ဦး၊ အကျဉ်းသူကျောင်းသူ သုံးဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အကျဉ်းသား ၁၅ ဦး၊ အကျဉ်းသူတစ်ဦး အောင်မြင်ခဲ့ပါတယ်။ အဲဒီမှာ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦး ထွက်ပေါ်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်မှာ ၂၃၉ ဦးကို အတန်းပညာသင်ကြားပေးခဲ့ပြီး ၎င်းတို့အထဲမှ ၁၀၄ ဦးဟာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုထားပါတယ်။ အတန်းပညာ သင်ကြားခဲ့ဖူးခြင်းမရှိတဲ့ အကျဉ်းသား အကျဉ်းသူတွေအတွက် 'အ' သုံးလုံးပညာကို သင်ကြားလျက်ရှိရာ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်ကနေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ အမျိုးသား ၄၅၁ ဦး၊ အမျိုးသမီး ၁၁၇ ဦး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်ကနေ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ ၈၈၅ ဦးကို သင်ကြားပေးနိုင်ခဲ့ပါတယ်။



ပြည်သူတို့၏ လိုအပ်ချက်များကို တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်ရန်
ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) များ ဖွင့်လှစ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။

**ဦးကျော်နိုင်**
**(ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန)**

မီးသတ်ဦးစီးဌာနအနေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်ပစ္စည်းတွေ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးတွေကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းနဲ့ သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသော ဘေးအန္တရာယ်များကျရောက်တဲ့အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရ နှစ်နှစ်တာကာလအတွင်း မီးသတ်ဦးစီးဌာနရဲ့ ရည်မှန်းချက်တွေနဲ့ လုပ်ငန်းတာဝန်တွေကို ပိုမိုထိရောက်အောင်မြင်အောင် လုပ်ဆောင်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနဖွဲ့စည်းပုံကို တိုင်းဒေသကြီးနဲ့ ပြည်နယ်မီးသတ်ဦးစီးရုံးတွေမှာ ညွှန်ကြားရေးမှူးအဆင့် တိုးမြှင့်ပေးခြင်း၊ ခရိုင်မီးသတ်စခန်း ၇၃ ခု၊ မြို့နယ်မီးသတ်စခန်း ၃၃၀ ခု၊ နယ်မြေမီးသတ်စခန်း ၇၀၃ ခု စုစုပေါင်း မီးသတ်စခန်း ၁၁၀၆ ခုနဲ့ မီးဘေးလုံခြုံရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

မီးသတ်စက်ယာဉ်များမှာ ၂၀၁၆ ခုနှစ် မတိုင်မီ မီးသတ်စက်ယာဉ်ပေါင်း အစီး ၂၉၂၀ ရှိခဲ့ရာကနေ နှစ်နှစ်တာကာလအတွင်း ၄၃၁ စီးတိုးတက်လာခဲ့ရာ မီးသတ်စက်ယာဉ် ပေါင်း ၃၃၅၁ စီးရှိပြီ ဖြစ်ပါတယ်။

မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့တွေကို ရိက္ခာငွေအဖြစ် တပ်ဖွဲ့ဝင်တစ်ဦးလျှင် တစ်ရက်ကျပ် ၁၅၀၀ နှုန်း တိုးမြှင့်ခံစားခွင့်ပြုနိုင်ခဲ့ပါတယ်။

မီးဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်တွေနဲ့ အခြားမတော်တဆဖြစ်စဉ်များ ကျရောက်လာပါက လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့အတွက် မီးသတ်ဦးစီးဌာနသို့ ပိုလန်နိုင်ငံအစိုးရနောက်ခံအခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့မှုချေးငွေ (Organization for Economic Co-operation and Development) မှ တရားဝင် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ (Official Development Assistance) အစီအစဉ်ဖြင့် ယူရိုသန်း ၅၀ ထောက်ပံ့ချေးငွေနဲ့ ခေတ်မီ မီးငြိမ်းသတ်ရေးယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၆၅ စီးနဲ့ စက်ကိရိယာတွေ၊ ဆက်စပ်ပစ္စည်းတွေ ကြံ့ခိုင်မွမ်းမံမှုနှင့် ထိန်းသိမ်းမှုနည်းစနစ် သင်တန်းနဲ့ မီးသတ်ပညာရပ်ဆိုင်ရာတွေကို ပိုလန်နိုင်ငံ မီးသတ်တက္ကသိုလ်ကို သွားရောက်လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။ အဲဒီယာဉ်တွေဟာ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံကို ရောက်ရှိမှာဖြစ်ပါတယ်။

**ဟုတ်ကဲ့။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။**

# သဘာဝသယံဇာတအရင်းအမြစ်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေး ရေရှည်တည်တံ့စေသောနည်းလမ်းဖြင့် ထုတ်ယူသုံးစွဲလျက်ရှိ

● အမေး၊ အရေး - မော်စီ၊ ဓာတ်ပုံ - အေးသန်း

**မြန်မာနိုင်ငံသည် တွင်းထွက်နှင့် သဘာဝသယံဇာတများပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းပြီး သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် အနာဂတ်မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။**

**အနာဂတ်မျှော်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရေး၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရန်အတွက် ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ထိခိုက်ပျက်စီးမှုများ တတ်နိုင်သမျှ လျော့နည်းသက်သာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဟန်ချက်ညီညီ သဟဇာတရှိရှိဖြစ်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ပြည်သူများ သိရှိစေရန် ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ရပါသည်။**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း။

**ဦးအုန်းဝင်း**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

**မေး။ သစ်တောကဏ္ဍနဲ့ ပတ်သက်လို့ ဆောင်ရွက်မှုတွေအနက် သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သစ်ထုတ်လုပ်မှုကို တစ်နှစ် ရပ်ဆိုင်းခဲ့ပြီး မြန်မာ့ကျွန်းသစ်မူရင်းဒေသဖြစ်တဲ့ ပဲခူးရိုးမမှာ သစ်ထုတ်လုပ်မှုကို ၁၀ နှစ် ရပ်ဆိုင်းခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံသစ်တောတွေ ပြန်လည်တည်ထောင်ရေးစီမံကိန်းကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ ၁၀ နှစ်စီမံချက် ရေးဆွဲပြီး သစ်တောတွေ တည်ထောင်ခြင်းနဲ့ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ၁၉ ရပ်ကို နိုင်ငံတစ်ဝန်းလုံးမှာ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောတွေ တိုးချဲ့ဖွဲ့စည်းခဲ့မှုအနေနဲ့ ယခင်အစိုးရကာလအထိ ၂၄ ဒသမ ၇၂ ရာခိုင်နှုန်းရှိရာမှ အခု နှစ်နှစ်တာကာလအတွင်း ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၂၇ ခု ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်ခဲ့တဲ့အတွက် ၂၅ ဒသမ ၁၆ ရာခိုင်နှုန်းရှိသွားပြီဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းသတ်မှတ်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ၃၆ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နှစ်နှစ်တာကာလမှာ သဘာဝနယ်မြေတစ်ခု ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်ခဲ့တဲ့အတွက် ၅ ဒသမ ၇၉ ရာခိုင်နှုန်းရှိပြီး ဖွဲ့စည်းသတ်မှတ်ရန် ရည်ရွယ်ချက် ခုနစ်ခုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၃၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းဖို့နဲ့ သဘာဝနယ်မြေ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းဖို့ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ခြင်းနဲ့ ပတ်သက်လို့ ၁၉၉၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာမှာ ဧက သုံးသိန်းနီးပါး ဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိအစိုးရလက်ထက် နှစ်နှစ်တာကာလအတွင်း ဧက နှစ်သိန်းကျော် ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် စုစုပေါင်းဧက ငါးသိန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

တရားမဝင်သစ်ခုတ်လှဲ၊ ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ခြင်းတို့ကို တားဆီးကာကွယ်ဖို့ လူထုအခြေပြုစောင့်ကြည့်ခြင်းနဲ့ သတင်းပို့စနစ် (Community Monitoring and Reporting System)ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ယခင်ကခရီးသွားဆင်စခန်း ငါးခုသာ ဆောင်ရွက်ရာမှ နှစ်နှစ်တာကာလအတွင်း ခရီးသွားဆင်စခန်း ၁၈ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်တွင်းဝင်ငွေ ငွေကျပ်သိန်း ၃၀၀၀ ခန့် ပိုမိုရှာဖွေနိုင်ခဲ့ပါတယ်။ လုပ်ငန်းသဘောသဘာဝ ကိုက်ညီတဲ့နေရာတွေမှာလည်း ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားစခန်းတွေ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းအတွက် ပြုပြင်ဆောင်ရွက်နိုင်ခဲ့မှုတွေကို သိချင်ပါတယ်။**

ဖြေ။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေ၊ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းတွေမှာ စိုက်ခင်းတည်ထောင်ခြင်းနဲ့ တရားမဝင်သစ်ကာကွယ်တားဆီးမှုလုပ်ငန်းတွေကို ပိုပြင်ထိရောက်အောင် ဆောင်ရွက်နိုင်ဖို့ သစ်တောဦးစီးဌာနရဲ့ ဖွဲ့စည်းပုံတိုးချဲ့နိုင်ဖို့အတွက်နဲ့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရေဝေရေလဲဒေသတွေ ထိန်းသိမ်းခြင်းလုပ်ငန်းတွေကိုပါ ဆောင်ရွက်မယ့် "ရေဝေရေလဲဒေသနှင့် မြေယာထိန်းသိမ်းရေးဦးစီးဌာန" အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းဖို့အတွက် ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် သစ်ထုတ်လုပ်မှုလျှော့ချဆောင်ရွက်ခြင်း၊ အနာဂတ်ကာလတွေမှာ သဘာဝတောကို မမှီခိုဘဲ သစ်ကုန်ကြမ်းရရှိနိုင်ဖို့အတွက် ကိုယ်ပိုင်သစ်တောစိုက်ခင်းတွေ တည်ထောင်ခြင်း၊ ပြည်သူလူထု အပန်းဖြေအနားယူနိုင်ဖို့အတွက် ဆင်စခန်းတွေ တိုးချဲ့ထူထောင်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်တဲ့ "မြန်မာ့သစ်လုပ်ငန်း" ကို "မြန်မာ့သစ်တောလုပ်ငန်း" အဖြစ် အသွင်ပြောင်းလဲဖွဲ့စည်းသွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိဖို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ရေရှည်မှာ ပတ်ဝန်းကျင်အခြေခံကောင်းတွေရရှိနိုင်ဖို့ နှစ်နှစ်တာကာလအတွင်း လက်ရှိပြောင်းလဲလာတဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအခြေအနေနဲ့အညီ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (National Environmental Policy)၊ မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ(Myanmar National Climate Change Policy)၊ အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနဲ့ လုပ်ငန်းအစီအစဉ် (Myanmar Climate Change Strategy and Action Plan)တို့ကို အပြီးသတ်ရေးဆွဲထားရှိပြီး အဆင့်ဆင့်တင်ပြပြီးတော့ အတည်ပြုချက်ရယူ ထုတ်ပြန်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်(Green Economy Policy Framework)၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်(National Waste Management Strategy and Action Plan)တို့ကို မူကြမ်းရေးဆွဲထားရှိပြီး ဖြစ်ပါတယ်။

အဲဒီ မူဝါဒ၊ မဟာဗျူဟာတွေနဲ့ လုပ်ငန်းအစီအစဉ်တွေကို သက်ဆိုင်ရာကဏ္ဍအလိုက် ထိရောက်စွာ ပေါင်းစပ်အကောင်အထည်ဖော်နိုင်ဖို့အတွက် အင်အားဖြည့် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီခြောက်ခုအပြင် ပြည်နယ်၊ တိုင်းဒေသကြီးတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ အတွက်လည်း တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ထိ ကြီးကြပ်မှုကော်မတီနဲ့ လုပ်ငန်းအဖွဲ့တွေကို

အထူးကဏ္ဍ [ စ ] သို့ »»



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဘရာဇီးနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် ကမ္ဘာ့ "ရေ" ဖိုရမ်အခမ်းအနားသို့ တက်ရောက်စဉ်။

»»» အထူးကဏ္ဍ [ င ] မှ

တိုးမြှင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဆက်တည်းမှာပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရဲ့ ဖွဲ့စည်းပုံကို စုစုပေါင်း ၁၉၂၂၉ ဦးနဲ့ တိုးချဲ့ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ကိုးနှစ်စီမံချက်နဲ့ ခရိုင် ၇၃ ခုနဲ့ မြို့နယ် ၃၃၀ မှာ ပတ်ဝန်းကျင်ထိခိုက်မှုအများဆုံးဖြစ်တဲ့ ခရိုင်၊ မြို့နယ်တွေကို ဦးစားပေးအလိုက် ရွေးချယ်ပြီး ဖွင့်လှစ်လျက်ရှိပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကိစ္စတွေ ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ လုပ်ငန်းကဏ္ဍအလိုက် အစီရင်ခံစာပြုစုတဲ့ တတိယအဖွဲ့အစည်း၊ လုပ်ငန်းရှင်တွေ ပိုမိုရှင်းလင်းစွာ ဆောင်ရွက်နိုင်ဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ နည်းပညာအကူအညီနဲ့ သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များ (အပြီးသတ်မူကြမ်း)၊ ရေအားလျှပ်စစ်ကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များ (အပြီးသတ်မူကြမ်း)၊ သတ္တုကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များ (မူကြမ်း)၊ ကျန်းမာရေးထိခိုက်မှုကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များ(မူကြမ်း)၊ အများပြည်သူပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်(မူကြမ်း)တွေကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။

ဒ့ါအပြင် သစ်တောတက္ကသိုလ်ကိုလည်း သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းပုံ ပြင်ဆင်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်တွေ သီးခြားသင်ကြားနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတကာနဲ့ ဆက်စပ်ဆောင်ရွက်ခဲ့မှုတွေ ရှိရင်လည်း သိပါရစေ။**

ဖြေ။ သတ္တုကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအနက် အရှေ့ဖျားအာရှနှင့် အရှေ့တောင်အာရှနိုင်ငံတွေရဲ့ ဘူမိသိပ္ပံဆိုင်ရာညှိနှိုင်းဆောင်ရွက်မှုကော်မတီ (Coordinating Committee for Geoscience Programme in East and Southeast Asia-CCOP)အဖွဲ့ဝင် နိုင်ငံအဖြစ် ၂၀၁၅ ခုနှစ်မှ စတင်ပါဝင်ခဲ့ပြီး CCOP ရဲ့ချိတ်ဆက်ထောက်ပံ့ပေးမှုနဲ့ ဘူမိသိပ္ပံဆိုင်ရာ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ နှီးနှောဖလှယ်ပွဲတွေကို အကြိမ်ပေါင်းများစွာ တက်ရောက်နိုင်ခဲ့ပါတယ်။

(၆၈)ကြိမ်မြောက် Steering Committee အစည်းအဝေးကို ၂၀၁၇ ခုနှစ် မတ်လမှာ အိမ်ရှင်နိုင်ငံအဖြစ်လက်ခံပြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ အာဆီယံဒေသအတွင်း ဓာတ်သတ္တုဆိုင်ရာလုပ်ငန်းတွေမှာ ဖွံ့ဖြိုးတိုးတက်မှုရှိလာစေဖို့၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့ ရည်ရွယ်ချက်နဲ့ (၁၄)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ အဆင့်မြင့် အရာရှိကြီးများ လုပ်ငန်းအဖွဲ့အစည်းအဝေး၊ 16th ASEAN Senior officials Meeting on Minerals (16th ASOMM)နဲ့ (၁၉) ကြိမ်မြောက် ASOMM + 3 Consultation (19th ASOMM+3) အစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍဝန်ကြီးအဆင့် အစည်းအဝေး (6th ASEAN Ministerial Meeting on Mineral-AMMin)တွေကို နှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံပြီးတော့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။



၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သော အရှေ့ဖျားအာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဘူမိသိပ္ပံဆိုင်ရာညှိနှိုင်းဆောင်ရွက်မှုကော်မတီ အလုပ်အမှုဆောင် အစည်းအဝေး ကျင်းပစဉ်။

**မေး။ မြန်မာနိုင်ငံရဲ့ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု(EITI)လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှုအခြေအနေကိုလည်း သိလိုပါတယ်။**

ဖြေ။ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှု ပွင့်လင်းမြင်သာရှိဖို့နဲ့ မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်မှာ EITI အဖွဲ့ဝင်လောင်းနိုင်ငံဖြစ်ခဲ့ပြီး တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် လမ်းညွှန်ကြီးကြပ်နိုင်ဖို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ EITI ဦးဆောင်ကော်မတီကို ပြည်ထောင်စုဝန်ကြီးအပါအဝင် အဖွဲ့ဝင်လေးဦးနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ လုပ်ငန်းကော်မတီနဲ့ အစိုးရ၊ ကုမ္ပဏီ၊ အရပ်ဘက်အဖွဲ့အစည်းတွေပါဝင်တဲ့ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ MSG ကို ဖွဲ့စည်းပြီးဆောင်ရွက်လျက်ရှိပါတယ်။


EITI ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှာ နိုင်ငံတကာ EITI Board အဖွဲ့သို့ တင်ပြခဲ့ပြီးနောက် တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် Board အဖွဲ့က အကဲဖြတ်နိုင်ဖို့ ၂၀၁၄-၂၀၁၅ နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တု၊ ကျောက်မျက်ကဏ္ဍဆိုင်ရာ အခွန်ဘဏ္ဍာအချက်အလက်တွေနဲ့အတူ ဒုတိယအကြိမ်နဲ့ တတိယအကြိမ်အစီရင်ခံစာကို ၂၀၁၈ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ နိုင်ငံတကာ EITI Board အဖွဲ့သို့ တင်ပြထားပြီး ဖြစ်ပါတယ်။ အစီရင်ခံစာထုတ်ပြန်တဲ့အပြင် EITI ရဲ့ အနှစ်သာရဖြစ်တဲ့ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်မှုကဏ္ဍ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာစေဖို့ အစီရင်ခံစာအပေါ် အခြေခံပြီး ပြုပြင်ပြောင်းလဲမှုတွေ (Report to Reform) ကိုလိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သတ္တုကဏ္ဍကို ကြည့်မယ်ဆိုရင် စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး အစရှိတဲ့ ဘက်ပေါင်းစုံကနေ ထည့်သွင်းစဉ်းစားပြီး ကမ္ဘာ့အဆင့်မီသတ္တုကဏ္ဍတစ်ခု ဖြစ်လာဖို့ အခက်အခဲတွေအများကြီးကို ကျော်ဖြတ်ရဦးမှာဖြစ်ပါတယ်။ ဥပမာပြောရရင် ရှာဖွေ၊ စမ်းသပ်တိုင်းတာခြင်းအနေနဲ့ သတ္တုတူးဖော်ခြင်းဆိုင်ရာ အချက်အလက်တွေကို အများပြည်သူ ပွင့်လင်းမြင်သာစွာသိရှိနိုင်ဖို့ တစ်နိုင်ငံလုံးမှာ ဓာတ်သတ္တုဖြစ်ထွန်းတည်ရှိမှုပြ မြေပုံများ (Mineral Occurrence Maps) နဲ့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တည်ရှိနေတဲ့ သတ္တုလုပ်ကွက်တွေကိုဖော်ပြတဲ့ ပထဝီဝင် သတင်းအချက်အလက်စနစ် (Mining Cadaster)ကို တည်ထောင်ထားရမှာဖြစ်ပါတယ်။

ကမ္ဘာ့အဆင့်မီ World Class သတ္တုတွင်းတစ်ခုဖြစ်ဖို့အတွက် ထုတ်လုပ်မှု၊ ဆင့်တက်ပြုပြင်မှု၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေး ဆောင်ရွက်မှု၊ စနစ်တကျမိုင်းပိတ်သိမ်းမှုတွေ ပါဝင်တဲ့ အစီအမံများလည်း လိုအပ်ပါတယ်။

ဒ့ါအပြင် သဘာဝသယံဇာတတွေ တူးဖော်ထုတ်လုပ်ရာကရရှိတဲ့ အခွန်ဘဏ္ဍာတွေ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအားလုံးအတွက် ထိရောက်ပြီး အကျိုးအမြတ်အများဆုံးရှိစေမယ့် အခွန်အကောက်စနစ်များ သတ်မှတ်ခြင်း၊ ကောက်ခံခြင်း (Fiscal Regime)ကို ကောင်းအောင်ဆောင်ရွက်ရပါမယ်။ လုပ်ငန်းများဆောင်ရွက်ရာမှာလည်း တာဝန်ခံမှု၊

အထူးကဏ္ဍ [ ဆ ] သို့ »»»


မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်၊ ကြက်စောင်းတောင်ဝန်းကျင်ဒေသနှင့် ၃ မိုင်ကန်သာဝန်းကျင်ဒေသတို့တွင် ဘူမိဗေဒကွင်းဆင်းအဖွဲ့က ဂရက်ဖိုက်စမ်းသပ်တိုင်းတာရေး လုပ်ငန်းဆောင်ရွက်နေစဉ်။


ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဇုန်ဒေသတွင် ထုံးကျောက်စမ်းသပ်တိုင်းတာရေး ဆောင်ရွက်နေစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

တာဝန်ယူမှုများနဲ့ အတူလုပ်ပိုင် ခွင့်တွေလည်း ခွဲဝေပေးရမှာဖြစ်ပါတယ်။ အထူးသဖြင့် ပြည်ထောင်စု၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ အကြား လုပ်ပိုင်ခွင့်တွေ ခွဲခြားသတ်မှတ် ပေးရပါမယ်။

သစ်တောကဏ္ဍနဲ့ပတ်သက်ပြီး လိုအပ်တဲ့ ထိန်းကျောင်းမှုတွေပြုလုပ်နိုင်ဖို့ ဥပဒေ၊ နည်းဥပဒေတွေကိုလည်း ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ လွှတ်တော်နှစ်ရပ်မှ ဥပဒေကြမ်းကော်မတီတွေနဲ့လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ သဘာဝသယံဇာတတွေ စီမံခန့်ခွဲရာမှာ အလေးထားဆောင်ရွက်ရမယ့် ကိစ္စရပ်တွေလည်း အားလုံးသိရှိအောင် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ သယံဇာတတွေ ထုတ်ယူသုံးစွဲတဲ့နေရာမှာ သယံဇာတဖြစ်ထွန်းတည်ရှိမှု အခြေအနေ၊ ရေရှည်ထုတ်ယူသုံးစွဲနိုင်ဖို့နဲ့ နိုင်ငံတကာဈေး အတက်အကျပေါ်မူတည်ပြီး စီမံခန့်ခွဲရတာ ဖြစ်တဲ့အတွက် သတိထားပြီး ချိန်ဆဆောင်ရွက်ရပါတယ်။

သဘာဝသယံဇာတတွေကို စီမံအုပ်ချုပ်ရာမှာ ပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တွေ ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေး EIA/ SIA/ IEE/ EMP စတဲ့ Impact Assessment Guideline တွေအပြင် အခြေခံသဘောထား မတူညီတဲ့ သဘာဝသယံဇာတထုတ်ယူသုံးစွဲမှုတွေကိုလည်း ထည့်သွင်းစဉ်းစားရပါတယ်။ ဥပမာအားဖြင့် သစ်တောကဏ္ဍမှာ စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်း၊ ခုတ်လှဲ၊ ထုတ်လုပ်၊ အချောထည် (processing)လုပ်၊ ဈေးကွက်ရှာဖွေ၊ innovation and research စတဲ့ လုပ်ငန်းစဉ်တွေ ပါသလို သတ္တုကဏ္ဍမှာလည်း ရှာဖွေ၊ စမ်းသပ်တိုင်းတာ၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာ၊ ထုတ်လုပ်၊ ဆင့်တက်ပြုပြင်၊ ဈေးကွက်ရှာဖွေ၊ မိုင်းပိတ်သိမ်းစတဲ့ လုပ်ငန်းစဉ်တွေရှိတဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ Supply Chain တစ်ခုလုံးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရပါတယ်။

ဒါ့အပြင် အခွန်အခခွဲဝေမှုအချိုးတွေနဲ့ ပတ်သက်ပြီးတော့လည်း နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံး အကျိုးစီးပွားရှိရေး (Maximum benefits in terms of ecosystem services, in terms cash income)ကို စဉ်းစားပြီး ဆောင်ရွက်လျက်ရှိကြောင်းနဲ့ အခြားတစ်ဖက်မှာလည်း မတူညီတဲ့ လုပ်ငန်းသဘော သဘာဝတွေအပေါ် ရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့လည်း ယုံကြည်စွာဖြင့် သင့်တင့်မျှတစွာ အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံပေးနိုင်ဖို့ကို နိုင်ငံတော်ရဲ့ မူဝါဒတွေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းဖြင့် ရေရှည်မှာ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံး အကျိုးအမြတ် ရရှိနိုင်မယ့် သဘာဝသယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစနစ်တစ်ရပ် ရရှိလာမှာဖြစ်ပါတယ်။

**ဦးခင်လတ်ကြီး၊ ညွှန်ကြားရေးမှူးချုပ် သတ္တုတွင်းဦးစီးဌာန**

သတ္တုကဏ္ဍအနေနဲ့ နှစ်နှစ်တာကာလ အတွင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က ထုတ်ပြန်ခဲ့တဲ့ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေနဲ့ လိုက်လျောညီထွေဖြစ်ပြီး သတ္တုတွင်းလုပ်ငန်းတွေ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြုစုရေးဆွဲခဲ့တဲ့ မြန်မာ့သတ္တုတွင်းနည်းဥပဒေ အသစ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။ နည်းဥပဒေအသစ်အရ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့တွေက ဆောင်ရွက်ခွင့်ရှိတဲ့ ဓာတ်သတ္တုအသေးစားနဲ့ လက်လုပ်လက်စား လုပ်ငန်းတွေကို စီမံခွင့်ပြုပေးနိုင်တော့မှာ ဖြစ်ပါတယ်။


ဟောင်ကောင်၌ (၄)ကြိမ်မြောက် နိုင်ငံတကာမြန်မာပုလဲပြပွဲ ကျင်းပစဉ်။

> ကျောက်မီးသွေး ရှာဖွေ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း အနေနဲ့ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ် ဒေသတွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်သတ္တုဖြစ်ထွန်းမှု လေ့လာရေး လုပ်ငန်းအနေနဲ့ မကွေးတိုင်း ဒေသကြီး စေတုတ္တရာမြို့နယ်နဲ့ ချင်းပြည်နယ် မင်းတပ်မြို့နယ် ပတ်ဝန်းကျင်ဒေသ တွေမှာ ဆောင်ရွက်ခဲ့ပါတယ်

ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ ၂၀၁၇ ခုနှစ် မေလကစတင်ပြီး ခွင့်ပြုမိန့်ထုတ်ပေးထားတဲ့ ဓာတ်သတ္တုလုပ်ကွက်တွေမှာ မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေတွေ၊ အမိန့်နဲ့ညွှန်ကြားချက်တွေကို လိုက်နာမှုရှိ၊ မရှိ စိစစ်နိုင်ဖို့နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အလေးအနက်ထားလုပ်ဆောင်ဖို့ လိုအပ်လာတဲ့အတွက် ပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့နဲ့ စီမံချက်ချမှတ်ပြီး စစ်ဆေးလျက်ရှိပါတယ်။ အခုအချိန်အထိ ဓာတ်သတ္တုလုပ်ကွက် ၄၃၈ ကွက်ကို စစ်ဆေးနိုင်ခဲ့ပြီး လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို ပြုပြင်ထိန်းကျောင်း တည့်မတ်ပေးနိုင်ခဲ့ပါတယ်။

**ဒေါက်တာ ရဲမြင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**

ဘူမိဗေဒမြေပုံရေးဆွဲရေးလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း၊ ချင်းပြည်နယ် ဖလမ်း၊ တီးတိန်၊ ဟားခါး၊ မင်းတပ်၊ မတူပီမြို့နယ်ဝန်းကျင်ဒေသတွေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်နဲ့ ရေဦးမြို့နယ် ဝန်းကျင်ဒေသတွေမှာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ကျောက်မီးသွေး ရှာဖွေ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း အနေနဲ့ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ်ဒေသတွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်သတ္တုဖြစ်ထွန်းမှု လေ့လာရေးလုပ်ငန်းအနေနဲ့ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်နဲ့ ချင်းပြည်နယ် မင်းတပ်မြို့နယ် ပတ်ဝန်းကျင်ဒေသတွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဂရက်ဖိုက်ရှာဖွေ စမ်းသပ်တိုင်းတာရေး လုပ်ငန်းအနေနဲ့ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်၊ ကြက်စောင်းတောင်ဝန်းကျင်မှာ ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဇုန်ဒေသမှာ ထုံးကျောက်အသေးစိတ် စမ်းသပ်တိုင်းတာရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပြီး ဘိလပ်မြေသုံး အရည်အသွေးမီ ထုံးကျောက်များတိုင်းတာဖော်ထုတ်လျက်ရှိပါတယ်။ ဘူမိဘေးအန္တရာယ်(Geohazard) လေ့လာမှုများအနေနဲ့ မြေလွှာကျွံကျမှု၊ မြေပြိုမှု၊ မြေလွှာအက်ကွဲခြင်းဖြစ်ပေါ်မှုကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်-သစ်စိမ့် ကုန်းဒေသနဲ့ ပုပ္ပားတောင်ကလပ်အနီးအောင် သိဒ္ဓိကုန်းတွေမှာ ဆောင်ရွက်ခဲ့ပြီး အန္တရာယ်ဇုန်တွေ ဖော်ထုတ်တိုင်းတာခဲ့ကြပါတယ်။

ဖင်လန်နိုင်ငံ ဘူမိဗေဒဌာန(GTK)၊ ကိုရီးယားသမ္မတနိုင်ငံ ဘူမိသိပ္ပံနဲ့ ဓာတ်သတ္တုသယံဇာတဆိုင်ရာဌာန (KIGAM)၊ ဂျပန်နိုင်ငံ International Cooperation Agency (JICA)၊ ထိုင်းနိုင်ငံ Department of Mineral Resources (DMR)၊ ဂျပန်နိုင်ငံ အခြေစိုက် International consortium on Landslide (ICL) အဖွဲ့၊ Japan Oil, Gas and Metals National Corporation (JOGMEC) စတဲ့ အဖွဲ့တွေနဲ့ ပူးပေါင်းပြီး လုပ်ငန်းများပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနဲ့ ရောင်းဝယ်ရေး လုပ်ငန်းမှာ နိုင်ငံပိုင် ကျွန်းစခန်းတစ်ခုနဲ့ ဖက်စပ်လုပ်ကိုင်လျက်ရှိတဲ့ ပြည်တွင်းကုမ္ပဏီ ခုနစ်ခု၊ ပြည်ပကုမ္ပဏီ လေးခု စုစုပေါင်း ပုလဲထုတ်လုပ်ရေးကျွန်းစခန်း ၁၂ ခု တို့မှာ တစ်နိုင်ငံလုံးအနေနဲ့ ပုလဲ ၃၃၄၀၀၀ မိုမိ ထုတ်လုပ်ဖို့ လျာထားဆောင်ရွက်ခဲ့ရာ ရရှိမှုမှာ ပုလဲ ၇၅၂၈၂၆ လုံး (၅၁၂၃၃၄ ဒသမ ၄၇) မိုမိ ဖြစ်တဲ့အတွက် လျာထားချက်ရဲ့ ၁၅၃ ဒသမ ၃၉ ရာခိုင်နှုန်းထိ ကျော်လွန် ထုတ်လုပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နိုင်ငံပိုင်ကျွန်းစခန်းတွေက ဖော်ထုတ်ရရှိတဲ့ ပုလဲတွေနဲ့ ဖက်စပ်ကုမ္ပဏီတွေက အချိုးကျခွဲဝေရရှိတဲ့ ပုလဲတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်တွင်းမှာ နှစ်ကြိမ်၊ ပြည်ပမှာ တစ်ကြိမ် ရောင်းချခဲ့ရာ ဌာနရဲ့ ရငွေ လျာထားချက် ကျပ်သန်း ၁၄၀၂၃ ဒသမ ၀၀၀ ဖြစ်သော်လည်း အမှန်တကယ်ရငွေမှာ ကျပ်သန်း ၁၆၁၂၁ ဒသမ ၆၇၃ ရရှိတဲ့အတွက် လျာထားချက်ရဲ့ ၁၁၄ ဒသမ ၉၇ ရာခိုင်နှုန်း တိုးမြှင့်ရရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း ပြည်တွင်းမှာ တစ်ကြိမ်၊ ပြည်ပမှာ နှစ်ကြိမ်ရောင်းချခဲ့ရာ ဌာနရဲ့ ရငွေလျာထားချက် ကျပ်သန်း ၁၁၅၈၂ ဒသမ ၀၀၀ ဖြစ်ပြီး အမှန်တကယ်ရငွေမှာ ကျပ်သန်း ၁၄၃၀၉ ရရှိခဲ့တဲ့အတွက် လျာထားချက်ရဲ့ ၁၂၃ ဒသမ ၅၅ ရာခိုင်နှုန်း တိုးမြှင့် ရရှိခဲ့ပါတယ်။

**ဒေါက်တာညီညီကျော်၊ ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန**

ကျွန်တော်တို့ ဌာနအနေနဲ့ နိုင်ငံရဲ့ သစ်တောသယံဇာတအရင်းအမြစ်တွေ ရေရှည်တည်တံ့ဖို့နဲ့ ထိန်းသိမ်းကာကွယ်နိုင်ဖို့အတွက် ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောတွေနဲ့ သဘာဝနယ်မြေတွေကို သိသိသာသာ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကနေ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ ၁၀ နှစ်စီမံချက်ရေးဆွဲပြီး နိုင်ငံတစ်ဝန်းလုံးမှာ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ ငါးနှစ် နှစ်ကြိမ်ဆောင်ရွက်မှာဖြစ်ပြီး ပထမနှစ်ဖြစ်တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ နိုင်ငံပိုင် စီးပွားရေး၊ ရေဝေရေလဲ၊ ဒီရေတောနဲ့ ကျေးရွာ ထင်းစိုက်ခင်းဧကပေါင်း ၂၂၆၅၇ ဧက၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၉၄၁၃၇ ဧက စတာတွေကို ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် ဓမ္မတာမျိုးဆက်ခြင်း၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ လူထု

အထူးကဏ္ဍ [ ၉ ] သို့ »»»


၂၀၁၇ ခုနှစ် သင်ပေါင်းဒေသတွင် ကျောက်မီးသွေးရှာဖွေရေးလုပ်ငန်းမှ လွန်တူးလုပ်ငန်း ဆောင်ရွက်နေစဉ်။


ကျောက်မျက်လုပ်ငန်းရှင်ကိုယ်စားလှယ်များ စားပွဲဝိုင်းဆွေးနွေးနေကြစဉ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

ဖြန့်ပျိုးပင်များ စိုက်ပျိုးခြင်း၊ စီးပွားရေးစိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေ တိုးချဲ့ဖွဲ့စည်းခြင်း ၁၅ ခု၊ ၅၆၁၀၉၅ ဧက တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၈ မိုးရာသီမှာ နိုင်ငံပိုင်စိုက်ခင်း စုစုပေါင်း ၂၇၀၂၇ ဧက ထပ်မံစိုက်ပျိုးဖို့အတွက် လုပ်ငန်းအဆင့်အလိုက် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းကာကွယ်တဲ့ လုပ်ငန်းတွေအနက် ဥယျာဉ်အုပ်ချုပ် လုပ်ကိုင်မှုစီမံချက်တွေ ရေးဆွဲဆောင်ရွက်တာ၊ မြန်မာနိုင်ငံဆင်ထိန်းသိမ်းရေးလုပ်ငန်း စီမံချက်ရေးဆွဲဆောင်ရွက်တာ၊ ကျားထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်တာ၊ မြန်မာ့ကြယ်လိပ်တွေထိန်းသိမ်းကာကွယ်တာ စတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ထူးခြားမှုအနေနဲ့ကတော့ အင်းတော်ကြီး၊ မိန်းမလှကျွန်းနဲ့ မုတ္တမပင်လယ်ကွေ့(မွန်ပြည်နယ်အပိုင်း)တွေကို ရမ်ဆာရေဝပ်ဒေသတွေအဖြစ် သတ်မှတ်ခံခဲ့ရတဲ့အပြင် အင်းတော်ကြီးကန်ဒေသကို လူသားနဲ့ဇီဝအဝန်းနယ်မြေ(MAB)အဖြစ် ကမ္ဘာ့အဆင့် သတ်မှတ်ခံရအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ဆောင်ရွက်ခြင်း အပိုင်းမှာလည်း ၁၉၉၅ ခုနှစ်ကနေ စတင်ဆောင်ရွက်လာတာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်အထိ ဧက သုံးသိန်းနီးပါး ဆောင်ရွက်နိုင်ခဲ့ပြီး အခုအစိုးရလက်ထက် နှစ်နှစ်တာကာလအတွင်းမှာ ဧက နှစ်သိန်းကျော် ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် စုစုပေါင်း ဧက ငါးသိန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွေ ဆောင်ရွက်မှုထဲမှာ ကမ္ဘာ့အဆင့် အသိအမှတ်ပြုခံခဲ့ရတာကတော့ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်မှာရှိတဲ့ ရိုးစုံကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောကို Energy Globe Foundation ကနေပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်ကနေ ၁၆ ရက်အထိ အီရန်နိုင်ငံ တီဟီရန်မြို့မှာကျင်းပတဲ့ (၁၈)ကြိမ်မြောက် Energy Globe Award ဆုပေးပွဲမှာ Energy Globe National Award ချီးမြှင့်ခံခဲ့ရတာဖြစ်ပါတယ်။ ရိုးစုံအစုအဖွဲ့ပိုင်သစ်တောဟာ အကျယ်အဝန်း ဧက ၅၅၀ ရှိပြီး ဧက ၇၀ ကို သဘာဝတောအဖြစ် ထိန်းသိမ်းထားပြီး ကျန် ဧက ၄၈၀ ကို ယာသီးနှံနဲ့ လျှော်ဖြူ(ဆေးကုလားမ)တို့ ရောနှောစိုက်ပျိုးထားတာဖြစ်ပါတယ်။

**ဦးလှမောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေနဲ့ နှစ်နှစ်တာကာလအတွင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကဏ္ဍအသီးသီးမှာ ပေါင်းစပ်နိုင်ဖို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်တစ်ခုကို တည်ထောင်နိုင်ခဲ့ပါတယ်။ အဲဒီအထဲမှာ အဓိကအားဖြင့်တော့ မူဝါဒပိုင်းဆိုင်ရာရေးဆွဲခြင်း၊ အဖွဲ့အစည်းပိုင်းကိုအင်အားဖြည့်တင်းခြင်း၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ငွေကြေးပိုင်းဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒီလုပ်ငန်းတွေကို အောင်မြင်မှုရှိ၊ မရှိ ကြီးကြပ်လိုက်နာစေခြင်းဆိုတဲ့ အပိုင်းခြောက်ပိုင်းနဲ့ လုပ်ဆောင်ခဲ့ပါတယ်။

မူဝါဒပိုင်းနဲ့ပတ်သက်လို့ အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒရေးဆွဲပြီးဖြစ်ပါတယ်။ မူဝါဒရဲ့ အဓိကရည်မှန်းချက်ကတော့ မြန်မာပြည်သူ ပြည်သားအားလုံး ချမ်းသာကြွယ်ဝပြီး ကျန်းမာဖို့အတွက် သန့်ရှင်းတဲ့ပတ်ဝန်းကျင်နဲ့ ကောင်းမွန်တဲ့ဂေဟစနစ်တွေကို တည်ထောင်ဖို့ဆိုတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ မျှော်မှန်းချက်ကို အဓိကဦးတည်ပြီးလုပ်ပါတယ်။ မြန်မာနိုင်ငံက ရာသီဥတုပြောင်းလဲမှုထိခိုက်လွယ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်နိုင်ဖို့အတွက် ရေရှည်မှာ အကောင်အထည်ဖော်နိုင်မယ့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ၂၀၃၀ မူဝါဒရည်မှန်းချက်ကိုချမှတ်ခဲ့ပါတယ်။ ၂၀၃၀ မှာ မြန်မာပြည်သူပြည်သားတွေ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေရှိပြီး ရာသီဥတုပြောင်းလဲမှုကိုလျော့ချနိုင်မယ့် လူ့အဖွဲ့အစည်း တစ်ရပ်ကို တည်ထောင်မယ်ဆိုတဲ့ ၂၀၃၀ ရည်မှန်းချက်ကို ချမှတ်ခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ မြို့ပြတွေ၊ စက်ရုံ၊ အလုပ်ရုံတွေ တိုးတက်လာတဲ့အခါမှာ စွန့်ပစ်ပစ္စည်းတွေ လျော့နည်းစေဖို့နဲ့ ပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်နိုင်ဖို့အတွက်လည်း တစ်နိုင်ငံလုံး အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ စိမ်းလန်းပြီး သန့်ရှင်းတဲ့ မြန်မာနိုင်ငံ တည်ထောင်ဖို့အတွက်ပဲဖြစ်ပါတယ်။

**ဦးဇော်ကိုကို၊ ပညာရှင်**

သတ္တုတွင်းနည်းဥပဒေကို ဒီထက်ပိုပြီးတော့ ခိုင်မာအောင်၊ လက်တွေ့အသုံးချနိုင်အောင် ဆောင်ရွက်ဖို့ လုပ်ထုံးလုပ်နည်းတွေ တိတိကျကျပြဋ္ဌာန်းဖို့ လိုအပ်မယ်လို့ မြင်ပါတယ်။ ဥပဒေ၊ နည်းဥပဒေအသစ်မှာ ဥပဒေက ၂၀၁၅ ဒီဇင်ဘာလမှာ ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေက ၂၀၁၈ ဖေဖော်ဝါရီလမှာ ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

သတ္တုဆိုတာဝေးလံခေါင်သီတဲ့ အရပ်ဒေသတွေမှာ ဖြစ်ထွန်းကြတော့ တရားဥပဒေစိုးမိုးမှုလည်းလိုအပ်မယ်။ အဲဒီအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေ ပူးပေါင်းဆောင်ရွက်ဖို့လိုမယ်။ သတ္တုရဲ့ သဘောသဘာဝအရ တောထဲတောင်ထဲမှာဖြစ်တော့ တရားမဝင်တူးဖော်မှုတွေကို ထိန်းသိမ်းကြပ်မတ်အရေးယူနိုင်ဖို့က အားနည်းနေသေးတယ်။ တရားမဝင်တူးဖော်မှုတွေကို ထိန်းသိမ်းနိုင်မှပဲ သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်လို့ အကြံပြုချင်ပါတယ်။ ဘူမိဗေဒ၊ ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအနေနဲ့က စမ်းသပ်တိုင်းတာရေးလုပ်ငန်းတွေကို ဥပဒေ၊ နည်းဥပဒေသစ်မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပြီးတော့ ဘယ်လုပ်ကွက်ကတော့ နိုင်ငံတော်အတွက် အရန်ထားမယ့်သတ္တုအမျိုးအစား၊ ပြည်ထောင်စုအစိုးရက လုပ်ပိုင်ခွင့်ပေးတဲ့ သတ္တုအမျိုးအစား၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေက လုပ်ပိုင်ခွင့်ရှိတဲ့ သတ္တုအမျိုးအစား စသည်ဖြင့် ဒါတွေကို ခွဲခြားသတ်မှတ်ဖို့အတွက် ဘူမိဗေဒ၊ သတ္တုရှာဖွေရေးဦးစီးဌာနက အများကြီးလုပ်ဆောင်ပေးရမယ်လို့ ကျွန်တော်မြင်ပါတယ်။

သဘာဝသယံဇာတတွေ ရေရှည်တည်တံ့ဖို့အတွက် အရေးကြီးဆုံးအချက်က သဘာဝသယံဇာတကဏ္ဍသည် ကျယ်ပြန့်လှတဲ့အပြင် ဘက်ပေါင်းစုံ ပါဝင်နေတဲ့အတွက် လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ အစိုးရဌာန၊ အဖွဲ့အစည်းတွေသာမက ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမှသာ ရေရှည်မှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး အားလုံးမျှော်မှန်းထားတဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာမှာဖြစ်တဲ့အတွက် အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ဖို့ အထူးလိုအပ်လှပါတယ်။


မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာအုပ်စု ပုပ္ပားတောင်ကလပ်အနီး အောင်သိဒ္ဓိကုန်းမြေအက်ကွဲကြောင်း ဖြစ်ပေါ်ခြင်းများအပေါ် ကွင်းဆင်းလေ့လာရေး ဆောင်ရွက်နေစဉ်။


တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် တောင်ကဟန်းချောင်းအတွင်း သတ္တုဖြစ်ထွန်းမှုလေ့လာရန် JOGMEC အဖွဲ့နှင့် ပူးပေါင်း၍ ချောင်းသဲနမူနာရယူနေစဉ်။